The **Commerce** Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 25, NO. 12 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 1, 2025




# အထူးဈေးကွက်ကောင်း ရရှိလာသည့် မြန်မာ့သစ်ခွ

စာမျက်နှာ - ၉

## မြန်မာ့ယဉ်ကျေးမှု ပန်းချီ သုခုမအနုပညာ


စာမျက်နှာ - 19 ➤

## တစ်ခေတ်ဆန်းသစ်လာမည့် ရောဝတီ ရေကြည်ပေါ်ဆန်း

စာမျက်နှာ - 22 ➤

## ရင်းနှီးမြှုပ်နှံသူများ အကာအကွယ်ပေးရေး ရန်ပုံငွေအဖွဲ့

စာမျက်နှာ - 25 ➤

# Advansia Advansia Agroscience Co., Ltd.

နိုင်ငံတကာ အရည်အသွေးနှင့် ကိုက်ညီ၍ ဈေးနှုန်းသင့်တော်သော
ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး နှင့် ရွက်ဖျန်းမြေဩဇာများကိုသာ တင်သွင်းဖြန့်ဖြူးပါသည်။



## သင့်တော်သောဈေးနှုန်း နိုင်ငံတကာအရည်အသွေးမှီဆေး

| ပိုးသတ်ဆေး | မှိုသတ်ဆေး | ပေါင်းသတ်ဆေး | အပင်အားဖြည့်ဆေး |
|---|---|---|---|
| အဆီတာ | အဘာဒို | အဘီမင်း | အက်ထရာ ရှ |
| အဘင့်ဇ် | အကော့ | အချော | အမီရာ |
| အဒဲလ် | အမိုလင် | အပီလင် | အေနာနို |
| အဒိုကာ | အမိုတော့ပ် | အရာတီ | မာတီဆတ် |
| အကာက်စ် | အရိုမို | အဟောလို | အေမီခရိုတာဘို |
| အကိုဆူ | အပီလီယို | အလီတာ | အေဗိဂို |
| အလိုဆာ | ချန်ပီယံ | အဘိုဇွန် | |
| အမီကို | မိုတိုပင် | | |
| အဆီကွန် | | | |
| အမြူရွန် | | | |
| အတာမစ် | | | |
| အလီဗီ | | | |

**Advansia Agroscience Company Limited.**

တိုက်အမှတ်(၅)၊ (၃)လွှာ၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ (စာတိုက်အမှတ် – ၁၁၀၅၁)၊ ရန်ကုန်မြို့။

Building No.(5), 3rd Floor, Parami Road, (16) Ward, Hlaing Township, (Postal Code : 11051) Yangon Division, Myanmar.

Tel : + 95 9 44643 2385 / Email : myanmar@advansia.com / Website : https://advansiaagroscience.com

Advansia Agroscience Myanmar    Advansia Agroscience Myanmar

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ မြန်မာနိုင်ငံ ဆေးဝါးနှင့် ဆေးအထောက်အကူပြုပစ္စည်းများ တင်သွင်းမှုမှသည် ထုတ်လုပ်မှုဆီသို့ ညှိနှိုင်းအစည်းအဝေးပွဲသို့ တက်ရောက်



မြန်မာနိုင်ငံ ဆေးဝါးနှင့် ဆေးအထောက်အကူပြုပစ္စည်းများ တင်သွင်းမှုမှသည် ထုတ်လုပ်မှုဆီသို့ ညှိနှိုင်း အစည်းအဝေးပွဲကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီ ရုံးအမှတ်(၃) နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တက်ရောက်အမှာ စကားပြောကြားခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အမှာစကား ပြောကြားရာတွင် ကျန်းမာရေးကဏ္ဍကို အထောက်အကူပြုနိုင်ရန်အတွက် ဆေးဝါးနှင့် ဆေးပစ္စည်းများ လုံလောက်စွာရရှိရေး၊ပြည်တွင်း၌ ဆေးဝါးနှင့် ဆေးရုံသုံး အထောက်အကူပစ္စည်းများ တိုးတက်ထုတ်လုပ်စေရေး၊ ဆေးဝါးကုန်ကြမ်း ထောက်ပံ့မှုနှင့် Supply Chain တည်ငြိမ်စေရေး၊ ဆေးဝါးများနှင့် ဆေးရုံသုံးပစ္စည်းများ အရေးပေါ် လိုအပ်ချက်ရှိပါက အလွယ်တကူရရှိစေရေးတို့ကို နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် အားပေးလျက်ရှိကြောင်း၊ ရောဂါရှာဖွေခြင်းနှင့် အဆင့်မီဆေးကုသမှု ခံနိုင်ရေးအတွက် ဆေးဝါးများနှင့် ခေတ်မီဆေးပစ္စည်း ကိရိယာများကို ကျန်းမာရေးဝန်ကြီးဌာန၏ ထောက်ခံချက်နှင့်အတူ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပြည်တွင်း ဆေးဝါးစက်ရုံများအတွက် လိုအပ်လျက်ရှိသော ကုန်ကြမ်းများကိုလည်း စက်ရုံ၏ ထုတ်လုပ်နိုင်စွမ်းကို အခြေခံပြီး တင်သွင်းနိုင်ရေး ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

စာရင်းများစိစစ်ချက်အရ ဆေးဝါးကုမ္ပဏီ ၇၉၆ ခု၊ ဆေးပစ္စည်း ကုမ္ပဏီ ၆၄၆ ခုရှိပြီး ကုမ္ပဏီများ၏ လျှောက်ထားပစ္စည်းများကို ဆေးရုံများနှင့် စျေးကွက်လိုအပ်ချက်အပေါ် မူတည်၍ ဦးစားပေးအနေဖြင့် ခွင့်ပြုပေးနေသော်လည်း စျေးကွက်အတွင်း၌ ဆေးဝါးစျေးနှုန်းများ ကျဆင်းလာခြင်း မရှိသေးသလို ဆေးပစ္စည်းလိုအပ်ချက်များကိုလည်း ကြားသိနေရကြောင်း၊ ပုံမှန်လိုင်စင်ခွင့်ပြုပေးနေသည့်တိုင် ကုမ္ပဏီအချို့၏ သွင်းကုန်ပစ္စည်းကိုထိန်းပြီး စျေးနှုန်းကစားလိုမှု၊ ရောက်ရှိပစ္စည်းကို စျေးကွက်အတွင်း ထိန်းကျောင်းဖြန့်ဖြူးမှုတို့ကြောင့် ခွင့်ပြုသည့်ဆေးဝါးများ စျေးကွက်အတွင်းသို့ ဝင်ရောက်လာမှု လျော့နည်းရခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ စျေးကွက်သဘောတရားအရ အရင်းအနှီးနှင့် စွမ်းဆောင်ရည်မြင့်မားသည့် ကုမ္ပဏီကြီးများအနေဖြင့် စျေးကွက်ကို လွှမ်းမိုးသည့်အခြေ အနေ (Dominant Postion) ကို ပိုင်ဆိုင်နိုင်ကြကြောင်း၊ သို့ရာတွင် စျေးကွက်လွှမ်းမိုးထားသည့် အခြေအနေကို အသာစီးရယူပြီး ဆေးပစ္စည်းများ သိုလှောင်ထိန်းသိမ်းကာ စျေးကွက်ကို မကစားကြရန်၊ စျေးနှုန်းထိန်းချုပ်ခြင်း မပြုလုပ်ကြရန်၊ အခြား ပြိုင်ဘက် ကုမ္ပဏီများအား လုပ်ကိုင်နိုင်စွမ်းမရှိအောင် မပြုလုပ်ကြရန် အသိပေးပြောကြားလိုကြောင်း၊ ဆေးပစ္စည်းရောင်းချခြင်းသည် ပရဟိတဆန်သော စီးပွားရေးလုပ်ငန်းတစ်ခုလည်းဖြစ်ကြောင်း၊ ကုမ္ပဏီတစ်ခုနှင့်တစ်ခု ထိန်းကျောင်းပြီး ပြည်သူ့လူမှုဘဝ တိုးတက်စေရေးကို မေတ္တာထားကာ ကုမ္ပဏီအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ပြည်တွင်းဆေးဝါးစက်ရုံများအနေဖြင့် ပြည်တွင်း၌ ဆေးအမျိုးအစား ယခုထက်ပိုမို၍ စုံလင်ပြီး ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် နိုင်ငံခြားငွေအသုံးပြုမှု လျော့ကျသွားမည် ဖြစ်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်ထုတ်လုပ်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်အတွက်သာမက ပြည်သူများ၏ ကျန်းမာရေးကဏ္ဍကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်ပြီး Win-Win-Win (Triple Win) ကို ရရှိစေမည်ဖြစ်ကြောင်း၊ ပြည်တွင်းတွင် ဆေးဝါးအမယ်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့် ကုန်ကြမ်းနှင့် စက်ပစ္စည်းများအား တင်သွင်းနိုင်ရန် သက်ဆိုင်ရာဌာနများက ဌာနအလိုက် ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုအပ်သည့် ပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ယနေ့ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အသင်းနှစ်သင်းမှ ကိုယ်စားလှယ်များအနေဖြင့် အမြင်ချင်းဖလှယ်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် မှာကြားခဲ့သည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းတို့က ပြည်သူများသို့ ဝန်ဆောင်မှုပေးနေမှု အခြေအနေ၊ ဆေးဝါးထောက်ပံ့ပေးနိုင်မှုနှင့် ဆေးဝါးပစ္စည်းများ တင်သွင်းပေးနိုင်မှု အခြေအနေများအား ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ထုတ်လုပ်သူများအသင်းတို့မှတာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းဆွေးနွေးကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များအား ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများ စုစုပေါင်း ၁၁၁ ဦး တက်ရောက်ကြကြောင်း သိရသည်။

**MOC (IR)**

## ကောက်ညှင်း ဈေးကောင်းရ၍ တိုးချဲ့စိုက်ပျိုးလာ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း စပါးစိုက်ပျိုးလျက်ရှိသော တောင်သူများမှာ ကောက်ညှင်းစပါးကို ထည့်သွင်းစိုက်ပျိုးလျက်ရှိသည်။ ၂၀၂၄ ခုနှစ်မှစတင်၍ ကောက်ညှင်းဈေးနှုန်းမှာ ဈေးကောင်းရရှိသည့်အတွက် ယခုနှစ်တွင်လည်း ကောက်ညှင်းကို တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

၂၀၂၄ ခုနှစ်တွင် မိုးကောက်ညှင်းစပါးဈေးကွက်မှာ စတင် ဝင်ရောက်ချိန်ဖြစ်သည့် အောက်တိုဘာလတွင် ကောက်ညှင်းစပါး တင်း ၁၀၀ လျှင် ကျပ် ၄၅ သိန်းဝန်းကျင်ဈေးနှုန်းရရှိပြီး နိုဝင်ဘာလကုန် ကောက်ညှင်းရာသီပြီးဆုံးသွားချိန်တွင် ကျပ်သိန်း ၃၀ ခန့် ဈေးနှုန်းရရှိခဲ့သည်။ မိုးကောက်ညှင်းစပါး တစ်ဧကကုန်ကျစရိတ် ကျပ် ရှစ်သိန်းဝန်းကျင်ရှိ၍ ကောက်ညှင်းမှာ တစ်ဧကလျှင် တင်း ၅၀ မှ ၇၀ အတွင်းထွက်ရှိပြီး တစ်ဧကလျှင် ကျပ် ခုနစ်သိန်းမှ ၁၅ သိန်းဝန်းကျင် အကျိုးအမြတ်ရရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် မိုးကောက်ညှင်းစပါး ဈေးကွက်ဝင်ရောက်လာသည့် အောက်တိုဘာလ ကောက်ညှင်းစပါးဈေးနှုန်းမှာ တင်း ၁၀၀ လျှင် ကျပ် ၃၈ သိန်းဝန်းကျင်ရရှိပြီး နိုဝင်ဘာလ နောက်ဆုံးပတ် ဈေးနှုန်းမှာ ကျပ် ၂၆-၂၇ သိန်း ဈေးနှုန်းရရှိခဲ့သည်။ ယခုလက်ရှိ ဈေးနှုန်းအနေဖြင့် ကောက်ညှင်းစပါး တစ်ဧကကို ကျပ်ငါးသိန်းမှ ၁၁ သိန်းဝန်းကျင် အကျိုးအမြတ်ရရှိသည်။

ပုသိမ်မြို့နယ်တွင် စိုက်ပျိုးလျက်ရှိသော ကောက်ညှင်း အမျိုးအစားများမှာ မော်ဘီကောက်ညှင်း၊ လာအိုကောက်ညှင်း၊ ကောက်ညှင်းအရင်၊ ကောက်ညှင်းအသွယ်မျိုးတို့ကို အဓိကစိုက်ပျိုးလျက်ရှိပြီး မြန်မာလူမျိုးတို့ နှစ်ခြိုက်စွာ စားသုံးနေသော မုန့်ပဲသရေစာအများစုတွင် မပါမဖြစ် ပါဝင်နေသော ကောက်ညှင်းကို ယခု ဆောင်းစပါးရာသီတွင် ပုသိမ်မြို့နယ်အတွင်းရှိ ကြက်ပေါင်၊ စာဖြူစု၊ ရေမနေ၊ ရေအိုးစင်၊ တလိုင်းချောင်းကုန်း၊ ဥတို၊ ဆယ်ပင်ကြီး၊ ဆယ်ပင်လေး၊ ခရမ်းငူကျေးရွာနှင့် အခြားကျေးရွာများတွင်လည်း တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ဧရာမြေ (ပုသိမ်)**

Commerce

**အတိုင်ပင်ခံစာတည်း**

သောင်းနိုင်

နီနီကျော်

ဟန်ဝင်းကျော်

**စာတည်းမှူးချုပ်**

သန့်စင်မင်း

**တာဝန်ခံစာတည်း**

စိန်သံ

**စာတည်းအဖွဲ့**

ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**

ဖြူဖြူဝင်း

**လက်ထောက်စာတည်း**

ယဉ်ယဉ်အေး

**သတင်းထောက်များ**

ရဲမင်းသာ (မကွေး)

သဇင် (မအူပင်)

ကျော်နိုင် (မြိတ်)

မောင်မောင်မြတ်ခိုင် (ဖျာပုံ)

ခင်ဆွေဝင်း(ပြည်)၊

ဝေဝေမင်း(ပြည်)

မင်းမင်းဦး(ပုသိမ်)

မြင့်မြင့်သန်း(ပခုက္ကူ)

သင်းသင်းအေး (မုံရွာ)

မျိုးဝင်းသန့် (မုံရွာ)

ခင်ကြည် (မွန်)

စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**

အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**

ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**

ဦးမျိုးမင်း (၀၀၉၇၇)

အမှတ်-၂၂၈/၂၄၀၊

ကမ်းနားလမ်း၊

ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**

အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**

အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**

CJ Design Group

**ပုံနှိပ်သူ**

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**

commercejournal.editor@gmail.com



THE CENTRAL
LUXURY, PERFECTED
where every detail defines distinction
THE PARK
LUXURY, PERFECTED
where every detail defines distinction
ENQUIRY HOTLINE
+959 767 994 387
GALLERY SHOWROOM
No.7-8, Kabar Aye Pagoda Road,
Yankin Township, Yangon, Myanmar.




RECEIVING AREA
OUR SERVICES
• Import / Export Cargo Warehouse
• Cold storage
• Valuable room
• Dangerous good room
• Radio active material room
• Forklift services
• Cargo tow tractor
AIR CARGO
TERMINAL
AM express
EXPRESS DELIVERY SERVICES
DELIVERY
Get your packages delivered swiftly and securely with our Express Delivery Services—fast, reliable, and always on time.
+959444742900
info.amexpress@asiamegalink.com
- No.(39-40) Ground Floor, Bogyoke Aung San Road, Bahosi Development, Lanmadaw Township, Yangon.
- 101/2miles, Pyay road, In front of middle education school no(9),Insein Township, Yangon.
-No.77,73th Street, Bet 35th & 36th Street, SaKyarNweSin Qtr, MaHarAungMyay Township,Mandalay.
No.9, Middle Hight School Insein,and the roaside of Yangon. Pyay Highway in Mingalardon Township, Yangon, Myanmar
01-7640299



Performance
Lubricants
LUBRICANTS
RAMCO
MG
HAWK
Ultra
Power
AYE NANDAR MYANMAR
Distribution Company Limited
ayedistributionnmm@gmail.com
09791168971, 09402790897
No(346), Sanpya(2) Street, Thingangyun Township, Yangon
09421122085, 09693245402
No(15), 2Stories Building, Ywar Daw Mingalar Market, Pobbathiri Tsp




လူကြီးမင်း
CELL PHONE VILLA
since 2006
"ယုံကြည်မှုနှင့်
ထပ်တူရှိနေမှာ

# ကင်းမွန်ပို့ကုန်မှ ပြည်ပဝင်ငွေ တိုးတက်ရရှိစေရေး ဆောင်ရွက်လျက်ရှိသည့် တနင်္သာရီ



မိုးသီသီ(မြိတ်)

တနင်္သာရီတိုင်းဒေသကြီးသည် ကမ်းရိုးတန်းဒေသတစ်ခုဖြစ်ပြီး ကမ်းရိုးတန်းအရှည်မှာ ၁၂၀၀ ကီလိုမီတာ ရှည်လျား၍ ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် မြစ်များ၊ချောင်းများ အလွန်များပြားသည့်အလျောက် ဒီရေရောက်တောများ၊ ရေချိုရေငန်စပ်ရေပြင်များ၊ ရေသယံဇာတများ ပေါများကြွယ်ဝသည့် တိုင်းတစ်တိုင်းဖြစ်သည်။ ငါး၊ ပုစွန်၊ အအေးခန်းစက်ရုံများ၊ ငါးမှုန့်ကြိတ်စက်ရုံများ၊ ငါး၊ ပုစွန်၊ ကဏန်းပျော့ မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများနှင့် ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများမှ ရေထွက်ပစ္စည်းများ ထုတ်လုပ်၍ ပြည်တွင်းစားသုံးရန်သာမက နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ ရောင်းချသည်အထိ ဆောင်ရွက်လျက်ရှိသည်။

ယခင်က ငါး၊ ပုစွန်၊ ကင်းမွန်၊ ကဏန်း၊ ရေဘဝဲ၊ ပင်လယ်ရေမှော်၊ ပင်လယ်ပျော့ စသည့် ရေသယံဇာတများကို စားနပ်ရိက္ခာအဖြစ်ထုတ်ယူသုံးစွဲခဲ့ရာ ကမ္ဘာ့လူဦးရေ တိုးပွားလာမှုကြောင့် ပင်လယ်ရေထွက်ပစ္စည်းများ၏ လိုအပ်ချက်မှာလည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ရေထွက်ပစ္စည်းအမယ်တစ်မျိုးဖြစ်သည့် ကင်းမွန် (ပြည်ကြီးငါး)သည်လည်း တနင်္သာရီတိုင်းဒေသကြီးတွင်ပေါများ၍ စီးပွားရေးအရ ပြည်ပဈေးကွက်သို့ အခြောက်ခံစနစ်ဖြင့် လည်းကောင်း၊ ရေခဲရိုက် စနစ်ဖြင့်လည်းကောင်း အေးခဲစနစ်ဖြင့် လည်းကောင်း၊ ရန်ကုန်၊ မန္တလေးမြို့များသို့ လည်းကောင်း၊ မြိတ်၊ ရန်ကုန်၊ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချကြသည်။

ကင်းမွန်များသည် စူးရှတောက်ပသည့် အလင်းရောင်ကို ကြိုက်၍ အစုအဖွဲ့အလိုက်သွားလာ လှုပ်ရှားမှုရှိပြီး ရေပေါ်လွှာနှင့် ရေလယ်လွှာတို့တွင် နေထိုင်ကျက်စားသည့် အမျိုးအစားဖြစ်ပြီး၊ ဇာတ်တူသားအချင်းချင်းစားသည့် အမျိုးအစားဖြစ်သည်။ မြိတ်ဒေသတွင် ဖမ်းဆီးရမိသည့်ကင်းမွန်အရွယ်အစားမှာ ၁ လက်မအရွယ်မှ ၁၀ လက်မအရွယ်ခန့်ရှိပြီး ၁ လက်မမှ ၆ လက်မအရွယ်ထိ ဖမ်းဆီးရမိမှု များပြားကြောင်း သိရှိရသည်။

ကုမ္ပဏီများ၊ အအေးခန်းစက်ရုံများမှ ဆိုဒ် ၄ လက်မအထက် ကင်းမွန်များကို ဦးစားပေးဝယ်ယူကြသည်။ ကင်းမွန်များကို အောက်တိုဘာလမှ စတင်ဖမ်းဆီးကြပြီး နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့တွင် ရာသီဥတုကောင်းမွန်၍ပိုရရှိသည်။ မြိတ်ဒေသတွင် ကမ်းနီးကင်းမွန် ဖမ်းဆီးလှေ ၁၃၀ ခန့်ရှိ၍ ကင်းမွန်ကုန်ကြမ်းရရှိမှု အနေအထားကောင်းမွန်ကြောင်း သိရှိရသည်။ မြိတ်ဒေသအတွင်း ဖမ်းဆီးရရှိသည့် အရွယ်အစားဆိုဒ်အလိုက် ကင်းမွန်ဈေးနှုန်း ကွဲပြားသည်။

ကင်းမွန်များကို ငါးမျှားချိတ်ဖြင့်ဖမ်းဆီးခြင်း၊ ဒယဉ်ဆွဲပိုက်ဖြင့် ဖမ်းဆီးခြင်း၊ ဝိုင်းချုပ်ပိုက်ဖြင့်မီးထွန်းမြှူဆွယ်၍ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းကွက်များတွင် ဖမ်းဆီးကြသည်။ ကင်းမွန်များကို ဖမ်းဆီးသည့်ကာလမှာ သီတင်းကျွတ်လမှ တန်ခူးလ အောက်တိုဘာလမှ ဧပြီလအထိ များသောအားဖြင့် ဖမ်းဆီးကြသည်။နေ့ဘက်နှင့်ညဘက်၊ လသာ၊ လပြည့်ညများတွင် အလင်းရောင်စုစည်းမှုမရှိဘဲ ပြန့်ကျဲနေသဖြင့်ကင်းမွန်ဖမ်းဆီးရမိမှု နည်းပါး၍ တွက်ချေမကိုက်ဖြစ်တတ်သည်။ ကင်းမွန်အများအပြား မီးထွန်း၍ စုစည်းဖမ်းဆီးနိုင်မည့် လရောင်နည်းပါးသည့် လမိုက်ညများတွင် ပိုမိုဖမ်းဆီးကြပြီး တစ်လလျှင် ၁၈ ရက်ခန့် လုပ်ကိုင်ကြသည်။ ဖမ်းဆီးရမိသော ကင်းမွန်များအား အရွယ်အစားအလိုက် ရွေးချယ်၍ ပလတ်စတစ်ဗန်းတွင်ထည့်ပြီး ဗန်းပေါ်တွင် ပလတ်စတစ်အုပ်၍ ရေခဲကတ်အတွင်း (သို့မဟုတ်) ရေခဲပုံးအတွင်း ထည့်၍ ရေခဲရိုက် သိမ်းဆည်းသည်။

> ရေထွက်ပစ္စည်းအမယ် တစ်မျိုးဖြစ်သည့် ကင်းမွန်(ပြည်ကြီးငါး) သည်လည်း တနင်္သာရီတိုင်းဒေသကြီးတွင် ပေါများ၍ စီးပွားရေးအရ ပြည်ပဈေးကွက်သို့ အခြောက်ခံ စနစ်ဖြင့် လည်းကောင်း၊ ရေခဲရိုက်စနစ်ဖြင့် လည်းကောင်း အေးခဲစနစ်ဖြင့် လည်းကောင်း၊ ရန်ကုန်၊ မန္တလေးမြို့များသို့ လည်းကောင်း၊ မြိတ်၊ ရန်ကုန်၊ မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချကြသည်။

ကင်းမွန်ဖမ်းဆီးရရှိမှုအပေါ် မူတည်၍ ဖမ်းဆီးလျက် သုံးရက်မှ ခုနစ်ရက်အတွင်း ဖမ်းဆီးရမိသည့် ကင်းမွန်များအား ဈေးကွက်ရှိရာ မြိတ်မြို့ပေါ်ရှိအအေးခန်းများ၊ ကုမ္ပဏီများနှင့် ဈေးကြီးများသို့ လာရောက်ရောင်းချကြသည်။ ကမ်းနီးကင်းမွန်ဖမ်းလှေတစ်ခေါက်၏ ပျမ်းမျှ ကုန်ကျစရိတ်မှာ ရေလုပ်သား ၁၇ ဦး လစာ ဒီဇယ်ဆီ၊ ရေခဲ၊ ရိက္ခာအစို၊ အခြောက် အပါအဝင် ကျပ် ၃၀၀၀၀၀၀၀ ခန့် ကုန်ကျ၍ တစ်လတစ်ခေါက်တွင် တစ်ခါတစ်ရံ ကင်းမွန်ထိမိနည်းပါးပါက ရှုံးပြီး ထိမိများပါက စရိတ်နုတ်ပြီး ကျပ် ၂၀၀၀၀၀၀၀ မှ ကျပ် ၂၅၀၀၀၀၀၀ အထိ အကျိုးအမြတ်ရရှိသည်။

ကင်းမွန်များကို မြိတ်မီးပြတိုက်အနီးရှိ သစ်ယာတောင်၊ သမီးလှ ကျွန်း အနောက်၊ လေးကျွန်း၊ ဇလိုင်းကျွန်း၊ ဗကာ့ဒွေးကျွန်း၊ လင်း လွန်းကျွန်း၊ ညောင်ဝိုင်းကျွန်း၊ မီးစိမ်းကျွန်း၊ ဒုံးကျွန်း၊ ကွမ်းသီး ကျွန်း၊ စူဠာကျွန်း၊ ပြင်စဘုကျွန်းအနောက်ဘက်၊ သဘောဘုတ်ကျွန်း၊ ကျောက်ငါးကုန်း စသည့်နေရာများတွင် ဖမ်းဆီးကြသည်။

သို့ဖြစ်ပါ၍ ရေရှည်စဉ်ဆက်မပြတ် ဖမ်းဆီး ထုတ်လုပ်နိုင်ရေးအတွက် ကင်းမွန်ငယ်များလွတ်ထွက်နိုင်သည့် ပိုက်အိတ်သည် ပိုက်ကွက်တစ်လက်မ ထားခြင်း၊ ဒယဉ်ဆွဲ ငါးဖမ်းပိုက်ဖြင့် ဖမ်းဆီးပါက ကင်းမွန်သေးများ လွတ်ထွက်နိုင်သည့် ကိရိယာများတပ်ဆင်သင့်ခြင်း၊ ကင်းမွန်းများ သားပေါက်ရာသီကို စနစ်တကျသတ်မှတ်လိုက်နာပေးခြင်းဖြင့် ကင်းမွန်မျိုးသုဉ်းမှုမှ ကာကွယ်နိုင်ပါသည်။

ရေလုပ်သားများလည်း ရေရှည်အလုပ်အကိုင် အခွင့်အလမ်းတည်တံ့စေပြီး ပြည်ပနိုင်ငံများသို့ ပို့ကုန်တစ်ခုအဖြစ်တင်ပို့ပြီး နိုင်ငံတော်အတွက် ပြည်ပဝင်ငွေ ရှာဖွေပေးနိုင်သောလုပ်ငန်းတစ်ခုဖြစ်ကြောင်း ရည်ရွယ်၍ ရေးသားလိုက်ရပါသည်။

## ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်းတစ်တန် ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက် တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲတစ်တန် ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၅၇၀၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၇၆၀၀၀၀ သို့လည်းကောင်း၊ ပဲစင်းငုံတစ်တန် ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၉၄၂၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၅၅၁၀၀၀ သို့လည်းကောင်း ပဲလွမ်းဖြူ တစ်တန်ဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၉၆၀၉၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၆၀၂၇၀၀ သို့ လည်းကောင်း အသီးသီးဈေးကျဆင်းသွားပြီး ပဲတီစိမ်းအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၇၆၈၀၀၀ ရှိရာမှ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၃၈၀၄၀၀ သို့ ဈေးမြင့်တက်သွားသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ နိုင်ငံခြားကုန်သွယ်မှုအထွေထွေညွှန်ကြားမှုဦးစီးဌာနက ပဲစင်းငုံနှင့် မတ်ပဲကို လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒကို ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ သက်တမ်းတိုး လိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲအတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် ပဲစင်းငုံ နှင့် မတ်ပဲအား စီးပွားဖြစ်ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဇာစ်မြစ်။ ။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင်၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ခုနှစ် တို့၏ နိုဝင်ဘာ ၂၇ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူ နှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**

၂၇.၁၁.၂၀၂၅


ဘုရင့်နောင်ကုန်စည်ဒိုင်တွင်၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲစင်းငုံ | ပဲတီစိမ်း | ပဲလွမ်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၄ (နိုဝင်ဘာလ) | ၃၅၇၀၀၀၀ | ၃၉၄၂၀၀၀ | ၂၇၆၈၀၀၀ | ၂၉၆၀၉၀၀ |
| ၂ | ၂၀၂၅ (နိုဝင်ဘာလ) | ၂၇၆၀၀၀၀ | ၂၅၅၁၀၀၀ | ၃၃၈၀၄၀၀ | ၂၆၀၂၇၀၀ |

ဇစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ် တို့၏ နိုဝင်ဘာလ ၂၇ ရက်နေ့တွင်ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ



# ဆောင်းပဲများ ဈေးကောင်းရရန် မျှော်မှန်း

**မတ်ပဲ**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ မြစ်သားမြို့နယ်တွင် ပဲမျိုးစုံသီးနှံဖြစ်သည့် တိုင်ထောင်ပဲ၊ ပဲယဉ်း၊ ပဲကြီး၊ ကုလားပဲ၊ ပဲစင်းငုံ၊ မတ်ပဲ၊ ထောပတ်ပဲ သီးနှံများကို စိုက်ပျိုးကြသည်။ အောက်တိုဘာလဆန်းမှစတင်၍ မတ်ပဲသီးနှံများ စတင်စိုက်ပျိုးလျက်ရှိရာ အများဆုံးစိုက်ပျိုးသော ရွာများမှာ ပခမ်း၊ ခင်လည်၊ မိုးကောင်း၊ ရိုးကန်၊ ရစ်ကန်၊ တောင်တွင်းနှင့် တောင်ခြေကုန်းရွာ များတွင် အများဆုံးစိုက်ပျိုးကြသည်။ စိုက်ပျိုးပြီး လေးလအကြာတွင် ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲစိုက်ပျိုးရာတွင် မျိုးအနေဖြင့် ခြောက်ပြည်ခန့် ကုန်ကျကြောင်း၊ တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ကျပ် ၅၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ မတ်ပဲသီးနှံကို ထယ်ထိုးပြီး မျိုးစေ့ပတ်၊ ထယ်ဖုံးစနစ်ဖြင့် စိုက်ပျိုးကြောင်းသိရသည်။ ယခင်နှစ် မတ်ပဲဈေးနှုန်းမှာ တစ်တင်း လျှင် ကျပ် ၈၀၀၀၀ ဖြစ်ပြီး ကုန်ကျစရိတ်နုတ်ပြီးပါက ကျပ် ၆၅၀၀၀၀ မြတ်ကြောင်း သိရသည်။

နိုဝင်ဘာလစတုတ္ထပတ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၁၁၂၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**ထောပတ်ပဲ**

ထောပတ်ပဲစိုက်ပျိုးရာတွင် မျိုးအနေဖြင့် ၄-၅ ပြည်ခန့် ကုန်ကျကြောင်း၊ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ကျပ် ၂၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ထောပတ်ပဲသီးနှံကို ထယ်ထိုးပြီး မျိုးစေ့ပတ်၊ ထယ်ဖုံးစနစ်ဖြင့် စိုက်ပျိုးကြောင်း သိရသည်။ အများဆုံး စိုက်ပျိုးသောမျိုးများမှာ ပင်ထောင်မျိုးနှင့် ပင်ပြန့်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ယခင်နှစ် ထောပတ် ပဲပေါ်ချိန်တွင် အထွက်နှုန်းအနေဖြင့် ၁၀-၁၂ တင်း ထွက်ရှိခဲ့ကြောင်း၊ ယခင်နှစ် ထောပတ်ပဲဈေးနှုန်းအနေဖြင့် တစ်တင်းလျှင်ကျပ် ၉၀၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြောင်း၊ ကုန်ကျစရိတ်နုတ်ပြီးပါက ကျပ် ၇၀၀၀၀၀ ခန့် မြတ်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလစတုတ္ထပတ်တွင် ထောပတ်ပဲပေါက်ဈေးအနေဖြင့် တစ်တင်းလျှင် ကျပ် ၆၄၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

**ပဲယဉ်း**

ပဲယဉ်းစိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှစ်ပြည်ခန့် ကုန်ကျကြောင်း၊ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ကျပ် ၁၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ပဲယဉ်းသီးနှံကို ထယ်ထိုးပြီး မျိုးစေ့ပတ်၊ ထယ်ဖုံးစနစ်ဖြင့် စိုက်ပျိုးကြောင်း သိရသည်။ စိုက်ပျိုးသောမျိုးများမှာ ပဲယဉ်းကြီးမျိုးနှင့် ပဲယဉ်းသေးမျိုးများကိုသာ စိုက်ပျိုးကြကြောင်း၊ ယခင်နှစ် ပဲယဉ်းပေါ်ချိန်တွင် အထွက်နှုန်းအနေဖြင့် ၂၅-၃၀ တင်း ထွက်ရှိခဲ့ကြောင်း၊ ယခင်နှစ် ပဲယဉ်းဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ကျပ် ၄၅၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြောင်း၊ ကုန်ကျစရိတ် နုတ်ပြီးပါက ကျပ် ၉၇၅၀၀၀ ခန့် မြတ်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာစတုတ္ထပတ်တွင် ပဲယဉ်းပေါက်ဈေးအနေဖြင့် တစ်တင်းလျှင် ကျပ် ၈၃၀၀၀ ခန့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

ဖော်ပြပါပဲဈေးနှုန်းများဖြင့် လက်ကျန်ပဲများကိုသာ ရောင်းဝယ်လျက်ရှိပြီး ဆောင်းပဲသီနှံများပေါ်ချိန်တွင် ဈေးကောင်းရရန် တောင်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**မော်မော်အောင်**
**(MDYDOCA)**

# နိုဝင်ဘာလ စတုတ္ထပတ်အတွင်း ပခုက္ကူပဲဈေးကွက် အခြေအနေ

**ပဲစင်းငုံ**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူဈေးကွက်၌ နိုဝင်ဘာလ စတုတ္ထပတ်တွင် ပဲစင်းငုံသီးနှံများ ဈေးကျနေကြောင်း သိရှိရသည်။ ၂၀၂၅ ခုနှစ် သီးနှံပေါ်စဇန်နဝါရီလတွင် တစ်တင်းလျှင် ကျပ် ၁၂၆၅၀၀-၁၂၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး နိုဝင်ဘာလ ပထမပတ်တွင် တစ်တင်းလျှင် ကျပ် ၈၁၄၀၀၊ နိုဝင်ဘာလ စတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၇၉၆၀၀ သို့ဈေးကျသွားသည်။တစ်ရက်လျှင် ပဲစင်းငုံနီ ပိဿာ ၃၀ ဝင်အိတ် ၅၀-၂၀၀ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**မတ်ပဲ**

မတ်ပဲဈေးနှုန်းမှာ နိုဝင်ဘာလ စတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၇၅၀၀၀ ဈေးရှိပြီး နိုဝင်ဘာလ ဒုတိယပတ်တွင် တစ်တင်းလျှင် ကျပ် ၇၄၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍တစ်တင်းလျှင် ကျပ် ၅၀၀ ခန့် ဈေးနှုန်းမြင့်တက်လာကြောင်း သိရှိရသည်။ မတ်ပဲသီးနှံသည် ပြည်တွင်းစားသုံးမှုနည်းသော်လည်း ပြည်ပနိုင်ငံများမှ ဝယ်လိုအားကောင်းသော သီးနှံတစ်မျိုးဖြစ်၍ ဈေးကွက်ခိုင်မာမှုရှိကြောင်း၊ ပြည်ပဈေးကွက်အပေါ် မူတည်၍ ဈေးနှုန်းအနိမ့်အမြင့်ရှိကြောင်း ပဲဈေးကွက်မှ သိရှိရသည်။

**ကုလားပဲ**

၂၀၂၅ခုနှစ် နိုဝင်ဘာလပထမပတ်တွင် ကုလားပဲမျိုးစုံဈေးနှုန်းအနေဖြင့် ကုလားပဲ(V6) တစ်တင်းလျှင် ကျပ် ၇၄၀၀၀၊ ကုလားပဲ(929) တစ်တင်းလျှင် ကျပ် ၇၉၃၀၀၊ နိုဝင်ဘာလ စတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၈၀၀၀၀ ဖြစ်ပြီး ဈေးတက်နေကြောင်းသိရှိ ရသည်။

ပွဲရုံဈေးကွက်တွင် နေ့စဉ်ပိဿာ ၂၀ ဝင် အိတ် ၁၅၀၀ မှ ၁၇၀၀ ခန့်ထိ အရောင်းအဝယ်ဖြစ်ကြောင်း၊ ပခုက္ကူပွဲရုံဈေးကွက်သို့ ဝင်ရောက်သည့် ကုလားပဲများကို တန်ဖိုးမြှင့် ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်လျက်ရှိသော မြို့ပေါ်ရှိ ပဲခွဲစက်လုပ်ငန်းရှင်များ၊ ပဲကြော်/ပဲမုန့် (အစိမ်း/အကျက်)ထုတ်လုပ်သော လုပ်ငန်းရှင်များမှ ဝယ်ယူမှုများကြောင်း၊ ကုလားပဲခြမ်းများလည်း တစ်ပြည်လျှင် ကျပ် ၇၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ဒေသတွင်းဝယ်ယူသုံးစွဲမှုအပြင် ရန်ကုန်၊ မန္တလေးဈေးကွက်သို့ အများဆုံးတင်ပို့ကြောင်း၊ ကုလားပဲသီးနှံသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး ပြည်တွင်းစားသုံးမှုများ၍ ယခုအချိန်တွင် ရောင်းလိုအား ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် သွက်လျက်ရှိကြောင်း မြို့ပေါ်ရှိ ပဲရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးထံမှ သိရှိရသည်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

# မကွေးမြို့နယ် နှမ်းနှင့် ပဲမျိုးစုံ ဈေးနှုန်းဈေးကွက် အခြေအနေ



မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်အတွင်းရှိမိကျောင်းရဲ၊ လျှောင်းတော်ဦး၊ ကံသစ်၊ ရွာဟောင်းကန်၊ သစ်ရာကောက် စသည့် ကျေးရွာများနှင့် မင်းဘူး၊ မြို့သစ်၊ နတ်မောက်မြို့နယ်တို့မှ ထွက်ရှိသော ပဲတီစိမ်း၊ ပဲနောက်၊ ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ၊ အခြားပဲမျိုးစုံနှင့် နှမ်းမျိုးစုံတို့ မကွေးဈေးကွက်သို့ ဝင်ရောက်ရောင်းဝယ်လျက်ရှိသည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် နှမ်းနီ တစ်တင်းလျှင် ကျပ် ၉၂၀၀၀၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၉၇၀၀၀၊ နှမ်းနက်(စမုန်) တစ်တင်းလျှင် ကျပ် ၂၅၀၀၀၀၊ နှမ်းညိုကြား တစ်တင်းလျှင် ကျပ် ၉၁၀၀၀ ဖြစ်၍ ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း မကွေးမြို့မှ မန္တလေးမြို့သို့ နှမ်းအိတ်ရေ ၁၅၀၀၊ ရန်ကုန်မြို့သို့ နှမ်းအိတ်ရေ ၂၀၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် တန် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ကုလားပဲ(HL) တစ်တင်းလျှင် ကျပ် ၈၄၅၀၀၊ ကုလားပဲ (929) တစ်တင်းလျှင် ကျပ် ၈၁၂၀၀၊ ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၁၁၅၀၀၀၊ ပဲနောက် တစ်တင်းလျှင် ကျပ် ၁၂၈၀၀၀၊ ပဲထောပတ်တစ်တင်းလျှင် ကျပ် ၉၀၀၀၀၊ ပဲလွန်းဝါ တစ်တင်းလျှင် ကျပ် ၆၃၀၀၀၊ ပဲကြီးဖြူ တစ်တင်းလျှင် ကျပ် ၁၀၅၀၀၀၊ မတ်ပဲ တစ်တင်းလျှင် ကျပ် ၉၆၅၀၀၊ ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၉၀၀၀၀၊ စားတော်ပဲ တစ်တင်းလျှင် ကျပ် ၂၃၀၀၀၀၊ မြေပဲလုံးဆန်နီတစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ မြေပဲလုံးဆန်(ဖြူ) တစ်ပိဿာလျှင် ကျပ် ၈၁၀၀၊ မြေပဲအောက်ကျဆီဆန် တစ်ပိဿာလျှင် ကျပ် ၆၈၀၀ ဖြစ်၍ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပဲနောက် ကျပ် ၁၀၀၀၊ မြေပဲလုံးဆန်(နီ) ကျပ် ၂၀၀၊ မြေပဲလုံးဆန်(ဖြူ)ကျပ် ၂၀၀၊ မြေပဲအောက်ကျဆီဆန် ကျပ် ၁၀၀ ဈေးနှုန်းမြင့်တက်ပြီး ပဲတီစိမ်း ကျပ် ၁၀၀၀၀ ခန့် ဈေးလျော့ကျခဲ့ကြောင်း၊ ကျန်ပဲများမှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး တစ်ပတ်အတွင်း မကွေးမြို့မှ မန္တလေးမြို့သို့ ပဲနောက် အိတ်ရေ ၂၀၀၊ ပဲတီစိမ်း အိတ်ရေ ၂၀၀၊ မြေပဲအိတ်ရေ ၃၀၀၀၊ ရန်ကုန်မြို့သို့ ပဲနောက် အိတ်ရေ ၅၀၀၊ ပဲတီစိမ်း အိတ်ရေ ၂၄၀၀၊ ပဲလွန်းဝါအိတ်ရေ ၇၀၀၊ မြေပဲအိတ်ရေ ၄၀၀၀နှင့် ပြည်မြို့သို့ ပဲလွန်းဝါအိတ်ရေ ၂၀၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် ၉၀၀ တန်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ရဲမင်းသာ (မကွေး)**

# ပြည်ခရိုင်အတွင်းရှိ ပဲလွမ်း၊ ထောပတ်ပဲ၊ ပဲနီပြား၊ ပဲပုပ်သီးနှံများ၏ ဈေးနှုန်း၊ ဈေးကွက်

ပြည်ခရိုင်အတွင်း စိုက်ပျိုးထုတ်လုပ်ရောင်းချလျက်ရှိသော ဒေသထုတ်ကုန်များမှာ ဆန်စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများနှင့် ရာသီပေါ် ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများဖြစ်ကြသည်။

ထိုသီးနှံများကို မြို့နယ်များတွင် စိုက်ပျိုးကြပြီး ဒေသတွင်းစားသုံးမှု ပိုလျှံမှုသာ အခြားမြို့များသို့ တင်ပို့ရောင်းချကြသည်။ ပဲမျိုးစုံမှာ ဒေသအတွင်း စားသုံးမှုအပြင် ရန်ကုန်ဝယ်လက်များနှင့် မန္တလေးဝယ်လက်များက ဝယ်ယူမှုရှိပြီး ဆီထွက်သီးနှံမှာ ဒေသတွင်းရှိ ဆီစက်လုပ်ငန်းရှင်များက ဆီကြိတ်ရန်ဝယ်ယူမှုရှိပြီး ပိုလျှံပါက နယ်ဝယ်လက်များက ဝယ်ယူမှုရှိ၍ ပြည်မြို့တွင် ဒေသတွင်း စိုက်ပျိုးထုတ်လုပ်သောထုတ်ကုန်များမှာ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ပဲလွမ်းဖြူ**

ပြည်ဈေးကွက်တွင် ရောင်းချလျက်ရှိသော ပဲလွမ်းဖြူဈေးမှာ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် တစ်တင်းလျှင် ကျပ် ၈၅၀၀၀ မှ ၈၆၀၀၀ ဖြင့် မြို့တွင်း လက်လီသမားများမှ ဝယ်ယူမှုရှိ၍ တစ်နေ့လျှင် အိတ် (၂၀/၂၅) အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ထောပတ်ပဲ**

ပြည်ဈေးကွက်တွင် ရောင်းချလျက်ရှိသော ထောပတ်ပဲဈေးမှာ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် တစ်တင်းလျှင် ကျပ် ၉၅၀၀၀ ဖြင့် မြို့တွင်း လက်လီသမားများမှ ဝယ်ယူမှုရှိ၍ တစ်နေ့လျှင် အိတ် (၂၀/၂၅) အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ထောပတ်ပဲမှာ ပဲပြုတ်ရောင်းချသူများက ဝယ်ယူမှုရှိသလို စားသုံးသူများကလည်း ဝယ်ယူမှုရှိကြောင်း သိရသည်။

**ပဲနီပြား**

ပြည်ဈေးကွက်တွင် ရောင်းချလျက်ရှိသော ပဲနီပြားဈေးမှာ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် တစ်တင်းလျှင် ကျပ် ၁၀၅၀၀၀ မှ ကျပ် ၁၁၀၀၀၀ ဖြင့် မြို့တွင်းလက်လီသမားများမှ ဝယ်ယူမှုရှိ၍ တစ်နေ့လျှင် အိတ် (၂၀/၂၅) ခန့်နှင့် လက်ကားသမားများမှ ဝယ်ယူမှုရှိ၍ တစ်နေ့လျှင် အိတ် (၂၀/၂၅) အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ပဲပုပ်**

ပြည်ဈေးကွက်တွင် ရောင်းချလျက်ရှိသော ပဲပုပ်ဈေးမှာ နိုဝင်ဘာလ နောက်ဆုံးပတ်တွင် တစ်တင်းလျှင် ကျပ် ၁၅၀၀၀၀ ဖြင့် မြို့တွင်း လက်လီသမားများမှ ဝယ်ယူမှုရှိ၍ တစ်နေ့လျှင် အိတ် (၂၀/၂၅)ခန့်နှင့် လက်ကားဝယ်ယူသူများမှ ဝယ်ယူမှုရှိ၍ တစ်နေ့လျှင် အိတ် ၁၀၀-၂၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

အဆိုပါပဲများသည် ဒေသတွင်းသာ နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**ဝေဝေမင်း (ပြည်)**

# နေကြာစိုက်ပျိုးခြင်းဖြင့် လူနှင့် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုနိုင်

နေကြာပင်သည် တစ်နှစ်ခံ အပင်အမျိုးအစားဖြစ်ပြီး နှစ်စဉ် စိုက်ပျိုးရန်လိုအပ်သည်။ အချို့နေကြာပင်များသည် အမြင့်ပေအားဖြင့် ၁၀ ပေ ခန့်ထိမြင့်ပြီး နေကြာပန်းတစ်ပွင့်လျှင် နေကြာစေ့ ၁၀၀၀ ခန့် ပါလေ့ရှိသည်။

နေကြာပန်း၏ ပန်းဝတ်မှုန်နှင့် ပန်းဝတ်ရည်များကို ပျားများ အထူးနှစ်သက်ကြသဖြင့် နေကြာခင်းများအကြားတွင် ပျားမွေးမြူရေးသေတ္တာများကို ချထားခြင်းအားဖြင့် ပျားရည်နှင့် ပျားဝတ်မှုန် အများအပြားကိုရရှိနိုင်သည်။ နေကြာစိုက်ပျိုးခြင်းကို ပျားမွေးမြူရေးနှင့် တွဲဖက်လုပ်ကိုင်ပါက ဝတ်မှုန်ကူးခြင်းအောင်မြင်ကာ နေကြာပန်းများ ပိုမိုဖွံ့ထွား၍ အထွက်နှုန်း ပိုမိုကောင်းမွန်စေသည်။

### နေကြာပင်ပေါက်ရောက်ရာ ဒေသများ

မြန်မာနိုင်ငံ၌ နှမ်း၊ မြေပဲနှင့် နေကြာတို့သည် အဓိက ဆီထွက် သီးနှံများဖြစ်ရာ နေကြာသည် နိုင်ငံတစ်ဝန်းလုံး နေရာမရွေး စိုက်ပျိုးအောင်မြင်နိုင်သည့်သီးနှံဖြစ်သည်။ ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးအတွက် နေကြာသီးနှံကို သီးထပ်၊ သီးညှပ် စိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် နေကြာပင် စိုက်ပျိုးမှုအများဆုံး နိုင်ငံများမှာ ယူကရိန်းနိုင်ငံ၊ ရုရှားနိုင်ငံနှင့် ဥရောပသမဂ္ဂနိုင်ငံများဖြစ်ပြီး မြန်မာနိုင်ငံတွင်မူ နေရာအနှံ့အပြား စိုက်ပျိုးကြပြီး အများအားဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်းတွင် အများဆုံး စိုက်ပျိုးလျက်ရှိသည်။

မကွေးတိုင်းဒေသကြီးအတွင်း မင်းဘူးခရိုင်၊ မင်းဘူး(စကု)၊ စလင်း၊ ပွင့်ဖြူ၊ မင်းလှ၊ ရေနံချောင်း၊ ဂန့်ဂေါ၊ ပခုက္ကူတို့တွင် အများဆုံး စိုက်ပျိုးကြသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နေကြာစိုက်ဧက ၂၁၀၈၁၄ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းအားဖြင့် တစ်ဧကလျှင် ၁၉ ဒသမ ၃၁ တင်းနှုန်းထွက်ရှိပြီး စုစုပေါင်း ၄၄၄၇၉၀၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

မကွေးတိုင်းအပြင် မြန်မာနိုင်ငံ ဒေသအနှံ့အပြားတွင် စိုက်ပျိုးဖြစ်ထွန်း၍ အခြားသီးနှံများထက် အရင်းအနှီးစရိတ်သက်သာခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု လွယ်ကူခြင်း၊ သီးထပ်သီးနှံကြား သီးနှံများအဖြစ် စိုက်ပျိုးနိုင်ခြင်း၊ စပါးရိတ်သိမ်းပြီးချိန်၊ မိုးသီးနှံ ရိတ်သိမ်းပြီးချိန်များတွင် စိုက်ပျိုးနိုင်ခြင်း စသည့် အားသာချက်များရှိခြင်း၊ စိုက်ပျိုးပြီးရက်ပေါင်း ၈၀ မှ ၈၅ ရက်အတွင်း ဈေးကွက်ဝင်ငွေပေါ်နိုင်သဖြင့် တောင်သူများအတွက် အလွန်အကျိုးရှိသည်။

### နေကြာမှ ထုတ်ကုန်များ

နေကြာမှ နေကြာဆီကို ထုတ်လုပ်နိုင်ပြီး ဘူးသွတ်၍ အဆင့်မြင့်နေကြာဆီအဖြစ်လည်းကောင်း၊ နေကြာစေ့ကို လှော်၍ နေကြာစေ့လှော်ထုတ်ကုန်အဖြစ် လည်းကောင်း ထုတ်လုပ်၍ အမှတ်တံဆိပ်အမျိုးမျိုးဖြင့် ဈေးကွက်၌ တွင်ကျယ်စွာ ရောင်းချလျက်ရှိသည်။ ထို့အပြင် ဆီကြိတ်၍ ကျန်ရှိသည့် နေကြာစေ့ကြိတ်ဖတ်များကို တိရစ္ဆာန်အဖြစ်လည်းကောင်း၊ အော်ဂဲနစ်စိုက်ပျိုးရေးသုံး မြေဩဇာအဖြစ်လည်းကောင်း၊ ဇီဝလောင်စာများအဖြစ် အသုံးပြုနိုင်သည်။

### နေကြာဆီထုတ်လုပ်ခြင်း

အရည်အသွေးမြင့်မားသည့် နေကြာဆီရရှိစေရန် အရည်အသွေးမြင့်သော နေကြာစေ့များကို ကြိတ်ချေရမည်။ နေကြာဆီ ထုတ်လုပ်ပုံအဆင့်ဆင့်မှာ အရောင်ချွတ်ခြင်းမှ စတင်ပြီး အနံ့ဆိုးသန့်စင်ခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်ရှိသည်။ ရွေးချယ်ထားသော အစေ့များကို ဆေးကြောပြီး အခြောက်ခံကာ အခွံများကို ဖယ်ရှားရမည်။ နေကြာစေ့မှာ ပထမအဆင့်အနေဖြင့် အပူနှင့် ဓာတ်ပြုစေတတ်သည့် အဆိပ်အတောက်ဖြစ်စေနိုင်သည့် အရာများကိုဖယ်ရှားခြင်း၊ ဒုတိယအဆင့်အနေဖြင့် အနည်ထိုင်စေသည့်နည်းလမ်းကို သုံးပြီးဖယ်ထုတ်ခြင်း၊ တတိယအဆင့်အနေဖြင့်ဆီမှ မကောင်းသည့် အနံ့အသက်များကို သန့်စင်ခြင်း၊ စတုတ္ထအဆင့်အနေဖြင့် အအေးခံခြင်းစနစ်ဖြင့် ကျန်ရှိနေသည့် နေကြာကြိတ်ဖတ်များကို အေးခဲစေခြင်းဖြင့် ဖယ်ထုတ်ခြင်း၊ နောက်ဆုံးအနေဖြင့် အပူချိန် 5 degree Celsius အောက်ရောက်သည့် အခါ အရောင်ကြည်လင်မှုမရှိဘဲ နောက်လာပါက ဆီထဲတွင် ဖယ်ရှားရန်လိုအပ်နေသည့်အတွက် နောက်ဆုံး အဆင့်အနေဖြင့် စစ်ထုတ်ခြင်းများ ဆောင်ရွက်ရသည်။ အသုံးပြုသည့် ကုန်ကြမ်း၊ လုပ်သားကျွမ်းကျင်မှုနှင့် အသုံးပြုသည့် စက်၏ အရည်အသွေးပေါ် မူတည်၍ နေကြာဆီ၏ အရည်အသွေးသည် ကွာခြားမှုများ ရှိနိုင်သည်။

### ကျန်းမာရေးအတွက် အသုံးဝင်ပုံ

နေကြာဆီသည် ကျန်းမာရေးအတွက် အထူးသင့်တော်သည့် စားသုံးဆီတစ်မျိုးဖြစ်သည်။ နေကြာဆီတွင် ဗီတာမင်အီးနှင့် ဗီတာမင်ကေတို့ ကြွယ်ဝစွာပါဝင်သောကြောင့် နှလုံးအားကောင်းခြင်း၊ အရေပြားစနစ် အားကောင်းခြင်း၊ အသားအရည် လှပစေခြင်း၊ ဆံကေသာ ကောင်းမွန်စေခြင်း၊ အဆစ်အမြစ်ရောင်ရမ်းခြင်းကို ကာကွယ်ခြင်း၊ ပန်းနာရင်ကျပ်ရောဂါကို သက်သာစေခြင်း၊ ကင်ဆာရောဂါကို ကာကွယ်ပေးခြင်း၊ ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေခြင်း၊ အစာချေစနစ်ကို အားကောင်းစေခြင်း၊အရေပြား စိုပြေလှပခြင်း၊ ပါးရေတွန့်ခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊ နေကြာဆီကို ဆံပင်တွင် လိမ်းပေးပါက ဆံပင်နူးညံ့ပျော့ပြောင်းစေခြင်း၊ ဆံပင်ကျွတ်ခြင်းကို သက်သာစေခြင်း စသည့် အကျိုးကျေးဇူးများကိုရရှိစေနိုင်သည်။

မြန်မာနိုင်ငံတွင် စားသုံးဆီကို ဆီထွက်သီးနှံအမျိုးမျိုးမှ ထုတ်ယူအသုံးပြုကြလျက်ရှိသော်လည်း အခြေခံလူတန်းစားများမှာ ဈေးနှုန်းသက်သာသည့် စားအုန်းဆီ အပါအဝင် ရောနှောဆီများကိုသာ စားသုံးနေကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ဆိုးကျိုးများစွာရှိ သော စားအုန်းဆီ၊ ရောနှောဆီများကို စားသုံးနေမည့်အစား ဈေးနှုန်းလည်း သင့်တင့်၍ အဟာရဓာတ်များလည်း ကြွယ်ဝစွာပါဝင်ပြီး ကျန်းမာရေးနှင့် ညီညွတ်သောနေကြာဆီကို ရွေးချယ်စားသုံးသင့်သည်။ ဈေးနှုန်းအနေဖြင့် နေကြာဆီ တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀ ရှိကြောင်း သိရှိရသည်။

**စန္ဒာစိုးလွင် (မကွေး)**

---

၂၈.၁၁.၂၀၂၅ ရက်နေ့မှ ၄.၁၂.၂၀၂၅ ရက်နေ့အထိ စားအုန်းဆီတစ်ပိဿာအရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1135 |
| ငွေလဲနှုန်း | 3112 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,415,150 | 7.21 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | | - |
| ၄ | ဆီကန်သို့လှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 119,175,000 | 194.61 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 200 | 200,000 | 0.33 |
| ၇ | FDA + Lab Test | | 370,000 | 0.60 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,802,800 | 16.01 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 400 | 400,000 | 0.65 |
| ၁၀ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| | **အထွေထွေစရိတ်ပေါင်း** | | **177,323,850** | **289.56** |
| ၁၁ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,532,120,000** | **5,767.76** |
| | **စရိတ်စုစုပေါင်း** | | **3,709,443,850** | **6,057.32** |

## မြန်မာ့ဆိပ်ကမ်းတွင် ၂၉ .၁၁ . ၂၀၂၅ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | MT.RM-5 | 'Oil(In Bulk) ၄၁၀၀ ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၁) | ALS SUMIRE | ကုန်သေတ္တာ ၉၂၉ တင် ၈၃၇ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | BLPL FAITH | ကုန်သေတ္တာ ၃၇၀ တင် ၂၇၉ ချဆဲ( စောင့်ဆိုင်းနေဆဲ) |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | SITC ZHN | ကုန်သေတ္တာ၆၁၃ တင် ၁၀၄၈ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | UNI ACCORD | ကုန်သေတ္တာ ၇၅၀ တင် ၆၂၃ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | ISEACO GENESIS | ကုန်သေတ္တာ ၁၁၁၁တင် ၇၂၅ ချဆဲ |
| | CAPE FORBY | ကုန်သေတ္တာ ၆၈၉တင် ၉၃၀ ချဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၁) | HOANG ANH | ဆန်တန်ချိန် ၁၃၈၀၀ တင်ဆဲ |
| | YIGT ဆိပ်ကမ်း | MV MCL-9 ကုန်သေတ္တာ ၄၆၁ ၄၀တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | VTC DRAGON | ပြောင်းဖူးတန်ချိန် ၁၉၈၀၀တင်ဆဲ |
| | BEYPORE SULTAN | ကုန်သေတ္တာ ၆၉တင် ၄၀ချဆဲ (ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | RANONE MOE | ကုန်သေတ္တာ ၈၄ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | AREZOO | ကုန်သေတ္တာ ၂၁၀ တင် ၄၇၉ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | HAJE NAFELA | Urea(In Bulk) တန်ချိန် ၂၅၀၀၀ ချဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | SITC MINGCHENG | ကုန်သေတ္တာ၅၁၁တင် ၃၃၅ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၂) | H CYGNUS | ကုန်သေတ္တာ၃၇တင် ၄၇၉ချဆဲ (ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၃) | BAO SHUM | Steel& Equipment တန်ချိန် ၁၇၃၉၂ချဆဲ |
| WILMAR JETTY | CLIPPER TRIUMPH | Cement တန်ချိန် ၂၇၉၀၀ ချဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာ ဘက်စုံသုံးဆိပ်ကမ်းအမှတ်(၁) | AP QUEEN | ပြောင်းဖူးတန်ချိန်၁၀၀၀၀တင် (Top up)တန်ချိန်၁၀၀၀တင်ဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာ ဘက်စုံသုံးဆိပ်ကမ်းအမှတ်(၂) | TS ECHO | Steel&Vehicle တန်ချိန်၃၆၀၂၅ ချဆဲ |
| Myanmar Kong Hua ဆိပ်ကမ်းတံတား | ASION HONOR | ပြောင်းဖူးတန်ချိန် ၉၅၀၀ တင်ဆဲ |
| Myanmar Five Star ဆိပ်ကမ်းတံတား | CITRA | G/C တန်ချိန် ၁၉၀၀ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| HONG ANH-09 | ဆန်တန်ချိန် ၁၈၈၁၄ တင်ရန် | MADAGASLAR | ၂.၁၂.၂၀၂၅ |
| PACIFIC BLESSING | ဂျုံတန်ချိန် ၂၁၉၀၀ ချရန် | USA | ၁.၁၂.၂၀၂၅ |
| SHANG YUAN MEN | Steelတန်ချိန် ၁၅၇၅၂ ချရန် | CHINA | ၃.၁၂.၂၀၂၅ |
| SS-1 | Cement တန်ချိန် ၁၀၀၀၀ ချရန် | - | ၂၈.၁၁.၂၀၂၅ |
| JIN HAI XIN | Steel & Equipment ၃၆၂၃၆ တန်ချရန် | CHINA | ၂.၁၂.၂၀၂၅ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| TCI ARJUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၉.၁၂.၂၀၂၃ |
| CAPE FORBY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၁၁.၂၀၂၅ |
| SITC MINGCHENG | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၇.၁၁.၂၀၂၅ |
| BEYPORE SULTAN | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၇.၁၁.၂၀၂၅ |
| BL PL FAITH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၁၁.၂၀၂၅ |
| BANONG MOE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၈.၁၁.၂၀၂၅ |
| UNI ACCORD | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၁၁.၂၀၂၅ |
| SITC ZHI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၁၁.၂၀၂၅ |
| H CYGNUS | SINGAPORE | သီလဝါဆိပ်ကမ်း | ၂၈.၁၁.၂၀၂၅ |
| FLS SINGAPORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁.၁၁.၂၀၂၅ |
| XO LUCKY | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၈.၁၁.၂၀၂၅ |
| WAN EN | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၁၁.၂၀၂၅ |
| ITHACA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၁၁.၂၀၂၅ |
| CAPITAINE TUPAIA | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၁၁.၂၀၂၅ |
| SINAR PANGANDARAN | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၈.၁၁.၂၀၂၅ |
| SITC XIANDE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၁၁.၂၀၂၅ |
| BLPL TRUST | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၁၁.၂၀၂၅ |
| FSL KELANG | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၁၁.၂၀၂၅ |

## ၁-၁၁-၂၀၂၅ မှ ၂၇-၁၁-၂၀၂၅ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1128 | 12 | - | - | - | 1140 |
| | Form AANZ | 17 | - | - | - | - | 17 |
| | Form AHK | 0 | - | - | - | - | 0 |
| | Form AI | 378 | 2 | - | - | - | 380 |
| | Form AJ | 67 | - | - | - | - | 67 |
| | Form AK | 392 | 3 | - | - | - | 395 |
| | Form CHINA | 128 | - | - | - | - | 128 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 26 | - | - | - | - | 26 |
| | Form E | 1223 | 12 | - | - | - | 1235 |
| | Form Korea | 42 | - | - | - | - | 42 |
| | E Form D | 431 | - | - | - | - | 431 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | **Total** | **3832** | **29** | - | - | - | **3861** |

# အထူးစျေးကွက်ကောင်း ရရှိလာသည့် မြန်မာ့သစ်ခွ

ယခုအခါ မြန်မာနိုင်ငံ၏ ရိုးရာပွဲတော်များနှင့် အခမ်းအနားများတွင် သစ်ခွပန်းများ၏ အလှတရားသည်မပါမဖြစ်သည့်အရာတစ်ခု ဖြစ်လာသည်။ သစ်ခွပန်းများသည် စီးပွားဖြစ်စိုက်ပျိုးသည့် စိုက်ပျိုးရေးကဏ္ဍတစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး ပွဲလမ်းသဘင်၊ အလှူဒါန၊ ဘွဲ့နှင်းသဘင် အခမ်းအနားများ၊ မင်္ဂလာအခမ်းအနားများနှင့် ဘာသာရေးဆိုင်ရာပွဲများ၊ အိမ်၊ ရုံး အဆောက်အအုံများတွင် အလှဆင်ခြင်းတို့အတွက် အသုံးပြုမှု ပိုမိုများပြားလာသောကြောင့် အထူးစျေးကွက်ကောင်း ရရှိလာသည်။

သစ်ခွစိုက်ပျိုးရေး အသွင်ပြောင်းလဲလာမှုအနေဖြင့် ယခင်က သစ်ခွပန်းများကို တောတောင်များမှ သဘာဝအလျောက်ပေါက်ရောက်သည့် အပင်များအဖြစ်သာ မြင်တွေ့ခဲ့ရသော်လည်း ယခုအခါ စနစ်တကျ စီမံခန့်ခွဲသည့် သစ်ခွပန်းခြံများအဖြစ် ပြောင်းလဲလာသည်။ ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် စသည့် ဒေသများတွင် သစ်ခွပန်းခြံငယ်များမှ အလတ်စားနှင့် အကြီးစား စီးပွားဖြစ် သစ်ခွပန်းခြံများအထိ ပေါ်ထွန်းလာသည်။

ခေတ်မီသစ်ခွပန်းခြံများတွင် တိမ်တိုက်မွေးခြင်း (Tissue Culture) နည်းပညာဖြင့် မျိုးပွားခြင်း၊ အပူချိန်ထိန်းညှိသည့် ဖန်သီးကပ်များ (Greenhouse) တည်ဆောက်ခြင်း၊ ရေမွှေးသွင်းစနစ် (Fertigation) နှင့် အလင်းရောင်ထိန်းညှိခြင်းစနစ်များ အသုံးပြုလာကြသည်။ ဤနည်းပညာများကြောင့် သစ်ခွပန်းပွင့်ချိန်ကို ထိန်းချုပ်နိုင်ပြီး ပွဲလမ်းသဘင်ရာသီအတွက် သစ်ခွပန်းများ ပုံမှန်ထုတ်လုပ်နိုင်လာသည်။

တက္ကသိုလ်ဘွဲ့နှင်းသဘင်များသည် သစ်ခွပန်းများ၏ အဓိကစျေးကွက်ကြီးတစ်ခုဖြစ်သည်။ ဘွဲ့ရကျောင်းသူများအတွက် အလှဆင်ပန်း၊ ရင်ကပ်ပန်းမှသည် မိသားစုဝင်များ၏ ရင်ထိုးပန်းကြိုးများအထိ သစ်ခွပန်းများကို အမြောက်အမြားအသုံးပြုကြသည်။ ဤရာသီတွင် ပန်းရောင်နှင့် အဖြူရောင် ဒန်ဒရိုဗီယမ် (Dendrobium) မျိုးစိတ်များသည် အထူးခေတ်စားသည်။

မင်္ဂလာဆောင်များတွင် ခန်းမအတွင်း အလှဆင်ခြင်း၊ ပန်းဆင်ခြင်း၊ လက်ဖွဲ့ပန်းများ၊ မင်္ဂလာဆောင်နောက်ခံပိတ်များနှင့် Photo Booth (ဓာတ်ပုံရိုက်ရန် အလှဆင်ထားသည့်နေရာ) များတွင် အလှဆင်ခြင်းများကို ကျယ်ပြန့်စွာအသုံးပြုလာသည်။ ငွေကြေး ပိုမိုသုံးစွဲနိုင်သူများက ဖီးလ်ဒင်နီယပ် (Phalaenopsis) ကဲ့သို့သော စျေးကြီးသစ်ခွ မျိုးစိတ်များကို မင်္ဂလာဆောင် အလှဆင်ပစ္စည်းအဖြစ် အသုံးပြုလာကြသည်။

ထို့ပြင် လုပ်ငန်းဆိုင်ရာအခမ်းအနားများ၊ ကုမ္ပဏီများ၊ လုပ်ငန်းသစ်များ ဖွင့်လှစ်ခြင်းနှင့် အဖွဲ့အစည်းများ၏ နှစ်ပတ်လည် အခမ်းအနားများတွင် သစ်ခွပန်းများဖြင့် အလှဆင်ခြင်းသည် ခေတ်စားလာသည်။ ဤအခမ်းအနားများအတွက် ကတ်တလီယာ (Cattleya) နှင့် ဗန်ဒါ (Vanda) ကဲ့သို့သော ခမ်းနားသည့် သစ်ခွမျိုးစိတ်များကို ပိုမိုအသုံးပြုသည့်အပြင် အလှူဒါနများနှင့် ဘာသာရေးပွဲများတွင် ရွှေရောင်ရှိသော သစ်ခွများသည် ဘုရားပန်းအိုးအဖြစ် အသုံးပြုလျက်ရှိကြောင်း တွေ့ရှိရသည်။

သစ်ခွပန်းစျေးကွက်တွင် မျိုးစိတ်၊ အရောင်အသွေး၊ ပန်းပွင့် အရွယ်အစားနှင့် အိုးအမျိုးအစားပေါ် မူတည်၍ စျေးနှုန်းကွာခြားမှုရှိသည်။ ဒေသခံမျိုးစိတ်များမှာ ကျပ် ၅၀၀၀ မှ ၂၀၀၀၀ အထိ၊ နိုင်ငံခြား မျိုးစိတ်များမှာ ကျပ် ၁၅၀၀၀ မှ ၁၀၀၀၀၀ အထိ၊ (အထူးမျိုးများ) စီးရီးလိုင်းအလိုက် စိုက်ပျိုးထားသော သစ်ခွများမှာ ကျပ် ၃၀၀၀၀ မှ ၂၀၀၀၀၀ အထိ အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ သစ်ခွပန်းများအား စျေးကွက်တွင် တိုက်ရိုက်ရောင်းချခြင်း၊ ကွန်တိန်နာဖြင့် ရောင်းချခြင်း၊ အွန်လိုင်းမှတစ်ဆင့် မှာယူရောင်းချခြင်းနှင့် ပန်းဆိုင်များသို့ ဖြန့်ချိရောင်းချခြင်း စသည့် ရောင်းချမှုနည်းလမ်းမျိုးစုံကို အသုံးပြုလာကြသည်။

စိုက်ပျိုးရေးနည်းပညာများ တိုးတက်လာမှုအနေဖြင့် တိမ်တိုက် မွေးခြင်း (Tissue Culture) နည်းပညာသည် သစ်ခွမျိုးစိတ်များကို အရည်အသွေးတူမျိုးပွားနိုင်ရန် ကူညီပေးသည့်အတွက် ရှားပါးမျိုးစိတ်များကို စျေးသက်သာစွာဖြင့် မျိုးပွားနိုင်ပြီး စျေးကွက်တွင် ပိုမိုရောင်းချနိုင်သည်။ ဖန်သီးကပ်များ (Greenhouse) နှင့် ရာသီဥတု ထိန်းညှိသည့် စနစ်များသည် သစ်ခွပန်းများ၏ ကြီးထွားမှုကို မြန်ဆန်စေပြီး ရောဂါကျရောက်မှုကို လျှော့ချပေးသည်။

သစ်ခွစိုက်ပျိုးရေးလုပ်ငန်းတွင် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်နည်းပါးခြင်း၊ ဗိုင်းရပ်စ်နှင့် မှိုရောဂါများ ကျရောက်မှုမြင့်မားခြင်း၊ ရာသီအလိုက် ဝယ်လိုအား ပြောင်းလဲမှုများခြင်း၊ ပြည်ပမှတင်သွင်းသည့် သစ်ခွများနှင့် ယှဉ်ပြိုင်ရခြင်းစသည့် စိန်ခေါ်မှုများကို အဓိကရင်ဆိုင်နေရသော်လည်း အခြားတစ်ဖက်တွင် အာရှနိုင်ငံများသို့ တင်ပို့နိုင်သည့် စျေးကွက်အလားအလာများ ရရှိနိုင်ခြင်း၊ နိုင်ငံခြားခရီးသွားများအတွက် ဒေသထွက်သစ်ခွများ ရောင်းချနိုင်ခြင်း၊ အလှကုန်ထုတ်လုပ်သည့် လုပ်ငန်းများတွင် သစ်ခွပန်းမှ ထုတ်လုပ်သည့် ရေမွှေး၊ အဆီအနှစ်များ ထုတ်လုပ်နိုင်ခြင်း စသည့် အခွင့်အလမ်းများလည်း များစွာရှိသည်။

ထို့ကြောင့် သစ်ခွပန်းစျေးကွက်သည် မြန်မာနိုင်ငံတွင် တိုးတက်လျက်ရှိပြီး နိုင်ငံတကာ စျေးကွက်သို့ ဝင်ရောက်နိုင်ရေး ကြိုးပမ်းမှုများ လည်းရှိလာသည်။ ပွဲလမ်းသဘင်များ၊ အခမ်းအနားများတွင် အလှဆင်ပစ္စည်းတစ်ခုအနေမှ လူတိုင်းနှင့်ရင်းနှီးပြီး လူကြိုက်များသော ပစ္စည်းတစ်ခုအထိ ဖွံ့ဖြိုးလာသည်။ အခမ်းအနားများတွင် သစ်ခွခြံများသာမက မိမိတို့၏ အိမ်၊ အဆောက်အအုံ ပရဝုဏ်များတွင် အလှဆင်ပစ္စည်းအဖြစ်အသုံးပြုလာကြသည်။ သစ်ခွအစို၊ သစ်ခွအစစ်ကို အသုံးပြုခြင်းဖြင့် ပိုမိုခမ်းနားထယ်ဝါသည်ဟု ခံစားရပြီး စိတ်ကြည်နူးမှုရရှိခြင်း၊ လှပမှုမျိုးစုံဖြင့် လူတို့၏စိတ်ကို ဖမ်းစားနိုင်ခြင်း၊ အံ့သြဖွယ်ကောင်းလောက်အောင်လှသည့် ပန်းများကို မြင်တွေ့ရသဖြင့် ပန်းကလေးများအပေါ် ချစ်ခင်နှစ်သက်မှုရှိလာခြင်း၊ စိတ်အပန်းဖြေစရာ အာရုံတစ်ခုဖြင့် ဆွဲဆောင်နိုင်မှုရှိခြင်းတို့ကြောင့် သစ်ခွပန်း စျေးကွက်သည် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ၏ စိတ်ဝင်စားဖွယ် အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။

ယခုထက်ပိုမိုသည့် နည်းပညာ မြှင့်တင်ခြင်း၊ စျေးကွက်ချဲ့ထွင်ခြင်းနှင့် ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်ခြင်းတို့ ဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့်ကဏ္ဍတစ်ခုအဖြစ် ဆက်လက်တည်ရှိနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ယွန်းပပအောင်-ဇရာဝတီ (DOCA)**

**ကိုးကားချက်-**

**မြန်မာနိုင်ငံ၏ စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်း- စိုက်ပျိုးရေးဦးစီးဌာန (၂၀၁၉)**

**မြန်မာနိုင်ငံရှိ သစ်ခွစျေးကွက် လေ့လာချက် - ရန်ကုန်စီးပွားရေးတက္ကသိုလ် (၂၀၂၁)**

## ပြည်ပဆန်စျေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၁၉-၁၁-၂၀၂၅ မှ ၂၅-၁၁-၂၀၂၅) ထိ ဆန်စျေးနှုန်းများ

| စဉ် | အမျိုးအမည် | စျေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 320 - 330 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 310 - 315 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 290 - 300 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 270 - 280 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 320 - 330 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 320 - 325 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 315 - 320 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 310 - 315 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 325 - 330 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 310 - 315 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 300 - 310 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 325 - 330 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 320 - 325 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 315 - 320 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 310 - 315 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 330 - 335 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 320 - 330 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 305 - 310 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 440 - 450 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 430 - 440 | |
| 24 | A-1 , 2 (Sortexed) | 285 - 290 | |
| 25 | B-1 , 2 (Sortexed) | 265 - 275 | |
| 26 | B-1,2 (Non-Sortexed) | 250 - 260 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ပျဉ်းမနား အာဟာရသုခစျေးတွင် ရောင်းချနေသော ကုန်စျေးနှုန်း အခြေအနေ

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ ပျဉ်းမနားမြို့နယ် အာဟာရသုခစျေးကြီးတွင် ရောင်းချနေသော ကုန်စျေးနှုန်းများ၏ လက်ကားစျေးများကို စုစည်းဖော်ပြလိုက်သည်။

နိုဝင်ဘာလ နောက်ဆုံးပတ်အတွင်း ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၃၄၀၀ မှ ၃၆၀၀၊ နနွင်းတက် တစ်ပိဿာ ကျပ် ၁၁၃၀၀ မှ ၁၁၇၀၀၊ မြေပဲတစ်ပိဿာကျပ် ၉၅၀၀ မှ ၁၀၀၀၀၊ ကုလားပဲ(ဝါ) တစ်ပိဿာ ကျပ် ၆၀၀၀ မှ ၆၂၀၀၊ မန်ကျည်းသီး တစ်ပိဿာ ကျပ် ၉၂၀၀ မှ ၉၆၀၀၊ သကြား တစ်ပိဿာ ကျပ် ၅၀၀၀ မှ ၅၅၀၀၊ ကြက်သား(CP) တစ်ပိဿာ ကျပ် ၂၂၀၀၀ မှ ၂၂၄၀၀၊ ဝက်သား တစ်ပိဿာ ကျပ် ၃၂၀၀၀ မှ ၃၂၆၀၀၊ အမဲသား တစ်ပိဿာ ကျပ် ၃၄၀၀၀၊ ဆိတ်သား တစ်ပိဿာ ကျပ် ၅၄၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၁၆၄၀၀၊ အာပြဲခြောက် တစ်ပိဿာ ကျပ် ၃၂၀၀၀ မှ ၃၄၀၀၀၊ ငရုတ်ခြောက်ရှည် တစ်ပိဿာ ကျပ် ၁၅၀၀၀ မှ ၁၅၂၀၀၊ ငါးပိ (ပိဿာ) ကျပ် ၆၀၀၀ မှ ၆၅၀၀၊ ကြက်ဥ တစ်လုံး ကျပ် ၃၈၀၊ ဘဲဥ(တစ်လုံး) ကျပ် ၅၂၀၊ အာလူးတစ်ပိဿာ ကျပ် ၇၀၀၀ မှ ၇၂၀၀၊ မုန်လာဥနီ တစ်ပိဿာ ကျပ် ၆၀၀၀ မှ ၇၀၀၀၊ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၁၃၀၀ မှ ၁၅၀၀၊ ကြက်သွန်ဖြူ (ရှမ်း) တစ်ပိဿာ ကျပ် ၇၆၀၀ မှ ၇၈၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) တစ်ပိဿာ ကျပ် ၁၄၆၀၀ မှ ၁၄၈၀၀၊ ချင်း တစ်ပိဿာ ကျပ် ၄၂၀၀မှ ၄၆၀၀အတွင်း စျေးနှုန်းများရှိကြောင်း သိရှိရသည်။

**ချယ်ရီငြိမ်း (နေပြည်တော်)**

# မြန်မာ့အခြေခံစီးပွားရေး ဝါးလက်မှုထုတ်ကုန်ကဏ္ဍကိုမြှင့်တင်ကြပါစို့

ကျော်စွာ (ကျိုက်ပိ)

ဝါးပင်သည် မြန်မာလူမျိုးတို့အသုံးများသော အပင်တစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံ နေရာအနှံ့ အပြားတွင် ပေါက်ရောက်လေ့ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဝါးပေါက်ရောက်မှု တတိယအများဆုံးနိုင်ငံဟု သိရသည်။

ဝါးကို ရှေးယခင်ကတည်းက ယနေ့အချိန်အထိ အသုံးပြုနေကြဆဲဖြစ်သည်။ ဝါးကို လူသုံးကုန်ပစ္စည်းအမျိုးမျိုးအဖြစ် လည်းကောင်း၊ အိမ်ဆောက်ပစ္စည်းများအဖြစ် လည်းကောင်း၊ ဝါးလက်မှုထုတ်ကုန်များအဖြစ် လည်းကောင်း ပြုလုပ်အသုံးပြုနေကြသည်။ ကမ္ဘာပေါ်တွင် ဝါးပင်သည် အရေးပါသော အပင်တစ်မျိုးဖြစ်သည်။ ထို့ကြောင့်ဝါးပင် သည် အဓိက စိုက်ပျိုးသင့်သော အပင်တစ်မျိုးပင်ဖြစ်သည်။

### pDyGm;zpfpdkufysdK;cdkifrSm0g;

ဝါးကို ယခုအခါ စနစ်တကျစိုက်ပျိုးလာကြသည်။ ဝါးစိုက်ပျိုးရာတွင် မျိုးပွားစိုက်ပျိုးနည်းနှင့် အစေ့မှလည်း မျိုးပွားယူကြသည်ဟု သိရသည်။ စီးပွားဖြစ် ဝါးစိုက်ပျိုးမည်ဆိုပါက ဝါးပင်ကြိုက်နှစ်သက်သော မြေ၊ရာသီဥတုအပြင် သင့်လျော်သော ဝါးမျိုးစိတ်ကို ရွေးချယ်စိုက်ပျိုးရန်လိုအပ်သည်။ ဝါးစိုက်ပျိုးမည့်မြေကို ရွေးချယ်မည်ဆိုပါက လမ်းပန်းဆက်သွယ်ရေးကောင်းသည့် မြေနေရာမျိုးကို ရွေးချယ်ရန်လိုအပ်သည်။ ဝါးထုတ်ကုန်များ ထုတ်လုပ်သည့် နေရာနှင့်နီး သော နေရာမျိုးကိုလည်း ရွေးချယ်စိုက်ပျိုးသင့်သည်။ ထိုအခါ သယ်ယူစရိတ် သက်သာမည်ဖြစ်သည်။ အများအားဖြင့် အမြစ်ဆုံမှ ပျိုးပွား စိုက်ပျိုးနည်းနှင့်အဆစ်မှ မျိုးပွားစိုက်ပျိုးနည်းဟူ၍ နှစ်မျိုးရှိသည်။

ဝါးကို စီးပွားဖြစ် သီးသန့်စိုက်ပျိုးမည်ဆိုပါက တစ်ပင်နှင့်တစ်ပင် ၁၀ ပေခြား စိုက်ပျိုးကြသည်။ ဝါးပင်သည် တဖြည်းဖြည်း အုံလိုက်ကျင်းလိုက် ပြန့်ပွားလာသောကြောင့်ဖြစ်သည်။ မျှစ်ဝါးဆိုလျှင် ဝါးတစ်ရုံတွင် အပင်ခြောက်ပင်ခန့်သာ ထားရပါမည်။ အစေ့ကို ပျိုးစိုက်မည်ဆိုပါက ခုနစ်နှစ်ခန့်ကြာသည်ဟု သိရသည်။ ဝါးပင်သည် အလေ့ကျပေါက်ရောက်မှုရှိသလို စနစ်တကျ စီးပွားဖြစ်လည်း စိုက်ပျိုးကြသည်။

### 0g;vufrIypönf;rsm;EdkifiHjcm;ydkYcsD&; 0g;xkwfukefrsm;@

ဝါးကိုစီးပွားဖြစ်စိုက်ပျိုးပါက ဝါးတစ်လုံးလျှင် ကျပ် ၂၀၀၀ မှ ၃၀၀၀ ခန့်အထိ ဈေးရရှိသည်။ ဝါးရုံတစ်ရုံတွင်ခန့်မှန်းဝါး အလုံးရေ ၄၀-၅၀ ခန့်ရှိကြသည်။ ထိုဝါးရုံမှ ဝါးများအနက် ရောင်းတန်းဝင် ဝါးများကို ခုတ်ယူနိုင်သည်။ဝါးတစ်ဧကတွင်ဝါးရုံ ၄၂၀ ခန့် ဝင်ဆံ့သည်။ ဝါးရုံတစ်ရုံတွင် ပျမ်းမျှ ဝါးငါးလုံးခန့်ခုတ်ယူနိုင်လျှင် ဝါးရုံ ၄၂၀ အတွက်ဆိုပါက ဝါးအလုံးရေ ၂၁၀၀ ခန့်ရမည်ဖြစ်သည်။ ဝါးအလုံးရေ ၂၁၀၀ ကို တစ်လုံးလျှင်ကျပ် ၃၀၀၀ နှင့်ဆိုပါက ကျပ် ၆၃ သိန်းခန့် ရရှိမည်ဖြစ်ပြီး အလုံးလိုက်ရောင်းချရငွေ ဖြစ်သည်။

ဝါးဖြင့် ပြုလုပ်သော ပုတ်နှင့် တောင်းများကို ယခုအခါ မြန်မာလူမျိုးတို့က ဘိလပ်မြေနှင့် လိမ်းကျံ၍ အချောကိုင်ကာ ရေကန်သဖွယ်ပြုလုပ်၍ အသုံးပြုကြသဖြင့် ကျေးလက်ဒေသများအနေဖြင့်သော်လည်းကောင်း၊ မြို့ပြများအနေဖြင့်သော်လည်းကောင်း ရေတွင်းရေကန်အတွက် နေရာမပေးရတော့ပေ။ ထို့ပြင် ကျန်းမာရေးနှင့်ညီညွတ်သော ရေကိုအသုံးပြုနိုင်မည်ဖြစ်သည်။ ရေထည့်အသုံးပြုသည့် ပလတ်စတစ်ပုံးများကို အစားထိုးအသုံးပြုနိုင်သဖြင့် ဝါးလက်မှုထုတ်ကုန်၏ အကျိုးကျေးဇူးကို ရရှိမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ဝါးထုတ်ကုန်ကဏ္ဍကို မြှင့်တင်ပေးရန်လိုအပ်သည်။ မြန်မာ့ပုသိမ်ထီးနှင့် မြန်မာ့ယွန်းထည်ဆိုလျှင် ကမ္ဘာသိ မြန်မာ့ဝါးလက်မှုအနုပညာ ယဉ်ကျေးမှုပင်ဖြစ်သည်။



### 0g; tok;0ifykHrsm;rsm;

လူတို့သည် ဝါးကိုအမျိုးမျိုး ပြုလုပ်အသုံးပြုကြသည်။ သစ်ဝါးများကို ဖောင်ဖွဲ့၍ တစ်နေရာမှတစ်နေရာသို့ အလုံးလိုက် သယ်ယူကြ သည်။ ဝါးကိုနေအိမ်များ၌ ဝါးလှေကား၊ ရေတံလျှောက်၊ ရေပိုက်၊ ခြံစည်းရိုး၊ ငါးမျှားတံ၊ ထမ်းပိုး၊ တံမြက်စည်းရိုး၊ ထီးရိုးစသည်ဖြင့် အသုံးပြုကြသည်။

ထို့ပြင် ဝါးဖြင့်ပြုလုပ်သော လက်မှုပစ္စည်းအမျိုးမျိုးရှိသည်။ ယင်းတို့မှာ ဝါးကျည်တောက်၊ ဝင်ရိုး၊ ကလေးကစားစရာအရုပ်များဖြစ်သည့် ဝါးသေနတ်၊ ဓား၊ ဝါးပလွေ၊ ဝါးလက်ခုပ်၊ အိမ်တွင်းအလှဆင်ရာတွင် အသုံးပြုသည့် ဝါးလက်မှုပစ္စည်း အမျိုးမျိုး၊ သစ်စေးကိုင်ထားသော ဝါးတောင်းများ၊ ရေပုံးများ၊ ဓားရိုး၊ လှံရိုး၊ လေးမြား၊ နှီးဖျာ၊ ယင်း၊ ပလိုင်း၊ ခြင်းတောင်းအမျိုးမျိုး၊ ဝါးဖြင့်ပြုလုပ်ထားသော နှီးကျောဖျာ၊ ဝါးကုလားထိုင်များ၊ ဝါးအိပ်စင်များ၊ ဝါးဖြင့်ပြုလုပ်ထားသည့် အစားအသောက်ထည့်စရာခွက်အမျိုးမျိုး၊ ဆန်ကော၊ ဆန်ခါများ၊ ဝါးခမောက်အမျိုးမျိုး၊ စပါးထည့်သည့် ဝါးပုတ်အမျိုးမျိုး၊ ဝါးသွားကြားထိုးတံ၊ ဝါးတူ စသည်တို့ဖြစ်သည်။ ထို့ပြင် တချို့က ဝါးလက်မှုပစ္စည်းများဖြင့် အိမ်ခန်းကို အလှဆင်ထားကြသည်။တချို့ဟိုတယ်များတွင် ဝါးလက်မှုပစ္စည်းဖြင့် အလှဆင်ကြသည်။ ဝါးကိုမီးအိမ်ကဲ့သို့ ပြုလုပထားပြီး အထဲတွင် မီးလုံးဖြင့် ထွန်းညှိကာ အလှဆင်ထားကြသည်။ သစ်သီးထည့်သည့်ခြင်းအဖြစ်လည်း အသုံးပြုကြသည်။

ယနေ့အထိ လုပ်ကိုင်နေသော ဝါးလက်မှုပညာတစ်ခုလည်းရှိသေးသည်။ ယင်းကား ဝါးခမောက်လက်မှုပညာ သို့မဟုတ် ဝါးခမောက်လုပ်ငန်းပင် ဖြစ်သည်။ ဝါးခမောက်က အရွယ်စုံ၊ ပုံစံစုံရှိသည်။ ဝါးခမောက်ကို ဝါးပိုးဝါး၏ ဝါးဖတ်၊ နှီးဝါးများနှင့် ပြုလုပ်ရသည်။ အမျိုးသားဆောင်းနှင့် အမျိုးသမီးဆောင်း နှစ်မျိုးရှိသည်။ ဒီဇိုင်းရှစ်မျိုးခန့်ရှိကြောင်း သိရသည်။

အာဆီယံနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ လာအို စသည့် နိုင်ငံများတွင် ဝါးလက်မှုပစ္စည်းများနှင့် ဝါးစားသောက်ကုန်များကို ထုတ်လုပ်လျက်ရှိပြီး တရုတ်နိုင်ငံဆိုလျှင် ဝါးစားသောက်ကုန်မျိုးစုံ၊ ဝါးမျှစ်မှ ဘီယာ၊ အရက်နှင့် ဝါးရွက်မှ သွားတိုက်ဆေး၊ ဆပ်ပြာအပါအဝင် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ကာ ပြည်ပတင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံတွင်လည်း ပုဂံ၊ ချောင်းသာ၊ ပုသိမ်၊ ရန်ကုန်၊ မော်လမြိုင်၊ မန္တလေး၊ စစ်ကိုင်း စသည့် ဒေသများ၌ ဝါးဦးထုပ်နှင့် ဝါးလက်ကိုင်အိတ်များကို ရောင်းချသည်။ တင်းဝါး၊ ကြသောင်းဝါးနှင့် ဝါးဘိုးဝါးတို့ဖြင့် ပြုလုပ်သောဦးထုပ်မျိုးစုံ၊ ပိုက်ဆံအိတ်မျိုးစုံ၊ ဧည့်ခန်းအသုံးအဆောင်ပစ္စည်း၊ နှီးချောဖျာမျိုးစုံ၊ ဖိနပ်၊ ကုလားထိုင် အပါအဝင် ပစ္စည်းအမျိုးပေါင်း ၁၀၀ နီးပါး ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဝါးတစ်လုံး၏တန်ဖိုးသည် ထုတ်ကုန်ပေါ်မူတည်ပြီး ပြောင်းလဲသွားနိုင်သည်။ အဓိကကနည်းပညာဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ မလတ်တိုကျေးရွာ ငါးမွေးကန်တစ်လျှောက် ဝါးပင်များစိုက်ပျိုးထားပြီး တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်၍ နိုင်ငံတကာသို့ တင်ပို့ရန် ရည်ရွယ်ထားသည်ဟု သိရသည်။

ထို့ပြင် ဝါးမှဘောလ်ပင်ထုတ်လုပ်ရန် ပြင်ဆင်နေပြီး ထုတ်လုပ်မည့်စက်လည်းဝယ်ထားဖြစ်ကြောင်း၊ မကြာမီ လည်ပတ်နိုင်အောင် ကြိုးစားနေသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် ဝါးသည် အဖိုးတန်သစ်တောထွက်ပစ္စည်းဖြစ်သည်။ လက်မှုပညာကို နည်းပညာနှင့်ပေါင်းစပ်ပြီး တရုတ်နိုင်ငံကဲ့သို့ ဝါးထုတ်ကုန်အမျိုးမျိုးကို ခေတ်မီနည်းပညာအသုံးပြု၍ လည်းကောင်း၊ စက်ကိရိယာများဖြင့် ပေါင်းစပ်၍လည်းကောင်း အသုံးပြုပြီး ဝါးကုန်ကြမ်း၊ ကုန်ချောများကို ပြည်ပနိုင်ငံသို့ တင်ပို့နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်ပတင်ပို့ပြီး ပြည်ပဝင်ငွေရရှိရေး၊ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်စေရေး၊ နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ဝါးလက်မှုပစ္စည်းများ နေရာရရှိ စေရေးအတွက် ဝါးထုတ်ကုန်များကို ခေတ်မီစနစ်တကျ ထုတ်လုပ်ပြီး ဝါးလက်မှုပစ္စည်းနှင့် ဝါးလက်မှုပညာကဏ္ဍကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား -**

- **လေးစားရမည့် ဝါးပင်တို့၏ သဘာဝနှင့် စီးပွားဖြစ် ဝါးစိုက်ပျိုးရေး-ဝင်းကျော်ဦး။**
- **ဝါး - သီရိပျံ့ချီဦးချိန်ဟို။**
- **အင်တာနက်သတင်းများ။**

## ဝါသီးနှံများ လှိုင်လှိုင်ထွက်ရှိ၍ ဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အတွင်း ပခုက္ကူ-ရေစကြို ကားလမ်းဘေးဝဲ/ယာရှိ မြေခဲတောင်၊ ကိုင်းမကျီး၊ ပခန်းကြီး၊ မြေဖြူ၊ ငွေးချို၊ စည်သာ၊ ဆင်ချောင်း ကျေးရွာများတွင် ဇူလိုင်၊ ဩဂုတ်လများတွင် စိုက်ပျိုးခဲ့သည့်ဝါသီးနှံများ လှိုင်လှိုင်ပေါ်ထွက်လာပြီဖြစ်သည်။

ဝါစိုက်တောင်သူသာမက ကျေးရွာနေ ပြည်သူများပါ ဝါစွတ် (ဝါကောက်) ရ၍ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း စည်သာကျေးရွာနေ ဝါစိုက်တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

ဝါသီးနှံများကို နှမ်း၊ မြေပဲ၊ ပဲတီစိမ်း သီးနှံခင်းများတွင် ကြားညှပ်စိုက်ပျိုးခြင်းနှင့် သီးသန့်စိုက်ပျိုးခြင်းဟူ၍ စိုက်ပျိုးကြသည်။ မျိုးများအနေဖြင့် ဒေသမျိုး၊ ငွေချည်-၉၊ ရွှေတောင်-၁၀၊ ချည်မျှင်ရှည်ဝါများကို ဩဂုတ်လတွင် စတင်စိုက်ပျိုးကြသည်။

စိုက်ပျိုးမြေတစ်ဧကလျှင် မျိုးစေ့ခုနစ်ပိဿာခန့် ကုန်ကျပြီး ထွန်ယက်ခ၊ မျိုး၊ စိုက်စရိတ်၊ သွင်းအားစု၊ ခူးဆွတ်ရိတ်သိမ်းခြင်းတို့ အတွက် စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ်ခုနစ်သိန်းခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၀၀ မှ ၃၀၀ ပိဿာထိ ထွက်ရှိနိုင်ကြောင်း၊ လက်ရှိတစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ၃၈၀၀ ခန့်ပေါက်ဈေးရှိကြောင်း အကျိုးအမြတ်အနေဖြင့် ကျပ် သုံးသိန်းခန့်ရရှိနိုင်ကြောင်း သိရှိရသည်။

ယခုချိန်တွင် ဝါသီးနှံများ လှိုင်လှိုင်ခူးဆွတ်နေရကြောင်း၊ တစ်ရာသီလျှင် သုံးကြိမ်ခန့် ဝါခူးဆွတ်ကောက်ရကြောင်း၊ ဈေးနှုန်း/ဈေးကွက်အနေဖြင့် ကျေးရွာများတွင် လာရောက်ဝယ်ယူကြကြောင်း၊ ထိုမှတစ်ဆင့် ပခုက္ကူမြို့နှင့် မန္တလေးမြို့များသို့ တင်ပို့ကြောင်း၊ ရာသီဥတုကြောင့် အထွက်နှုန်းလျော့နည်းသော်လည်း ဝါဈေးနှုန်း မြင့်တက်လာသဖြင့် ထိုက်သင့်သည့် အကျိုးအမြတ် ရရှိနိုင်ကြောင်း တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

**မြတ်မင်း (ရေစကြို)**

# စပါးအရည်အသွေးကောင်းမှ ဆန်ထွက်နှုန်း ကောင်းမည်

**မောင်မောင်မြတ်ခိုင် (ဟသ်ာတ)**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး စပါးကို အဓိက စိုက်ပျိုးကြသည်။ ရာသီ၊ မြေနေရာလိုက်ပြီး သက်ရင့်၊ သက်နု စသည်ဖြင့် စပါးမျိုးကို ရွေးချယ်စိုက်ပျိုးကြသည်။ ဧရာဝတီတိုင်းဒေသကြီးသည် ဇူလိုင်လနောက်ဆုံးပတ်မှ ထွန်တုံးပိတ် ၁၀၀ ရာခိုင်နှုန်း မိုးစပါး စိုက်ပျိုးပြီးစီးသောဒေသဖြစ်သည်။ မိုးစပါးဧက ၃၇ သိန်းကျော် စိုက်ပျိုးသောဒေသဖြစ်ပြီး အောက်တိုဘာ၊ နိုဝင်ဘာတွင် စပါးများထွက်ရှိ၍ စတင်ရောင်းဝယ်ကြသည်။

တောင်သူအများစုသည် ရိတ်ခြွေစက်ဖြင့် ခြွေပြီးသားစပါးများကို သယ်ယူနေလှန်းခြင်းမပြုဘဲ ဝယ်သူပွဲစားထံ ကန်သင်းဘေးတွင် တိုက်ရိုက်ရောင်းချသည်များလည်း ရှိကြသည်။ ထိုအခါ ဝယ်သူမှ အလုပ်သမားခ၊ ချိန်တွယ်ခ၊ သယ်ယူစရိတ် စသည်တို့ကိုနုတ်ပြီး စပါးတန်ဖိုးပေးချေသည့်အတွက် စပါးဈေးသည် ကျပ် ၁၀ သိန်းအောက် ကျဆင်းသည့် အခြေအနေသို့ ရောက်ခဲ့ကြောင်း သိရှိရသည်။

တချို့တောင်သူများမှာ စိုက်ပျိုးမည့်မျိုးကို သေချာစွာရွေးသည်။ မြေဩဇာ စနစ်တကျသုံးသည်၊ ကြခင်းစနစ်မှာ ပေါင်းသေချာလိုက်သည်။ အကြောင်းအမျိုးမျိုးကြောင့် အပင်သေလျှင်လည်း ချက်ချင်းအစားထိုးစိုက်သည်။ ရိတ်ချိန်ကျလျှင်လည်း စနစ်တကျ ရိတ်သိမ်း၊ နေလှန်း၊ သိုလှောင်ပြီးမှ ရောင်းသဖြင့် ဈေးပိုရသည်။ အစိုဓာတ် ၂၀-၂၃ ကြားရှိ အရည်အသွေးကောင်း ဆင်းသုခစပါးပေါင် (၅၀) တင်း (၁၀၀) လျှင် ကျပ် ၁၃ သိန်းဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

တောင်သူများအနေဖြင့် မိမိစိုက်ပျိုးထုတ်လုပ်သော စပါးဈေး ကောင်းရပြီးတွက်ခြေကိုက်စေရန်အတွက် မြေပြုပြင်ခြင်း၊ မျိုးရွေးချယ်စိုက်ပျိုးခြင်း၊ ထိရောက်သော မြေဩဇာထည့်ခြင်း၊ စနစ်တကျ ပေါင်းနှိမ်ခြင်းတို့ကို ဆောင်ရွက်မှသာ အရည်အသွေးမြင့် စပါးများ ထွက်ရှိပြီး စီးပွားရေး တွက်ခြေကိုက်မည်ဖြစ်သည်။ ကြခင်းစနစ်ဖြင့် စိုက်ပျိုးမှုများလာသည့်ကာလတွင် မိမိကြဲထားသော ပျိုးစေ့များ အပင်ပေါက်နှုန်း ကောင်းမွန်ရေး၊ မပေါက်ပါက အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် ပျိုးထောင်ထားနိုင်ရေးတို့ကို ရာသီအမီ လုပ်ကိုင်နိုင်မှ အထွက်နှုန်းကောင်းမည်ဖြစ်သည်။

စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် စပါးအထွက်နှုန်းကို အကျိုးပြုသည့် အခြေခံအင်္ဂါရပ်များကို အချိုးညီညီ ဟန်ချက်မပျက် တိုးတက်အောင် ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ စိုက်ပျိုးပြီး ထွက်ရှိလာသည့် စပါးများကိုလည်း ရိတ်သိမ်းပြီးချိန်မှစ၍ ဆန်မကြိတ်ခွဲမီအတွင်း လေလွင့်ပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေနိုင်သော အကြောင်းရပ်များကို ရှောင်ကြဉ်ပြီး စပါးအရည်အသွေးကို အစဉ်တစိုက်ထိန်းသိမ်းသွားနိုင်ရန်လည်း အရေးကြီးသည်။ စပါးကို ဆန်အဖြစ် ကြိတ်ခွဲစားသုံးကြခြင်းဖြစ်ရာ ဆန်ကြိတ်ထွက်နှုန်း ကောင်းမွန်ရန် စပါးအရည်အသွေး ကောင်းမွန်ရန် လိုအပ်သည်။

ထို့ပြင် တောင်သူများအနေဖြင့် စပါးပေါ်လျှင်ပေါ်ချင်းထုတ် ရောင်းခြင်းကို လျှော့ချရန်လည်း လိုအပ်သည်။ ငွေကြေးလိုအပ်မှုအတွက် စပါးပေါ်လျှင် ပေါ်ချင်းထုတ်ရောင်းပါက ရောင်းလိုအားများပြီး အဝယ်သမားများတွင် ငွေမလည်၍ စပါးအဝယ်မသွက်သည့်အတွက် ဈေးလျော့နည်းစေခြင်းကိုဖြစ်စေသည်။ ထို့ကြောင့် တောင်သူများအနေနှင့် ထွက်ရှိသည့်စပါးကို အကုန်မရောင်းဘဲ နိုင်သလောက် သိုလှောင်ရောင်းချခြင်းမှာလည်း စပါးဈေးကောင်းရစေသော အချက်တစ်ချက်ဖြစ်သည်။

တောင်သူများအနေဖြင့် စပါးသိုလှောင်ရာတွင် အရေအတွက်နှင့် အရည်အသွေး လေလွင့်ပျက်စီးဆုံးရှုံးမှုနည်းနိုင်သမျှ နည်းစေရန်အတွက် အကုန်အကျသက်သာသော သိပ္ပံနည်းကျ ရိုးရာသိုလှောင်မှု နည်းစနစ်များကို လိုက်နာကျင့်သုံးဆောင်ရွက်ရန်လိုသည်။

၎င်းတို့မှာ သတ်မှတ်ထားသည့် အစိုဓာတ်ရောက်သည်အထိ ခြောက်သွေ့စေပြီးမှ သိုလှောင်စေခြင်း၊ သီးနှံနှင့်ရောနှောနေသည့် ဖုံ၊ သဲ၊ ခဲ၊ အဖျင်းအမှော် စသည်တို့ကို သန့်စင်စေပြီးမှ သိုလှောင်ခြင်း၊ သိုလှောင်ခြင်းမပြုမီနှင့် သိုလှောင်ထားသည့် ကာလအတွင်း ပိုးမွှား၊ ကြွက်၊ ငှက် စသည်တို့၏ စားသောက်ဖျက်ဆီးမှုကို ကာကွယ်ခြင်း၊ ခြောက်သွေ့၍ အလုံပိတ်နိုင်သော ကျီ၊ ပုတ်များအတွင်း ထည့်သွင်း၍ အပူချိန်နည်းသည့် နေရာတွင် သိုလှောင်ခြင်းနှင့် သိုလှောင်ထားမည့်နေရာနှင့် ပတ်ဝန်းကျင်တစ်ဝိုက် အမြဲသန့်ရှင်းအောင်ထားခြင်းတို့ဖြစ်သည်။

တောင်သူတို့ နေပူမရှောင်၊ မိုးရွာမရှောင် အပတ်တကုတ် ကြိုးစားစိုက်ပျိုးထုတ်လုပ်ခဲ့သည့် စားသုံးသီးနှံများသည် အရည်အသွေးမကောင်းပါက ဈေးကောင်းရမည်မဟုတ်ပါ။ မိမိတို့၏စိုက်ပျိုးထုတ်လုပ်မှုမှ ထွက်ရှိလာသည့်သီးနှံများ အရည်အသွေးပြည့်မီမှသာ အရည်အသွေးမီစားဆန်များ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်ရှိ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချစားသုံးသူများအားလုံး အကျိုးရှိမည်ဖြစ်သည့်အပြင် တိုင်းပြည်ဝင်ငွေလည်း တိုးတက်မည်ဖြစ်ကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား - ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချဌာန၏ သိပ္ပံနည်းကျ ရိုးရာသိုလှောင်မှုနည်းစနစ်**



# မြစ်သားမြို့နယ်တွင် ဆောင်းငရုတ်များ စတင်စိုက်ပျိုး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် သီးနှံမျိုးစုံ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ ၎င်းသီးနှံများအနက် ဆောင်းငရုတ်သီးနှံကို ရွှေကြာအင်း၊ ထနောင်းကုန်း၊ သိုတန်ရွာများတွင် အများဆုံး စတင်စိုက်ပျိုးကြရှိသည်။

ဆောင်းငရုတ်ကို အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြပြီး ဖေဖော်ဝါရီနှင့် မတ်လများတွင် စတင်ထွက်ရှိမည်ဖြစ်သည်။ ဆောင်းငရုတ်မျိုးအနေဖြင့် ၆၉၂၊ သာမို၊ ဒီမွန်မျိုး များကိုအများဆုံး စိုက်ပျိုးကြသည်။ ရာသီမရွေးစိုက်ပျိုးနိုင်သောကြောင့် တောင်သူများမှာ တစ်နှစ်ပတ်လုံး စိုက်ပျိုးလာကြသည်။ ငရုတ်စိုက်ပျိုးရာတွင် ပျိုးထောင်၍ မြေဘောင်များပြုလုပ်ပြီး စိုက်ပျိုးကြသည်။

ဆောင်းငရုတ်စိုက်ပျိုးမှု တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းကျပ် ၁၅၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ မြေဆီမြေဩဇာကျွေးသည့်အပေါ် မူတည်ပြီး အပင်သက်တမ်းကြာနိုင်ပြီး ကာလရှည်သီးနှံဖြစ်သောကြောင့် အသီးအပွင့်များ ဝေဆာကာအထွက်နှုန်း ပိုကောင်းကြောင်းသိရသည်။

ယခင်နှစ် ဆောင်းငရုတ်ထွက်ရှိချိန်တွင် တစ်ဧကလျှင် အစိုတင်း ၂၀၀ ကျော်ထွက်ရှိပြီး အခြောက်တင်း ၈၀ ခန့်ထွက်ရှိကြောင်း၊ ပိဿာအနေဖြင့် အစိုပိဿာ ၁၀၀၀၊ အခြောက်ပိဿာ ၃၀၀-၄၀၀ ထွက်ရှိကြောင်း၊ ယခင်နှစ် ငရုတ်သီးဈေးနှုန်းအနေဖြင့် ငရုတ်အညှာခြွေ တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ အညှာပါ တစ်ပိဿာလျှင် ကျပ် ၁၁၀၀၀၊ ငရုတ်သီးမှုန့် တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြောင်း သိရသည်။

ယခင်နှစ်က ဆောင်းငရုတ်တစ်ဧက အကျိုးအမြတ်အနေဖြင့် စိုက်ပျိုးစရိတ်နုတ်ပြီး ကျပ် ၁၈၀၀၀၀၀ ခန့်မြတ်ကြောင်းသိရသည်။ နိုဝင်ဘာလစတုတ္ထပတ်တွင် ငရုတ်ရှည်အခြောက်ပေါက်ဈေးအနေဖြင့် အညှာခြွေတစ်ပိဿာလျှင် ကျပ် ၁၁၀၀၀၊ အညှာပါ တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ အမှုန့်တစ်ပိဿာလျှင် ကျပ် ၁၈၀၀၀ဖြင့် ရောင်း ဝယ်လျက်ရှိကြောင်း၊ ငရုတ်သီးထွက်ပေါ်ချိန်တွင် တောင်သူများမှ မြို့ပေါ်ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ပွဲရုံများမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဆောင်းငရုတ်ထွက်ပေါ်ချိန်တွင်လည်း ဈေးနှုန်းများ ကောင်းမွန်ပါက တောင်သူများ အကျိုးအမြတ် ပိုမိုဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း ဆောင်းငရုတ် စိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရှိရသည်။

**မော်မော်အောင် ( MDYDOCA)**

# မြစ်သားမြို့နယ်၌ မိုးနှောင်း ချည်မျှင်ရှည်ဝါများ စတင်ရိတ်သိမ်း



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းတွင် စပါး၊ ပဲ၊ ပြောင်း၊ ကြက်သွန်နှင့် ငရုတ်သီးနှံများအပြင် ဈေးကွက်ဝယ်လို အားရှိပြီး လူတို့အသုံးအဆောင်ဖြစ်သော အဝတ်အထည်များ ရက်လုပ်ရန်အတွက် ဝါသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိသည်။ ခရိုင်အတွင်း မိုးနှောင်းဝါစိုက်ဧက ၄၀၉၃ စိုက်ပျိုးခဲ့ပြီး ၈၇၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။

ဝါစိုက်ပျိုးသော ရွာများမှာ ဒိုင်းမြနဒီ၊ မှက္ခရာ၊ ဆင်သည်၊ သပြေ တောင်းရွာများ၌ အများဆုံးစိုက်ပျိုးကြသည်။ ဝါစိုက်ပျိုးရာတွင် ဘောင်ကြောင်းပေးစနစ်ဖြင့် အတန်းလိုက် စိုက်ပျိုးကြကြောင်း၊ ဝါစိုက်ပျိုးမှုတွင် မျိုးအနေဖြင့် ငွေချည်-၆၊ ရွှေတောင် - ၈ မျိုးများကို အများဆုံး စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးထုပ် ၂-၃ ထုပ်အထိ ကုန်ကျကြောင်း၊ မျိုးတစ်ထုပ်ဈေးနှုန်းအနေဖြင့် ကျပ် ၆၄၀၀၀-၆၉၀၀၀ ဈေးဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ် ၅၀၀၀၀၀ ခန့် ကုန်ကျပြီး တစ်ဧက အထွက်နှုန်းအနေဖြင့် ပိဿာ ၄၀၀-၅၀၀ ပိဿာခန့် ထွက်ရှိကြောင်း၊ ဝါဈေးနှုန်းအနေဖြင့် ယခင်နှစ်တွင် ဝါတစ်ပိဿာလျှင် ကျပ် ၃၂၀၀၊ ယခုလက်ရှိပေါက်ဈေးဝါအသစ် တစ်ပိဿာလျှင် ၃၅၀၀-၃၈၀၀ ကျပ်၊ ဂွမ်းအသစ် တစ်ပိဿာလျှင် ကျပ် ၈၉၀၀-၉၀၀၀၊ အရည်အသွေးကောင်းမွန်သော ဝါအသန့် တစ်ပိဿာလျှင် ကျပ် ၄၁၀၀၊ ဂွမ်းအကောင်း တစ်ပိဿာလျှင် ၉၈၀၀-၁၀၀၀၀ ကျပ်တို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မြို့ပေါ်ပွဲရုံများဖြစ်သော ကူမဲမြို့၊ အောင်ကမ္ဘာပွဲရုံသို့ တိုက်ရိုက်တင်ပို့ရောင်းချကြကြောင်း၊ ပွဲရုံများမှတစ်ဆင့် ဝါစက်များ၊ ချည်မျှင် ရက်ကန်းရုံများနှင့် မန္တလေးစက်မှုဇုန်(၁)သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် စိုက်ပျိုးစရိတ် နုတ်ပြီး ကျပ် ၉၀၀၀၀ ခန့်မြတ်ကြောင်း၊ ဝါအထွက်နှုန်းကောင်းမွန်ရန်နှင့် တောင်သူအကျိုးအမြတ် ပိုမိုဖြစ်ထွန်းရန်အတွက် မျိုးရိုးဗီဇမှန်ကန်သော မျိုးများနှင့် စုပ်စားပိုးဒဏ်ခံနိုင်သော မျိုးများ အာမခံချက်ပေးနိုင်ရန် သက်ဆိုင်ရာဌာန၏ ပံ့ပိုးမှုများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**Mdydoca၊ မော်မော်အောင်**

# စက်သုံးဆီ (တစ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် နိုဝင်ဘာ ၂၀ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၀၆၇ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ နိုဝင်ဘာ ၂၆ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၄၁၆၄ ဒေါ်လာဖြစ်ခဲ့သည်။ ပြည်တွင်း ရွှေဈေးသည်လည်း နိုဝင်ဘာ ၂၀ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၈၅၈၀၀၀၀ ပေါက်ဈေး ရှိခဲ့ရာမှ နိုဝင်ဘာ ၂၆ ရက်တွင် ကျပ် ၈၇၄၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၇၅ ဘီလီယံ ရှိကြောင်းသိရှိရသည်။ Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း ခန့်မှန်းထားခဲ့သည်ကို တွေ့ရသည်။

နိုဝင်ဘာ ၂၀ ရက်မှ နိုဝင်ဘာ ၂၆ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာငွေ လဲလှယ်နှုန်းများကို တစ်ဖက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ နိုဝင်ဘာ ၂၀ ရက်မှ နိုဝင်ဘာ ၂၆ ရက်ထိ ရက်သတ္တပတ်အတွင်း ၄၀၆၀-၄၀၇၀ ကျပ်ကြား ရှိနေ ကြောင်း သိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၀-၁၁-၂၀၂၅ | ၂၁-၁၁-၂၀၂၅ | ၂၄-၁၁-၂၀၂၅ | ၂၅-၁၁-၂၀၂၅ | ၂၆-၁၁-၂၀၂၅ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၂.၄၅၇ | ၃၂.၄၅၇ | ၃၂.၄၉၈ | ၃၂.၃၂၈ | ၃၂.၂၄၃ | -၀.၆၆ | ↓ |
| ၃ | Singapore Dollar | SGD | ၁.၃၀၇ | ၁.၃၀၇ | ၁.၃၀၅ | ၁.၃၀၃ | ၁.၂၉၈ | -၀.၆၉ | ↓ |
| ၄ | Malaysian Ringgit | MYR | ၄.၁၅၇ | ၄.၁၄၆ | ၄.၁၄၀ | ၄.၁၃၆ | ၄.၁၃၆ | -၀.၅၁ | ↓ |
| ၅ | Indonesian Rupiah | IDR | ၁၆၇၃၃ | ၁၆၆၉၃ | ၁၆၆၉၃ | ၁၆၆၅၃ | ၁၆၆၅၃ | -၀.၄၈ | ↓ |
| ၆ | Chinese Yuan | CNY | ၇.၁၁၇ | ၇.၁၁၀ | ၇.၁၀၆ | ၇.၀၉၅ | ၇.၀၇၉ | -၀.၅၃ | ↓ |
| ၇ | Indian Rupee | INR | ၈၈.၆၄၅ | ၈၈.၇၂၀ | ၈၉.၂၈၆ | ၈၉.၂၄၈ | ၈၉.၂၈၆ | ၀.၇၂ | ↑ |
| ၈ | Japanese Yen | JPY | ၁၅၇.၂၁၅ | ၁၅၆.၆၄၅ | ၁၅၆.၈၃၀ | ၁၅၆.၆၄၅ | ၁၅၆.၄၀၀ | -၀.၅၂ | ↓ |
| ၉ | Australian Dollar | AUD | ၁.၅၄၄ | ၁.၅၅၂ | ၁.၅၅၁ | ၁.၅၅၀ | ၁.၅၃၈ | -၀.၃၉ | ↓ |
| ၁၀ | Euro | EUR | ၀.၈၆၈ | ၀.၈၆၆ | ၀.၈၆၇ | ၀.၈၆၈ | ၀.၈၆၄ | -၀.၄၆ | ↓ |
| ၁၁ | Pound Sterling | GBP | ၀.၇၆၅ | ၀.၇၆၄ | ၀.၇၆၄ | ၀.၇၆၂ | ၀.၇၅၉ | -၀.၇၈ | ↓ |

Source- Central Bank of Myanmar

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက နိုဝင်ဘာ ၂၆ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၂၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။

ထိုင်းဆန်ဈေးနှုန်းများမှာ (၁၀၀ ရာခိုင်နှုန်း) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၄၊ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၈၉၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၈ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၃၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀ ဖြင့်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၈၊ ဧည့်မထ(၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၅၊ ပေါင်းဆန် (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅ ဖြင့် အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

Thai Rice Exporter Association တွင် ဖော်ပြချက်အရ နိုဝင်ဘာ နောက်ဆုံးပတ်တွင် ဆန်ဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံတွင် (၁၀၀ ရာခိုင်နှုန်း) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၇ မှ ၄၀၄၊ ဧည့်မထ (၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၂ မှ ၃၈၉၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၅၇ မှ ၃၇၈)နှင့် ပေါင်းဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ (၃၆၈ မှ ၃၉၈)၊ ပါကစ္စတန်နိုင်ငံတွင် ဧည့်မထ (၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၃၉ မှ ၃၄၂)နှင့် အိန္ဒိယနိုင်ငံတွင် ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၅၂ မှ ၃၅၅ ) သို့ ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ (၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၆၃ )နှင့် ပါကစ္စတန်နိုင်ငံတွင် ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့် ဈေးနှုန်း တည်ငြိမ်လျက်ရှိပြီး ဗီယက်နမ်နိုင်ငံတွင် ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ(၃၄၅ မှ ၃၄၀)နှင့် အိန္ဒိယနိုင်ငံတွင် ဧည့်မထ (၅ ရာခိုင်နှုန်း) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၁ မှ ၃၄၈၊ ဧည့်မထ (၂၅ ရာခိုင်နှုန်း) ဆန်တစ်တန် လျှင် အမေရိကန်ဒေါ်လာ ၃၃၆ မှ ၃၃၅ သို့ ဈေးနှုန်း အနည်းငယ် လျော့ကျမှုရှိကြောင်း တွေ့ရှိရသည်။ Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၃၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း သိရှိရသည်။

လက်ရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ (ယာယီ) စာရင်းများအရ မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၉၂၇၇၉၁ ဒသမ ၄၃၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၂၉ ဒသမ ၀၆၁ သန်း၊ ဆန်ကွဲ တန်ချိန် ၈၃၈၈၆၇ ဒသမ ၉၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၉ ဒသမ ၈၉၉ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၇၆၂၆၅၉ ဒသမ ၃၃၅ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၆၈ ဒသမ ၉၆၀ သန်း ရရှိထားပြီး ယခင်နှစ် ကာလတူတွင် ဆန်တန်ချိန် ၉၂၃၃၀၉ ဒသမ ၃၁၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၉၁ ဒသမ ၇၂၆ သန်း၊ ဆန်ကွဲတန်ချိန် ၆၇၅၀၀၃ ဒသမ ၇၅၁ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၃ ဒသမ ၄၀၂ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၅၉၈၃၁၃ ဒသမ ၀၆၁ တန်၊တန်ဖိုးအမေရိကန်ဒေါ်လာ ၇၅၅ ဒသမ ၁၂၈ သန်း တင်ပို့ခဲ့သည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဆန်၊ ဆန်ကွဲ တန်ချိန် ၁ ဒသမ ၆၄ သိန်း (၁၀ ရာခိုင်နှုန်း) ပိုမို တင်ပို့နိုင်သည်။ သို့သော် ဗီယက်နမ်၊ ထိုင်းနိုင်ငံများနည်းတူ ကမ္ဘာ့ဆန်ဈေးကွက် ပေါက်ဈေး လိုက်၍ ယခင်နှစ်ကာလတူထက် ဆန်ဈေးနှုန်း ကျဆင်းမှုများ ရှိသဖြင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၁၆၈ သန်း လျော့နည်းရရှိသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် နိုဝင်ဘာ ၂၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဆန်ချော (အသစ်)တစ်အိတ်လျှင် ၂၉၈ ယွမ် ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၅၈၀ ကျပ်နှုန်းရှိသောကြောင့် ဆန်သစ်တစ်အိတ်လျှင် ၁၇၀၀၀၀ ကျပ်ကျော် ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် နိုဝင်ဘာ ၂၆ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၁၂၈ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထ ဆန် တစ်ပြည်လျှင် လာရှိုးမြို့တွင် ကျပ် ၅၀၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပုသိမ်မြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# စွန့်ပစ်ပစ္စည်း (Recycle) ဈေးနှုန်းဈေးကွက်

မိသားစုများအနေဖြင့် နေ့စဉ် Recycle အဖြစ်အသုံးပြုရန် ပြန်လည်ရောင်းချနိုင်သော စွန့်ပစ်ပစ္စည်းများရှိနေပြီး ၎င်းစွန့်ပစ်ပစ္စည်းများကို ဝယ်ယူသည့်ဆိုင်များမှာလည်း ဈေးကွက်အတွင်း ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိနေကြောင်း သိရှိရသည်။

ပြည်ခရိုင် ပြည်မြို့နယ်အတွင်း Recycle ပစ္စည်းများအား ပြန်လည်ဝယ်ယူ၍ တစ်ဆင့်ပြန်လည်ရောင်းချနေသော ပစ္စည်းဟောင်းဝယ်ယူသည့် ဆိုင်များစွာရှိနေပြီး အဆိုပါဆိုင်များအနေဖြင့် ဝယ်ယူရရှိသည့် Recycle ပစ္စည်းများအား ရန်ကုန်မြို့ရှိ မြောင်းတကာ၊ လှိုင်သာယာ၊ ရွှေပြည်သာမြို့နယ်တို့ရှိ Recycle ပစ္စည်းများ ပြန်လည်ပြုပြင်၍ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံများသို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိသည်။

ဆိုင်များမှဝယ်ယူသည့် တစ်ပိဿာဈေးနှုန်းများအနေဖြင့် ပလတ်စတစ် (ပျော့) ကျပ် ၇၀၀၊ ပလတ်စတစ် (အကြွပ်) ကျပ် ၅၀၀၊ ရေသန့်ဘူးခွံ One Liter တစ်ဘူးလျှင် ကျပ် ၁၅၀၊ ရေသန့်ဘူးခွံအသေး တစ်ဘူးလျှင် ကျပ် ၁၀၀၊ ပုံး၊ ဇလုံ၊ ကော်ခုံကျိုးတစ်ပိဿာလျှင် ကျပ် ကျပ် ၁၀၀၀၊ သံ (ပါး) ကျပ် ၈၀၀၊ သံ (အထူ) ကျပ် ၁၅၀၀၊ သတင်းစာစက္ကူ တစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ ကျောင်းသုံးဗလာစာအုပ် တစ်ပိဿာလျှင် ကျပ် ၂၀၀၀၊ A4 စက္ကူ တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ ကတ်ထူစက္ကူ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ အထိ ဝယ်ယူကြောင်း သိရှိရသည်။

ဝယ်ယူရရှိသည့် ပစ္စည်းများအား ရန်ကုန်မြို့ရှိ Recycle ပစ္စည်းများ ပြန်လည်ပြုပြင်ထုတ်လုပ်သည့် စက်ရုံ၊ အလုပ်ရုံများသို့တစ်ဆင့်တင်ပို့ရောင်းချရာတွင်လည်း ဈေးကောင်းရရှိလျက်ရှိသည်။

မိသားစုတစ်စု၏ နေ့စဉ် Recycle စွန့်ပစ်ပစ္စည်းများအား သင့်တင့်သောဈေးနှုန်းဖြင့် ပြန်လည်ရောင်းချသောကြောင့် မိသားစုအတွက် စွန့်ပစ်ပစ္စည်းများမှ ဝင်ငွေရရှိခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချသည့် ဆိုင်များအနေဖြင့်လည်း အကျိုးအမြတ်ရရှိခြင်း၊ စက်ရုံအလုပ်ရုံများမှ အိမ်သုံးပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ရာတွင်လည်း အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများအား လွယ်ကူသက်သာစွာ ရရှိလျက်ရှိခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်တွင်လည်း များစွာအကျိုးဖြစ်ထွန်းမှု ရှိပါသောကြောင့် စွန့်ပစ်ပစ္စည်းRecycle ဈေးကွက်အနေဖြင့် ခိုင်မာစွာ ရပ်တည်လျက်ရှိကြောင်း သိရှိရသည်။

**အိအိခိုင်(ပြည်)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် နိုဝင်ဘာ ၂၄ ရက် Global Petrol Prices Website တွင် ယခုတစ်ပတ်အတွက် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၈ နိုင်ငံအနက် ကမ္ဘောဒီးယားနိုင်ငံသည် ယခုတစ်ပတ်တွင် ၁၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး အာဂျင်တီးနားနိုင်ငံတွင် ၆ ဒသမ ၀၀ ရာခိုင်နှုန်း၊ ဂွါတီမာလာနိုင်ငံတွင် ၃ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ဘူတန်နိုင်ငံတွင် ၂ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၄၀ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ယခုတစ်ပတ်အတွက် ဖော်ပြချက်အရ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ဟောင်ကောင်၊ ပါကစ္စတန်၊ တရုတ်(တိုင်ပေ)၊ အာမေနီးယား၊ ခရိုအေးရှား၊ ဂျော်ဂျီယာ၊ မွန်ဂိုလီးယား၊ မော်ရိုကို၊ နီပေါ၊ သီရိလင်္ကာ၊ ဆူရီနမ်၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၃ နိုင်ငံ၏ ဓာတ်ဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဂျပန်၊ ပီရူး၊ ကနေဒါ၊ ပေါ်တူဂီ၊ ချီလီ၊ နိုင်ဂျီးရီးယား၊ နော်ဝေ၊ ဒိန်းမတ်နှင့် အာဖဂန်နစ္စတန် စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၄၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

နိုဝင်ဘာ ၂၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် အာဆီယံနိုင်ငံများ၏ ဓာတ်ဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် ၁၁ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၃ ဒသမ ၀၀ ရာခိုင်နှုန်းသို့ ဈေးနှုန်းကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်း အလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း အင်ဒိုနီးရှား၊ လာအို၊ စင်ကာပူ၊ ထိုင်း၊ တရုတ်၊ ပါကစ္စတန်၊ တရုတ်(တိုင်ပေ)၊ ခရိုအေးရှား၊ အီဂျစ်၊ ဂျော်ဒန်၊ ကင်ညာ၊ မက္ကဆီကို၊ မိုနာကို၊ မော်ရိုကို၊ နီပေါ၊ ပါရာဂွေး၊ ဆွစ်ဇာလန်၊ ဇမ်ဘီယာနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၀ တွင် ယခင်တစ်ပတ် ဒီဇယ်ဆီဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံ ၁၀ နိုင်ငံရှိပြီး ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဂျပန်၊ ပီရူး၊ ဒိန်းမတ်၊ နော်ဝေ၊ Puerto Rico နှင့် အာဖဂန်နစ္စတန် စသည့် နိုင်ငံများပါဝင်ကြောင်းနှင့် ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၂၀ ရာခိုင်နှုန်းမှ ၉ ဒသမ ၁၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

နိုဝင်ဘာ ၂၄ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် အာဆီယံနိုင်ငံများ၏ ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၁၉ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် မလေးရှားနိုင်ငံတွင် ၁ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၆ ဒသမ ၉၀ ရာခိုင်နှုန်း၊ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၈၆ | ၀.၈၄ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၆ | ၀.၈၇ |
| ၃ | ထိုင်း | လီတာ | ၁.၃၂ | ၀.၉၆ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၀ | ၀.၇၆ |
| ၅ | စင်ကာပူ | လီတာ | ၂.၁၀ | ၁.၉၆ |
| ၆ | မလေးရှား | လီတာ | ၀.၆၄ | ၀.၇၅ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၄ | ၀.၉၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၃ | ၀.၉၉ |
| ၉ | လာအို | လီတာ | ၁.၃၂ | ၀.၈၉ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

DOT (P&S)

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၅ | ၀.၉၃ |
| ၂ | ဂျပန် | လီတာ | ၁.၀၉ | ၀.၉၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၁၃ | ၁.၀၂ |

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၃၈၂၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၇၁၀၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၆၀၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၃၆၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပဲခူးမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၂၆၉၀၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၂၅၇၀၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၆၇၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၅၅၅ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်း စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၁၄၀ ဈေးနှုန်းနှင့် ဒီဇယ်တစ်လီတာလျှင် ၉၅ ကျပ်ဈေးနှုန်း ကျဆင်းလျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

# MSMEs လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိ



တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ တောင်ဘက်အစွန်းတွင် တည်ရှိကာ အရှေ့ဘက်တွင် ထိုင်းနိုင်ငံနှင့် ဆက်စပ်လျက်ရှိပြီး နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ဒေသတွင်း MSMEs လုပ်ငန်းများဖြစ်သော ငါးမုန့်လုပ်ငန်း၊ ဝဥခြောက်လုပ်ငန်း၊ သီဟိုဠ်စေ့လုပ်ငန်း၊ ရော်ဘာမှိုင်းခံ လုပ်ငန်း၊ ကော်ဖီလုပ်ငန်း၊ ဓနိလုပ်ငန်း၊ ထားဝယ်ရိုးရာပုဆိုးလုပ်ငန်း၊ ငှက်သိုက်လုပ်ငန်း၊ ဒူးရင်းသီးလုပ်ငန်း၊ တံမြက်စည်းလုပ်ငန်း၊ ကွမ်းသီး အခြောက်ခံလုပ်ငန်း စသည်များအပြင် အခြားအသေးစား မုန့်လုပ်ငန်းများ၊ ငါးမွေးမြူရေးလုပ်ငန်း၊ အသင့်စားငါး၊ ပုစွန်ထွက်ပစ္စည်းလုပ်ငန်းများလည်း များပြားစွာရှိပြီး ပြည်တွင်း၊ ပြည်ပတင်ပို့ ရောင်းဝယ်လျက်ရှိသည်။

အဆိုပါ တနင်္သာရီတိုင်းဒေသကြီး၏ MSMEs လုပ်ငန်းများကိုလည်း နိုင်ငံတော်၏ ချမှတ်သော ရည်ရွယ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် ထားဝယ်ခရိုင် MSMEs အသင်းအားဖွဲ့စည်းမှု တစ်နှစ်ပြည့် နှစ်ပတ်လည်အစည်းအဝေးကို ထားဝယ်မြို့၊ ထားဝယ်ဟိုတယ်တွင် နိုဝင်ဘာ ၁၅ ရက်က ကျင်းပခဲ့ပြီး ဒေသတွင်း MSMEs ထုတ်ကုန်များကို ခင်းကျင်းပြသခဲ့သည်။

**MSMEs ထုတ်ကုန်များအား (value added) တန်ဖိုးမြှင့်ထုတ်**

ကုန်များထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ ပိုမိုတင်ပို့ရောင်းချနိုင်ရန် နှင့် ပြည်ပမှတင်သွင်းမှုအား အစားထိုး ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်မှလည်း ပြည်ပဝင်ငွေ ပိုမိုရရှိနိုင်ပြီး ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန် MSMEs ထုတ်ကုန်များကို ပြည် တွင်း၌အသုံးပြု၍ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး၊ တရားမဝင် တင်သွင်းထုတ်လုပ်ရောင်းချခြင်းများကို တားဆီးရေးတို့တွင် ပါဝင်ကူညီဆောင်ရွက်ရန်၊ တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသော MSMEs ထုတ်ကုန်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်တွင် ပိုမိုကျော်ကြား၍ ရောင်းအားမြှင့်တင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲများတွင် ပြသနိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ကုန်ကြမ်းအတိုင်း တင်ပို့မှုထက်ကုန်ချောများ တိုးတက်ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေး၊ နည်းပညာ၊ စက်ကိရိယာများလိုအပ်မှုအား တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီးအတွင်းရှိ လူမျိုးများအားလုံး ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ တနင်္သာရီတိုင်းဒေသကြီးသည် ဒေသတွင်း MSMEs ထုတ်ကုန်များအား ပိုမိုတိုးတက်လာအောင် ဆောင်ရွက်ပြီး နောင်တွင် ပြည်ပသို့တိုက်ရိုက်တင်ပို့နိုင်ပါက ဒေသတွင်း MSMEs လုပ်ငန်းများ ပိုမိုတိုးတက်လာပြီး တိုင်းဒေသကြီးမှသည် နိုင်ငံတော်အတွက်ပါအားကိုးရမည့် MSMEs လုပ်ငန်းများဖြစ်သဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိMSMEs လုပ်ငန်းများ တိုးတက်ရေးနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ပါသည်။

**စိုးငြိ(ထားဝယ်)**

# မွန်ပြည်နယ်၏ အသေးစား အထည်ချုပ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လျက်ရှိ

ခင်ကြည် (မွန်ပြည်နယ်)

မွန်ပြည်နယ် မော်လမြိုင်မြို့အတွင်း စက်ချုပ်ပညာဖြင့် အသေးစားအထည်ချုပ်လုပ်ငန်း ကိုးခုခန့်ရှိသည်။ ထိုအထည်ချုပ်လုပ်ငန်းများသည် ခေတ်နှင့်အညီ ဒီဇိုင်းများဖန်တီးချုပ်လုပ်၍ ဈေးကွက်အတွင်း နေရာခိုင်မာမှုရရှိထားပြီးဖြစ်သည်။ အထည်ချုပ်လုပ်ငန်းများသည် ဒေသတွင်း စီးပွားရေး အသေးစားလုပ်ငန်းများဖြစ်၍ စိတ်ဝင်တစား ထုထောင်လုပ်ကိုင်သူများလာ၍ တစ်ဖက်တွင်လည်း အမျိုးသမီးများ မိမိတို့နေရာဒေသမှာ အလုပ်အကိုင်ရရှိ၍ မိသားစုဝင်ငွေရရှိလာသောကြောင့် ပိုမိုလုပ်ကိုင်လာကြသည်။


**ကုန်ကြမ်းပစ္စည်း ဝယ်ယူခြင်း**

မော်လမြိုင်မြို့ အထည်ချုပ်အသေးစားလုပ်ငန်း၌ လိုအပ်သည့် ကုန်ကြမ်းပိတ်စကို ယိုးဒယား မဲဆောက်မြို့၊ မြဝတီမြို့နှင့် ရန်ကုန်မြို့ ဘက်ခြမ်းမှ ဝင်ရောက်သော ပိတ်သား (စပန့်၊ ကော်တွန်၊ ပါထိုင်း) တို့ကို အသုံးပြုသည်။ ကိုက်အရေအတွက်ဖြင့်လည်းကောင်း၊ ကီလိုဂရမ်ချိန် ဈေးနှုန်းဖြင့်လည်းကောင်း ဝယ်ယူရသည်။

ဈေးနှုန်းအားဖြင့် ကီလိုဂရမ်ချိန် ဆာလာအိတ်ဖြင့် ထုပ်ပိုးထားသည့် ပိတ်စ (ပြော)ကီလို ၂၀ပါနှင့် ၅၀ကီလိုပါထိ ပိတ်စအတို/အရှည် ရောနှောပါသည့် ပိတ်အထုပ်များကို ကီလိုဈေးဖြင့် တစ်ကီလိုလျှင် ကျပ် ၅၀၀၀ ဖြင့် အိတ်သွပ်ဝယ်ရသည်။ ထို့ပြင် ပိတ်သန့်ကိုက်တို (တစ်ကိုက်မှ ၃ကိုက်ပါ) တစ်ကီလိုလျှင် ကျပ် ၈၀၀၀ မှ ၁၀၀၀၀ အတွင်းရှိပြီး၊ ပိတ်သန့်ကိုက်ရှည် ၂၀ ပါပိတ်စ တစ်ကီလိုဈေးဖြင့် ကျပ် ၁၉၀၀၀ မှ ၂၂၀၀၀ အတွင်း ကိုက်ဈေးနှုန်းဖြင့် တစ်ကိုက်လျှင် ၄၅၀၀ ကျပ်မှ ကျပ် ၅၀၀၀ အထိရှိပြီး အပွင့်အဆင်၊ ကာတွန်းရုပ်အဆင်များဖြင့် ဈေးနှုန်းကွာခြားမှုရှိသည်။

ကိုက်ဖြတ်ဝယ်ယူလျှင် ဈေးနှုန်းအားဖြင့် ပိတ်စအဆင်ကာလာစုံ၊ ဒီဇိုင်းစုံ ရွေးချယ်ဝယ်ယူ၍ ရသည်တစ်ကိုက်လျှင် ကျပ် ၄၅၀၀မှ ၅၀၀၀ နှင့် ပိတ်စအမျိုးအစားပေါ် မူတည်၍ ဈေးနှုန်းကွာခြားချက်ရှိသည်။ ထိုပိတ်စများကို အထည်ချုပ်လုပ်ငန်း၏ ကုန်ကြမ်းအဖြစ် အသုံးပြုသည်။ လုပ်ငန်းလည်ပတ်မှုနှင့် လုပ်သားခရရှိငွေ အထည်ချုပ်လုပ်ငန်းဦးစီးသူမှ အထည်အမျိုးအစားခွဲ၍ သတ်မှတ်ပုံဖော်ပြီး ပိတ်ဖြတ်သူ၊ မီးပူတိုက်သူ၊ အထည်ညှပ်သူ၊ အထည်ချုပ်သူ၊ အထည်ကို အဆင့်ဆင့်ပြုလုပ်၍ ထုပ်ပိုးပြီး နောက်ဆုံးကုန်ချောဖြစ်သော ကုန်စည်ကို ရောင်းချသူ၊ ဖောက်သည်တို့အား ဖြန့်ဖြူးရောင်းချ၍ထိုမှတစ်ဆင့် ရပ်ကွက်ဈေး၊ မြို့နယ်ဈေးအသီးသီးတွင် ဖြန့်ချိရောင်းချသည်။

အထည်ချုပ်လုပ်သားများသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ အလုပ်ချိန်ကို သတ်မှတ်၍ လုပ်ကိုင်ကြသည်။ ချုပ်သည့် အထည်ပေါ် မူတည်၍ ချုပ်ထည်အမျိုးအမည်များမှာ အမျိုးသမီးဝတ် အင်္ကျီနှင့် ဘောင်းဘီရှည် (ဝမ်းဆက်)၊ အင်္ကျီနှင့် ဘောင်းဘီတို (ဝမ်းဆက်)၊ ဂါဝန်ရှည်၊ ခေါင်းစွပ် လက်တိုအင်္ကျီ၊ ခေါင်းစွပ်လက်ပြတ်အင်္ကျီ၊ ကလေးကျား/မဝတ် ဝမ်းဆက်စုံ၊ အမျိုးသားဝတ် ချိုင်းပြတ်စွပ်ကျယ်၊ အမျိုးသားဝတ် ဘောင်းဘီတို(ပိုးကြိုးပါ)အထည်များ၊ ဘောင်းဘီ သီးသန့်ဆိုဒ်စုံအထည်များ ချုပ်လုပ်သည်။ ဒီဇိုင်းဆွဲ ပိတ်ညှပ်သူများအနေဖြင့် ပိတ်စကို သေချာစနစ်တကျထားပြီးမှ ကက်သလောက်(အင်္ကျီပုံစံ)ကို ထပ်တူညှပ်ရသည်။ အထည်တစ်ခုလုံးတွင် ပါဝင်မည့် လိုအပ်ပစ္စည်းများကို သေချာစွာပြုလုပ်ပေးရသည်။



အထည်ချုပ်သည့်လုပ်ငန်းတွင် အထည်ညှပ်သူများသည် ဝင်ငွေအများဆုံးရသူဖြစ်သည်။ အထည်အရေအတွက်ပေါ် မူတည်၍ ရရှိသဖြင့် တစ်နေ့လျှင် လုပ်သားခရငွေ ၁၂၀၀၀ ကျပ်မှ ၁၈၀၀၀ ကျပ်အထိ ရရှိသည်။ ၎င်းမှတစ်ဆင့် ချုပ်လုပ်သူထံသို့ ရောက်ရှိပြီး ရိုးရိုးအပ်ချုပ်စက်ဖြင့်သော် လည်းကောင်း၊ မော်တာအပ်ချုပ်စက်ဖြင့်လည်းကောင်း အသုံးပြု၍ အထည်ချုပ်ကြသည်။ ချုပ်ရိုးချုပ်သားခိုင်ခံ့မှု၊ သပ်ရပ်မှု၊ ချည်မကျော်စေရန် အထည်ချုပ်ရသည်။ အထည်အရေအတွက်ပေါ် မူတည်၍ အထည်ချုပ်သူလုပ်အားခမှာ တစ်နေ့တာ လုပ်အားခရငွေ ကျပ် ၇၀၀၀ မှ ၁၅၀၀၀ အတွင်းရရှိသည်။ ထိုမှ ချုပ်ပြီးသားအထည်ကို မီးပူတိုက်၍ အချောသပ် အိတ်သွတ်ရသည်။ ၎င်းပြုလုပ်သူ လုပ်အားခ တစ်နေ့တာ ရငွေကျပ် ၆၀၀၀နှင့် ၈၀၀၀ အတွင်း ရရှိသည်။

လုပ်သားများအနေဖြင့် လုပ်ကိုင်မှုကွဲပြား၍ ရရှိသည့် ဝင်ငွေလည်းကွဲပြားမှုရှိသည်။ အထည်စုံနှင့် ဈေးနှုန်းအခြေအနေ ချုပ်ထည်အမျိုးအမည်များနှင့် ဈေးနှုန်းအခြေအနေမှာ အမျိုးသမီးဝတ် စပန့်ပိတ်သား အင်္ကျီနှင့်ဘောင်းဘီရှည်(ဝမ်းဆက်) ဆိုဒ်စုံကို ကျပ် ၁၃၀၀၀ မှ ၁၅၀၀၀ ဆိုဒ်စုံ၊ စပန့်ပိတ်သား အင်္ကျီနှင့်ဘောင်းဘီတို (ဝမ်းဆက်) ဆိုဒ်စုံကို ကျပ် ၁၂၀၀၀ မှ ၁၄၀၀၀ အတွင်း၊ စပန့်ပိတ်သား ဂါဝန်ရှည် (ဆိုဒ်စုံ)တစ်ထည်လျှင် ကျပ် ၁၂၀၀၀ မှ ၁၄၀၀၀၊ ခေါင်းစွပ် လက်တိုအင်္ကျီ ကျပ် ၅၀၀၀ မှ ၆၅၀၀၀၊ စပန့်ပိတ်သား ခေါင်းစွပ် လက်ပြတ်အင်္ကျီ(ဆိုဒ်စုံ) ကျပ် ၅၀၀၀၊ စပန့်ပိတ်သား ကလေးကျား/ မဝတ် ဝမ်းဆက်စုံ ကျပ် ၇၀၀၀ မှ ၈၀၀၀ စပန့်ပိတ်သား အမျိုးသားဝတ်ချိုင်းပြတ်စွပ်ကျယ် ကျပ် ၅၅၀၀၊ အမျိုးသားဝတ် ပါထိုင်းဘောင်းဘီတို (ပိုးကြိုးပါ)အထည် ကျပ် ၆၀၀၀ မှ ၇၅၀၀ အတွင်း ဆိုဒ်ကွာခြားမှုကြောင့် အနည်းငယ် ဈေးနှုန်းကွာဟမှုရှိပြီး လက်လီ/ လက်ကားဈေးနှုန်းအားဖြင့်လည်း တစ်ထည်နှုန်းပေါ် တွင် လက်ကားဈေးနှုန်း ကျပ် ၅၀၀ နှင့် တစ်ထောင် ဈေးနှုန်းလျှော့သည်။

**အထည်ချုပ်လုပ်ငန်း၏ အကျိုးအမြတ်ရရှိမှု**

အထည်ချုပ်ရုံများအနေဖြင့် ကိုယ်ပိုင်အထည်ချုပ်ရုံထူထောင်သူ၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ကိုယ်တိုင်ထူထောင်သူမဟုတ်ဘဲ အော်ဒါ အထည်များကိုသာ သီးသန့်ချုပ်လုပ်သည့် စက်ချုပ်ရုံများဖြင့် အထည်ချုပ်လုပ်ငန်းလုပ်ကိုင်ကြသည်။ ၎င်းမှ ကိုယ်ပိုင်အထည်ချုပ်ရုံထူထောင်သူတစ်ခုတွင် လုပ်သားခုနစ်ဦးနှင့်သော် လည်းကောင်း လုပ်ကိုင်သူရှိသလို လုပ်သားခုနစ်ဦးမှ ၂၀ ဦးဖြင့် လုပ်ငန်းကို လုပ်ကိုင်သည်များရှိသည်။ ယခုဆိုလုပ်ငန်းအတွက် ရင်းနှီးငွေ၊ လုပ်သားခပေးရငွေတွေကို စီမံလာနိုင်ကြောင်း၊ အထည်ရောင်းရငွေနှင့် လုပ်ငန်းလည်ပတ် ဆောင်ရွက်မှု တစ်ခုလုံး၏ (ပိတ်စဖိုး၊ လုပ်သားခ၊ သယ်ယူပို့ဆောင်ခ၊ လိုအပ်သောပစ္စည်းများ ဝယ်ယူခြင်း) အသုံးစရိတ် တစ်လတွက်ချက်မှုများအပေါ် ပြန်လည်ရရှိသည့် အကျိုးအမြတ်မှာ တစ်လလျှင် ငွေကျပ် ကျပ် ၅၀၀၀၀၀ မှ ၉၀၀၀၀၀ အတွင်း ရရှိကြောင်းနှင့် အထည်ချုပ်ရောင်းချမှု အရေအတွက်အပေါ် မူတည်၍ ဝင်ငွေကွာခြားမှုရှိကြောင်း သိရသည်။

ထို့ပြင် အော်တာထည်များကိုသာ သီးသန့်ချုပ်လုပ်သည့် စက်ချုပ်ရုံများအနေဖြင့် ပိတ်စဖိုးရင်းနှီးရန် မလိုဘဲ လုပ်ငန်းရှင်မှ ပိတ်စပေးကာ ချုပ်ရသောကြောင့် အထည်အရေအတွက်ပေါ် မူတည်၍ ဈေးနှုန်းသတ်မှတ်ကာ ချုပ်ခကိုရရှိပြီး ထိုမှတစ်ဆင့် လုပ်သားခများကို ပေးချေရသည်။

**ဈေးကွက်ဖြန့်ချိဆောင်ရွက်မှု**

ထိုပစ္စည်းများသည် မော်လမြိုင်မြို့ မြိုင်ရတနာ(၂)ထပ်ဈေး၊ အောက်ဈေး၊ မြိုင်ရတနာလေးထပ်ဈေး(အပေါ်ဈေး) ဒေါင်းမင်းရပ်ဈေး၊ သီရိမင်္ဂလာဈေး၊ ဈေးကြိုဈေး၊ မြိုင်သာယာဈေး၊ သီရိမြိုင်ဈေး၊ ရွှေမြိုင်သီရိဈေး၊ အေးသာယာဈေးနှင့် ကရင်ပြည်နယ် ဘားအံမြို့ မြို့မဈေး၊ သီရိဈေး၊ အခွန်လွတ်ဈေး၊ လှိုင်းဘွဲ့မြို့၊ ကမမောင်းမြို့၊ ကြာအင်းဆိပ်ကြီးမြို့၊ ကော့ကရိတ်မြို့၊ ကမာမောင်းမြို့နယ်အသီးသီးသို့ ဖြန့်ဖြူး ရောင်းချကြသည်။

ထို့ပြင် အခြားမြို့နယ်များသို့လည်း တင်ပို့ကြသည်။ အထည်ချုပ်နှင့် ဒေသတွင်း စီးပွားရေးအောင်မြင်မှု ယခင်က စက်ချုပ်ပညာရပ်ကို ဝါသနာပါသူများ၊ အိမ်ထောင်ရှင် အမျိုးသမီးများ တစ်ဖက်တစ်လမ်းမှ အိမ်တွင်းကုန်ကျစရိတ် သက်သာစေရန် လေ့လာဆည်းပူးကြသည့် အတတ်ပညာရပ်တစ်ခုဖြစ်သည်။ ယနေ့ခေတ်တွင် စက်ချုပ်ပညာဖြင့် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင် လာသူ ပိုမိုများလာမှုတွေ့ရှိရသည်။ ထိုကဲ့သို့ အမျိုးသမီးများအနေဖြင့် မိမိတို့အိမ်တွင် မိသားစုနှင့် အတူတကွ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားစေရေး၊ မိသားစု စားဝတ်နေရေးဖူလုံရေးတို့အတွက် ရရှိရန် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သော အထည်ချုပ်လုပ်ငန်းကို ဦးစီး၍ အသေးစား စီးပွားရေးလုပ်ငန်းများကို တွယ်ကျယ်စွာ လုပ်ကိုင်ခြင်းဖြစ်သည်။ စက်ချုပ်ပညာသည် လူတို့အတွက် အလှအပဆင်မြန်းခြင်း၊ ခေတ်နှင့်အညီ ဖန်တီးဆန်းသစ်ခြင်း၊ မြန်မာအမျိုးသမီးများ ဘဝ၏ အသက်မွေးဝမ်းကျောင်းအတွက် လွန်စွာကောင်းမွန်ခြင်း အတတ်ပညာရပ်တစ်ခုဖြစ်သည်။ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက အထည်ချုပ်ရုံ တိုးတက်လာမှုလည်း တွေ့ရှိရသည်။ ဈေးကွက်အတွင်း ရောင်းချသည့် အထည်များမှာ ဈေးနှုန်းသက်သာသော၊ ခိုင်ခံ့သော၊ သပ်ရပ်စွာ ဝတ်ဆင်နိုင်သော အထည်များဖြစ်သည်။ ထို့ကြောင့် ဒေသစီးပွားရေးဖွံ့ဖြိုးမှု တစ်ခုဖြစ်သည်နှင့်အညီ ဒေသတွင်း ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေများရရှိနေသည့် တိုးတက်လာသည့် အထည်ချုပ်လုပ်ငန်းနှင့် အသေးစား အထည်ချုပ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုမှ ဒေသတွင်းစီးပွားရေးအောင်မြင်ခြင်းတွင် မွန်ပြည်နယ်အတွက် တိုးတက်မှုဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

## ပခုက္ကူမြို့တွင် ဘိလပ်မြေ၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေး ဈေးနှုန်းများအခြေအနေ

ပခုက္ကူမြို့တွင် နိုဝင်ဘာလ စတုတ္ထပတ်၌ ဘိလပ်မြေဈေးနှုန်းများမှာ ယခင်တစ်ပတ်ထက် အနည်းငယ်ကျဆင်းပြီး ကြံ့နှစ်ကောင် ဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၁၉၅၀၀၊ အပါချီ ဘိလပ်မြေ တစ်အိတ်လျှင် ကျပ်၁၉၅၀၀ ဈေးဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိသည်။ ဆိုင်များတွင် လက်ကျန် အိတ်ရေ ၅၀၀၀ ကျော်ရှိပြီး နေ့စဉ် လုံလောက်စွာ ဝင်ရောက်လျက်ရှိကြောင်း သိရှိရသည်။

ယခုတစ်ပတ်တွင် အသုံးများသော ဓာတ်မြေသြဇာဈေးနှုန်းများမှာ ရွှေနဂါးယူရီးယား တစ်အိတ်လျှင် ကျပ် ၁၀၄၀၀၀၊ တရုတ်တီစူပါ သံကွင်း (50)kg ပါ တစ်အိတ်လျှင် ကျပ် ၁၅၅၀၀၀၊ မြန်မာသြဘာရွှေကောမက် (50)kg ပါ တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ သြဘာကွန်ပေါင်း (50)kg ပါ တစ်အိတ် လျှင် ကျပ် ၁၇၅၀၀၀၊ ကောမက်ကွန်ပေါင်း ၁၅း၁၅း၁၅ (50kg)ပါ တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ တရုတ်အာမို ၁၆း၁၆း၁၆ (50kg)ပါ တစ်အိတ်လျှင် ကျပ် ၁၇၀၀၀၀၊ အာမိုကွန်ပေါင်း (50)kgပါ တစ်အိတ် လျှင် ကျပ် ၁၄၅၀၀၀ ဈေးဖြင့် အာမိုမှထုတ်လုပ်သော ဓာတ်မြေ သြဇာများမှာ ပို၍ အရောင်းအဝယ်ဖြစ်လျက် ရှိပြီး ယခင်တစ်ပတ်ထက် ဈေးနှုန်းအနည်းငယ် ကျဆင်းသွားကြောင်းနှင့် တောင်သူများ လုံလောက် စွာ ဝယ်ယူရရှိကြောင်း သိရှိရသည်။

နိုဝင်ဘာလစတုတ္ထပတ်၌ ဖြစ်ပေါ်နေသော ပိုးသတ်ဆေးဈေးနှုန်းများမှာ အာမိုမက်နီဖော့ (500) cc တစ်ဘူးလျှင် ကျပ် ၆၃၀၀၀၊ အာမိုမက်နီဖော့ တစ်လီတာတစ်ဘူးလျှင် ကျပ် ၁၁၄၀၀၀၊ မိုစတား တစ်လီတာ တစ်ဘူးလျှင် ကျပ် ၆၅၀၀၀၊ အာမိုအီမာ (250)cc တစ်ဘူးလျှင် ကျပ် ၁၅၀၀၀၊ (500)cc တစ်ဘူးလျှင် ကျပ် ၃၂၀၀၀၊ တစ်လီတာတစ်ဘူးလျှင် ကျပ် ၅၈၀၀၀၊ ဂျက်ကက် မင်းမဟော် (100)cc တစ်ဘူးလျှင် ကျပ် ၁၅၀၀၀၊ သြဘာအဆီဖိတ် (500)gပါ တစ်ထုပ်လျှင် ကျပ် ၃၀၀၀၀၊ သြဘာငှက်ကြီးတောင် (100) cc တစ်ဘူးလျှင် ကျပ် ၃၄၀၀၀၊ သြဘာငှက်ကြီး တောင် (250)cc တစ်ဘူးလျှင် ကျပ် ၅၉၅၀၀၊ မင်းမဟော်ဖော်ယူဘိုး (500)cc တစ်ဘူးလျှင် ကျပ် ၄၄၀၀၀၊ (250)cc တစ်ဘူးလျှင် ကျပ် ၂၄၀၀၀၊ မင်းမဟော်ဂုတ်မက်ပ် (250)cc တစ်ဘူးလျှင် ကျပ် ၃၆၀၀၀၊ (500)cc တစ်ဘူးလျှင် ကျပ် ၆၀၀၀၀ ဈေးနှုန်း အသီးသီးဖြင့် ဒုတိယပတ်ထက် ဈေးနှုန်းအနည်းငယ် ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။


ယခုအချိန်သည် တောင်သူများ စိုက်ပျိုးချိန်ဖြစ်၍ ပိုးသတ်ဆေးများထက် ဓာတ်မြေသြဇာများမှာ ပို၍ အရောင်းအဝယ်ဖြစ်နေပြီး လုံလောက်စွာ ဝင်ရောက်လျက်ရှိကြောင်း လုပ်ငန်းရှင်များထံမှ သိရှိရသည်။

**စန်းမြင့်ရီ (ပခုက္ကူ)**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

MYANMAR ATLANTIC
Since 1998

# "Timeless Beauty, Effortless Elegance"



*Contact us to start your journey in pearl jewelry now.*

9th Floor, Tower (C), Royal Sin Min Condo,
Strand Road, Ahlone Township, Yangon, Myanmar.
09945483388, info@myanmaratlantic.com, www.myanmaratlantic.com



Since 2002

# တိုးပွားမန္တလေးမြေဆီလွှာကုမ္ပဏီ




**Contact Us : 09952271827 / 09952271837 / 09954480999**




Plot No.20/21, Thilawa Port Development Zone,
Kyauktan Township, Yangon, Myanmar.
Ph : +959 33162666

ABILITY

# Affordable Software Development



**Our Best Services**

- Web/Window Application
- Mobile Development
- Customized Products

**Accounting Software နှင့် Customized Software များ ကို Banking နှင့် Finance Sector တွင် အနှစ်(၂၀)ခန့် ဆောင်ရွက်ပေးသည့် အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီး Customer စိတ်တိုင်းကျ ရေးဆွဲပေးနေပါသည်။**

No.(128), 3rd floor, 40th Street(Lower Block), Kyauktada Township, Yangon

ability-myanmar.com

09-955 072 366

ability.itsolution@gmail.com



nippon POS SYSTEM

**NIPPON POS AUTHORIZED DISTRIBUTOR AND SERVICE PROVIDER ( Myanmar )**

NipponPOS System    www.nippon-ict.com




(၁၈) လ အာမခံပါဝင်ပါသည်။

**ပြည်တွင်းပြည်ပမှထုတ်လုပ်သည့် မည်သည့် Software များနှင့်မဆို အဆင်ပြေစွာအသုံးပြုနိုင်ပါသည်။**

**YANGON HEAD OFFICE & SHOWROOM**
No. 7, 87th St, Mingalar Taung Nyunt Tsp, Yangon, Myanmar.
01-8394494, 8384850, 8389366

**MANDALAY BRANCH & SHOWROOM**
No. (111), 30th St, Between (65th St & 66th St), Min Kong Nursing Home Tiketan, Chan Ayethazan Tsp, Mandalay.
09-964446091, 09-964446092, 09-4431 02727

**SERVICE CENTRE**
No. 8, 87th St, Mingalar Taung Nyunt Tsp, Yangon, Myanmar.
09-4432 07686, 09-8877 88850, 09-7553 59492

# မြန်မာ့ယဉ်ကျေးမှု ပန်းချီ သုခုမအနုပညာ

ပန်းချီပညာဆိုသည်မှာ မြင်သမျှ တွေ့သမျှ၊ စဉ်းစားတွေးခေါ်ရသမျှကို ဘာမျှမရှိသော နံရံပိတ်ကား၊ စက္ကူလွှတ်များပေါ်တွင် ပုံဖော်၍ သရုပ်ဖော်ရေးဆွဲခြင်းကို ပန်းချီပညာရပ်ဟု ခေါ်ကြသည်။ ပန်းချီသည် လူတို့၏ စိတ်အာရုံကို အဆွဲဆောင်နိုင်ဆုံးနှင့် ခံစားမှုရသများစွာ ပေးစွမ်းနိုင်သောကြောင့် သုခုမပညာရပ်၏ ဘုရင်ဟု တင်စားခေါ်ဝေါ်ကြသည်။ ပန်းချီအတတ်ပညာသည် စာရေးခြင်းအတတ်ထက် ဦးစွာပေါ်ပေါက်ခဲ့သည်။ ရှေးလူတို့သည် စကားလုံးမကြွယ်ဝသေးသဖြင့် မိမိတို့၏ဆိုလိုချက်ကို အရုပ်ပြရေးကြသည်။ ထို့ကြောင့် ရုပ်ပုံတစ်ပုံသည် စကားလုံးတစ်ထောင်ခန့်နှင့် တူညီသည်ဟု တရုတ်စကားပုံတစ်ခုကဆိုခဲ့သည်။

ရှေးခေတ်လူတို့သည် ဂူနံရံများပေါ်တွင် အနီးအပါး၌အလွယ်တကူရရှိနိုင်သော မြေနီ၊ မြေဝါ၊ မြေဖြူ၊ မီးခွက်မှိုင်း၊ မီးသွေးခဲများဖြင့် အရုပ်များကိုရေးဆွဲကြသည်။ နောင်အခါ ခဲတံ၊ မင်တံ၊ စုတ်တံများကို အသုံးပြုလာကြသည်။ ရုပ်ပုံပန်းချီရေးဆွဲရာတွင် ရေဆေးနှင့် ဆီဆေးဟူ၍ နှစ်မျိုးရှိသည်။ ဆီဆေးသည် ရေဆေးထက်ပို၍ အဆွဲရခက်သည်။ သို့သော် ဆီဆေးပန်းချီကားသည် ရေဆေးပန်းချီကားထက်ပို၍ အရောင်စိုပြီး အေးမြသောရာသီဥတုရှိသည့်နိုင်ငံများနှင့် သင့်လျော်သည်။ ရေဆေးကိုလွယ်ကူပြီး အမြန်ပြီးနိုင်သော ပန်းချီကားများအတွက် အသုံးများလေသည်။ ပန်းချီပညာသည် ဓာတ်ပုံပညာမပေါ်မီ ရှေးအခါကပင် ပေါ်ပေါက်ခဲ့သော ပညာရပ်ဖြစ်သည်။ လက်ရာကောင်းသော ပန်းချီကားများသည် နှစ်ပေါင်းကြာရှည်သည့်တိုင်အောင် သိန်းသန်းချီ အဖိုးတန်လျက်ရှိသည်။ ဓာတ်ပုံရိုက်၍ မရသောအရာများကို ပန်းချီကားက ပုံဖော်နိုင်သဖြင့် ပန်းချီကားအတတ်သည် မတိမ်ကောခြင်းဖြစ်သည်။

ပန်းချီကားတစ်ချပ်ကို လေ့လာသုံးသပ်ပြီး နားလည်သဘောပေါက်ပါက စိတ်တည်ငြိမ်အေးချမ်းမှုအရသာကိုခံစားရသောသုခုမပညာရပ်တစ်ခုဖြစ်သည်။ သို့သော်ခံစားတတ်ရန်မှာ မလွယ်ကူလှပါ။ ကမ္ဘာဦးလူတို့၏ ကောက်ကြောင်းပန်းချီသည် သဘာဝကျခြင်း၊ ဟန်ပန်အမူအရာနှင့် ပြည့်စုံခြင်းတို့ကြောင့် ယခုခေတ်ပန်းချီအကျော်အမော်များပင် အံ့သြချီးကျူး ကြရသည်။ သဘာဝနှင့်ရင်းရင်းနှီးနှီး လေ့လာဆက်ဆံရသော ဂူအောင်းပန်းချီအကျော်အမော်များသည် မျက်မြင်ကိုယ်တွေ့ ဗဟုသုတကိုမှီ၍ ဖော်ပြထားခြင်းဖြစ်သည်။

**အေးကဗျာပိုင်(ပဲခူး)**

ခေတ်ဦးအစောပိုင်း ကာလတွင် ပန်းချီလက်ရာများသည် ကာလစား၍ ကွယ်ပျောက်ကုန်သော်လည်း ရှေးဟောင်း စာပေကျမ်းဂန်တို့တွင် ဖော်ပြချက်များအရ ရာဇဝင်ဒဏ္ဍာရီ၊ ရွှေဘုံနိဒါန်း၊ မင်းခမ်းမင်းနားနှင့် အဆို၊အက၊အတီး၊ အမှတ်စသော အကြောင်းအရာများကို ရေးခြယ်ကြသည်ဟုသိရသည်။ ပုဂံခေတ်တွင် ပန်းချီရေးသောအကြောင်းခြင်းရာများသည် ဗုဒ္ဓဝင်နိပါတ်နှင့်စပ်သည်သာများသည်။ နှောင်းခေတ်ကာလများတွင် ဗုဒ္ဓဝင်နိပါတ်တို့သာမက မင်းနှင့်စပ်သောအကြောင်းခြင်းရာများတွင်လည်း ပါဝင်လာသည်။ အတွင်းတော်အမိန့်နှင့်ဖြစ်စေ၊ လွှတ်တော်အမိန့်နှင့်ဖြစ်စေ ရေးဆွဲခိုင်းသောစီးတော်၊ ဆင်တော်၊ မင်းခမ်းမင်းနားစသော ထီးသုံးနန်းသုံး ပန်းချီများကို ရေးဆွဲလာကြပြီး မြန်မာတို့၏ဓလေ့ထုံးသဘာဝ၊ ပျော်ရွှင်မှုဆိုင်ရာပန်းချီကားများကိုလည်း ရေးဆွဲလာကြသည်။

မြန်မာနိုင်ငံတွင် သမိုင်းမတင်မီ ကျောက်ခေတ်ကတည်းကပင် ပန်းချီရေးဆွဲမှု အတတ်ပညာရှိခဲ့ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်ရှိ လိုဏ်ဂူများအတွင်း၌ နွားရုပ်၊ နေရုပ်၊ ငါးရုပ်အပါအဝင် နှစ်ပေါင်းတစ်သောင်းကျော် သက်တမ်းရှိ ရှေးဟောင်းနံရံဆေးရေးပန်းချီများကို လေ့လာခြင်းဖြင့် သိနိုင်သည်။ မြန်မာ့ပန်းချီကို ခေတ်ကြီးခြောက်ခေတ်ခွဲ၍ လေ့လာနိုင်သည်။ သမိုင်း မတင်မီခေတ်နှင့် ပျူခေတ်၊ ပုဂံခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ၂၀ ရာစု နှင့် နောက်ပိုင်းပန်းချီဟူ၍ ဖြစ်သည်။ ပန်းချီကားချပ်များသည် အနုပညာ နှစ်သက်သူများအတွက် လှပသော အရာတစ်ခုဖြစ်ပါသည်။ တန်ဖိုးကြီးပြီးလှပသော ပန်းချီကားများကို မိမိတို့အိမ်၏ ဧည့်ခန်းနံရံ၊ အိမ်ခန်းနံရံများတွင် ချိတ်ဆွဲထားခြင်းအားဖြင့် မိမိတို့၏ အိမ်ကို အလှဆင်တတ်ကြပါသည်။ အချို့သော ပန်းချီကားများကိုမူ ဝယ်ယူခွင့်မပြုဘဲ သမိုင်းအမွေအနှစ်တစ်ခုအဖြစ် ပြသရန်အတွက် ပြတိုက်များ၊ ပြခန်းများတွင်သာ ချိတ်ဆွဲထားကြသည်။ ကမ္ဘာကျော်ပြီး ဈေးကြီးသောပန်းချီကားများအနက် မိုနာလီဇာပန်းချီကား၏ သမိုင်းကြောင်းကို တစ်စိတ်တစ်ပိုင်း ဖော်ပြပေးရမည်ဆိုလျှင် မိုနာလီဇာအပြုံးသည် ကမ္ဘာကျော် အပြုံးတစ်ခုပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အလှပဆုံးအပြုံးဟုတင်စားကြသော ထိုပန်းချီကားချပ်၏ ဖန်တီးရှင်သည် လီယိုနာဒိုဗင်ချီပင်ဖြစ်သည်။ ၁၉၂၆ ခုနှစ်တွင် ထိုပန်းချီကား၏ ပေါက်ဈေးသည် အမေရိကန်ဒေါ်လာ ၁၀၀ မီလီယံ တန်ဖိုးရှိသည်။ အကယ်၍ မိုနာလီဇာပန်းချီကားချပ်၏ အလှအပကို ရှုမြင်ချင်သည်ဆိုလျှင် ပြင်သစ်နိုင်ငံ ပါရီမြို့တွင် တည်ရှိသော လုဗ်ပြတိုက်တွင် သွားရောက်လေ့လာ၍ ကြည့်ရှုနိုင်သည်။

ပန်းချီအနုပညာလုပ်ငန်းတွင် ပုံစံအမျိုးမျိုးရှိသည်။ ခဲပန်းချီ၊ အရောင်အသွေး စုံလင်ဆေးများဖြင့် ရေးဆွဲထားလျှင် ဆေးပန်းချီ၊ ယွန်းထည်ပစ္စည်းများအပေါ်တွင် ရေးဆွဲထားလျှင် ယွန်းပန်းချီဟု ခေါ်ဆိုကြသည်။ ထိုပန်းချီရေးဆွဲပုံအမျိုးမျိုးအနက်မှ ကွဲထွက်လာသော ပန်းချီအနုပညာတစ်မျိုးလည်း ရှိပါသေးသည်။ ယင်းကား ပုလင်းပန်းချီဖြစ်သည်။ ပုလင်းပန်းချီသည်လည်း ဆေးရောင်စုံဖြင့်ရေးဆွဲသောပန်းချီဖြစ်သဖြင့် ဆေးပန်းချီပင်ဖြစ်ပါသည်။ ပုလင်းပန်းချီ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရလျှင် ပုလင်းထဲတွင်ရေးဆွဲသောကြောင့် ပုလင်းပန်းချီဟုခေါ်ခြင်း ဖြစ်သည်။ အခြားသောပန်းချီကားချပ်များပေါ်တွင်လည်းကောင်း၊ ပုလင်း၏ အပြင်ဘက်တွင် လည်းကောင်း ရေးဆွဲခြင်းသည်လွယ်ကူသော်လည်း ပုလင်းအတွင်းပိုင်းတွင် ပန်းချီရေးဆွဲခြင်းသည် မည်မျှခက်ခဲမည်ကို တွေးကြည့်ပါက သိနိုင်သည်။ ပုလင်းပန်းချီသည် ရှေးယခင်က မပေါ်ပေါက်သေးပါ။ ပုလင်းပန်းချီ စတင်ပေါ်ပေါက်လာသည်မှာ မကြာသေးပါ။ ပုလင်းပန်းချီ စတင်ပေါ်ပေါက်ချိန်တွင် ပုလင်းပန်းချီရေးဆွဲ သောပုဂ္ဂိုလ်မှာ တစ်ဦးသာရှိသေးသည်။ ထိုပုဂ္ဂိုလ်မှာ -ပန်းချီဦးညိုလေး-ဖြစ်ပါသည်။ ပန်းချီ ဦးညိုလေး၏ ဇာတိမှာ ကျောက်ဆည်ခရိုင် မင်းရွာအုပ်စုဖြစ်ပါသည်။ ပုလင်းပန်းချီပညာသည် တရုတ်ပြည်ကပင်စတင်ခဲ့သည်ဟု သိရသည်။ အကြောင်းမှာ ဆရာမ မစောမုံညင်း၏ ဆောင်းပါးတွင် ၁၉၅၈ခုနှစ်တွင် တရုတ်ပြည်မှအပြန်တွင် ပုလင်းပန်းချီနှစ်လုံးဝယ်ပြီး တစ်လုံးကို ပန်းချီအောင်စိုးကို ပေးလိုက်ပြီး တစ်လုံးကို မည်သူ့ကိုပေးလိုက်ကြောင်းမမှတ်မိဟု ရေးသားထားခဲ့သည်။

အဆိုပါပုလင်းပန်းချီအကြောင်းကို ၁၉၆၄ခုနှစ်တွင် ယဉ်ကျေးမှုစာစောင်တွင် -ပုလင်းပန်းချီ- ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးခဲ့သည်ဟုဆိုသည်။ ယခင်ပုလင်းပန်းချီပညာရှင် ဦးညိုလေးသည် ဆရာမ စောမုံညင်း၏ ပုလင်းပန်းချီ ဆောင်းပါးကို လေ့လာပြီး လေ့ကျင့်ခဲ့ရာ နောက်အနှစ် ၂၀ အကြာတွင် ပုလင်းပန်းချီ အောင်မြင်နေကြောင်း စာပို့၍ အကြောင်းကြားပြီး ပုလင်းပန်းချီသုံးလုံးကိုလည်း လူကြုံနှင့်ပို့ ပေးလိုက်သည်ဟု ဆောင်းပါးတွင် ဖော်ပြထားသည်။ ပုလင်းပန်းချီရေးခြင်းသည် အခြားသောပန်းချီကားချပ်များနှင့် မတူပေ။

**(ဆက်လက်ဖော်ပြပါမည်။)**

# နှစ်ရှည် ကော်ဖီသီးနှံစိုက်ပျိုး ဝင်ငွေတိုး

မန္တလေးတိုင်းဒေသကြီးအတွင်း ကော်ဖီသီးနှံကို ပြင်ဦးလွင်နှင့် မိုးကုတ်မြို့နယ်များတွင် အဓိကစိုက်ပျိုးပြီး သာစည်မြို့နယ်၊ လှိုင်းထက်တွင်လည်း စိုက်ပျိုးသည်။ ကော်ဖီသီးနှံကို စိုက်ပျိုးရန် ပျိုးထောင်ကာလ မေ၊ ဇွန်၊ ဇူလိုင်လများတွင် ပျိုးထောင်စိုက်ပျိုးပြီး ကော်ဖီသီး ခူးဆွတ်ချိန်အနေနှင့် နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလများတွင် ခူးဆွတ်ကြသည်။ ကော်ဖီပင်ကို မိုးရာသီတွင် စိုက်ပျိုးလေ့ရှိပြီး နွေရာသီတွင် ရေးသွင်း၍ စိုက်ပျိုးကြသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးသော ကော်ဖီ မျိုးများမှာ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီမှုရှိသော စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီသုတေသနခြံများမှ ပျိုးပင်များကိုသာ စိုက်ပျိုးကြသည်။ ပြင်ဦးလွင်မြို့နယ်၊ ကန်တော်ကြီးအနီးတစ်ဝိုက်ရှိ ကျေးရွာများဖြစ်သည့် ညောင်နီ၊ ဆင်ဂေါင်းလေး၊ သပြေရေ ကျေးရွာများနှင့် မိုးကုတ်မြို့တွင် လယ်ဦးရပ်၊ ပန်းမားထိပ်၊ ဆင်ခွာဒေသများတွင် စိုက်ပျိုးကြသည်။

ပြင်ဦးလွင်မြို့နယ်တွင် ကော်ဖီကို ပင်ကြားတန်းကြား(၄ ပေ)တစ်ဧကအပင်ရေ ၁၃၆၀ ပင် စိုက်ပျိုးနိုင်ပြီး မိုးကုတ်မြို့တွင် လှေကားထစ်စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးကြသည်။ ကော်ဖီသည် စိုက်ပျိုးပြီး သုံးနှစ်မှ ခုနစ်နှစ်အတွင်း အသီးခူးဆွတ်နိုင်ပြီး နှစ်စဉ်ဒီဇင်ဘာမှ ဖေဖော်ဝါရီလအထိ ကော်ဖီသီးချယ်ရီသီးအရောင် ဖြစ်ပေါ်ချိန်တွင် ခူးဆွတ်ကြသည်။ ပြင်ဦးလွင်မြို့တွင် လတ်ရတနာ၊ ဆွေသဟာ၊ မယ်သီတာ၊ လူငယ်ဂုဏ်ရောင်၊မြောက်ထွန်းလူမမ၊ မြန်မာ - ၁/၂၂Golden Lion တို့ဖြစ်ပြီး မိုးကုတ်ဒေသတွင် ရတနာ နှင်းဆီ၊ ယမုံနာ၊ အောင်၊ Arrow Brother များဖြစ်ပြီး ထွက်ရှိသော ကော်ဖီစေ့များကို Myanmar Association နှင့်ချိတ်ဆက်ပြီး ရောင်းဝယ်လျက်ရှိသည်။



ကော်ဖီသည် မြန်မာလူမျိုးများ ကြိုက်နှစ်သက်သည့်အရာဖြစ်သည်။ ကော်ဖီသောက်သုံးခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည် တက်ကြွလန်းဆန်းခြင်း၊ အာရုံစူးစိုက်မှု ကောင်းမွန်ခြင်း၊ သွေးပေါင်ချိန် မြင့်တက်စေခြင်း၊ သွေးပေါင်ကျနေချိန်တွင် ကော်ဖီသောက်သုံးခြင်းဖြင့် သွေးပေါင်ကို မြှင့်တင်ပေးနိုင်ခြင်း၊ ဖျားနာပြီးစအချိန်တွင် သောက်သုံးပါက မြန်စွာကျန်းမာလန်းဆန်းစေခြင်း၊ သဘာဝကော်ဖီ စစ်စစ်ကို သောက်သုံးခြင်းသည် အသည်းကို ကောင်းကျိုးပေးပြီး အစာချေဖျက်မှုစနစ်ကိုလည်း ကောင်းမွန်စေသည်။ ကော်ဖီတွင် ပါဝင်သည့် ကဖိန်းဓာတ်သည် ခေါင်းကိုက်ခြင်းနှင့် ခေါင်းတစ်ခြမ်း ကိုက်ခြင်းတို့ကို သက်သာစေခြင်း၊ မှတ်ဉာဏ်အားကောင်းစေခြင်းအပြင် စိတ်ပိုင်းဆိုင်ရာကိုပါ လန်းဆန်းစေသည့် အာနိသင်များရှိကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေနှင့် ကော်ဖီအစုအဖွဲ့ကို ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး သစ်သီးဝလံအသင်းနှင့် ဌာနတို့ပူးပေါင်း၍ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်မှလည်း ကော်ဖီအား ပြည်ပသွင်းကုန်အစားထိုး ထုတ်လုပ်နိုင်ရန်နှင့် ပြည်ပပို့ကုန်ပမာဏ တိုးမြှင့်နိုင်စေရန်အတွက် တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ကော်ဖီစိုက် တောင်သူများအား ဈေးကွက်အခြေအနေ အသိပညာပေးဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ပြင်ဦးလွင်မြို့နယ်တွင် ကော်ဖီဈေးနှုန်းဈေးကွက်အနေနှင့် ယခုနှစ်ရာသီကော်ဖီသီး အစို တစ်ပိဿာ ကျပ် ၇၅၀၀ မှ ကျပ် ၈၀၀၀၊ ကော်ဖီစေ့ဟောင်း Great (လှော်စေ့) 1 kg ကျပ် ၆၀၀၀၊ ကော်ဖီမှုန့် 1 kg ကျပ် ၆၀၀၀၀ မှ ၆၅၀၀၀ ကျပ်၊ Great ကော်ဖီစေ့(လှော်စေ့) 1 kg ကျပ် ၅၀၀၀၀ မှ ကျပ် ၅၅၀၀၀၊ ကော်ဖီမှုန့် 1 kg ကျပ် ၅၅၀၀၀ ဈေးနှုန်းများနှင့် ရောင်းဝယ်မှုရှိပြီး ကော်ဖီထုတ်လုပ် ရောင်းဝယ်သူများအနေနှင့် ပစ္စည်းဟောင်းများ လက်ကျန်နည်းနေပြီး ရောင်းဝယ်မှုအား ပုံမှန်ရောင်းဝယ်လျက်ရှိပြီး မကြာမီကာလအတွင်း ကော်ဖီသီးအသစ်များ ထွက်ရှိမည်ဖြစ်သည်။

ကော်ဖီစေ့နှင့် ကော်ဖီမှုန့်ထုတ်လုပ်ရောင်းချသူများအနေနှင့် အမြို့မြို့အနယ်နယ်မှ မှာယူသူများကို အရောက်ပို့စနစ်များနှင့် ပေးပို့မှုရှိသကဲ့သို့ ပြင်ဦးလွင်မြို့သို့ လာရောက်သည့် ဧည့်သည်များမှ ဝယ်ယူခြင်းများကြောင့် ရောင်းဝယ်မှုအား ကောင်းကြောင်း လေ့လာ သိရှိရသည်။

**ခင်ပပနိုင် (M dy DOCA)**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးမည့် ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ အတည်ပြုခွင့်ပြု

အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများအား ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးတွင် အတည်ပြုခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ခန်းမ(၄)တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒအောင်နှင့် ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဆက်စပ်ဌာန ဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်နှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအသင်းအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးမှ ဟိုတယ်အဆောက်အဦး တည်ဆောက်ခွင့် နှစ်ခု၊ ဟိုတယ်လုပ်ငန်းလိုင်စင် သုံးခု၊ ဟိုတယ်လုပ်ငန်း လိုင်စင်သက်တမ်းတိုးနှင့် ဝန်ဆောင်မှု ၅၁ ခု၊ တည်းခိုရိပ်သာလုပ်ငန်း လိုင်စင်သက်တမ်းတိုးနှင့် ဝန်ဆောင်မှု ၁၅ ခု၊ တည်းခိုဆောင်လုပ်ငန်း လိုင်စင်အသစ်တစ်ခု၊ သက်တမ်းတိုးသုံးခု၊ ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင်အသစ် (ပြည်တွင်း/ပြည်ဝင်) အခု ၄၀၊ (ပြည်ပ) ၂၁ ခု၊ ခရီးလှည့်လည်ရေး (ပြည်တွင်း/ပြည်ဝင်) သက်တမ်းတိုး ၁၈၂ ခု၊ (ပြည်ပ) ၄၆ ခု၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် သက်တမ်းတိုး ၁၅၄ ခု၊ ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းအသစ် ၁၁ ခု၊ သက်တမ်းတိုး လေးခုတို့အား အတည်ပြုပေးနိုင်ခဲ့သည်။

လုပ်ငန်းလိုင်စင် ခွင့်ပြုပေးခဲ့သည့် ဟိုတယ်နှင့်တည်းခိုရိပ်သာများမှ ဟိုတယ်လုပ်ငန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ပမာဏ ငွေကျပ် ၉၈၇၈ ဒသမ ၉၅၀ သန်းနှင့်လုပ်သားအင်အား ၂၂၃ ဦးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

# ဆီစက်ကြီးများ တည်ဆောက်တပ်ဆင်ခြင်းအတွက် ချေးငွေများ တိုးမြှင့်ထုတ်ချေးမည်

ဆီစက်အကြီးများ တည်ဆောက်တပ်ဆင်ခြင်းအတွက် ငွေကျပ် သိန်းတစ်သောင်းအထိ ချေးငွေများ တိုးမြှင့်ထုတ်ချေးသွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံတော်အတွင်း စားသုံးဆီကြိတ်ခွဲ ထုတ်လုပ်ရောင်းချနေသော ဆီစက်များ အသစ်တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ကုန်ကြမ်းဝယ်ယူခြင်းများ အဆင်ပြေစွာဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ငွေကျပ် ဘီလီယံ ၅၀ မတည်ထူထောင်ပေးခဲ့ပြီး တစ်နှစ်လျှင် အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးလျက်ရှိကြောင်း ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာနမှ သိရသည်။

ယခင်က ချေးငွေထုတ်ချေးခြင်းကို မြန်မာစီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တိုသာ ဆောင်ရွက်ခဲ့ရာမှ ယခု PFI ဘဏ်များအဖြစ် ပုဂ္ဂလိကဘဏ် ၁၄ ခုပါဝင်လာမည်ဖြစ်၍ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ အစီအစဉ်ကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ချေးငွေပမာဏကိုလည်း ယခင်က ဆီစက်လုပ်ငန်းရှင်တစ်ဦးလျှင် ငွေကျပ် သိန်း ၃၀၀၀ ထိသာ ထုတ်ချေးခဲ့ရာမှ ယခုငွေကျပ်သိန်း ၅၀၀၀ အထိ တိုးမြှင့်ထုတ်ချေး ခွင့်ပြုထားပြီး ဆီစက်အကြီးများ တည်ဆောက်တပ်ဆင်ခြင်းအတွက် ငွေကျပ်သိန်း ၁၀၀၀၀ အထိ ထုတ်ချေးမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ အစီအစဉ်တွင် ငွေရေးကြေးရေးအဖွဲ့အစည်း (Participating Financial Institution-PFI)အဖြစ် ပါဝင်ဆောင်ရွက်မည့် ပုဂ္ဂလိကဘဏ် ၁၄ ခုနှင့် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို နိုဝင်ဘာ ၂၂ ရက်က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါ သဘောတူလက်မှတ်ရေးထိုးခြင်းအခမ်းနားကို ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင်များ၊ ပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံတစ်ဝန်းရှိ ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေကို စနစ်တကျရယူ၊ ထုတ်ချေးခြင်းဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးမှုနှင့် အရည်အသွေးမြင့်သော စားသုံးဆီများ ဖြန့်ဖြူးရောင်းချပေးနိုင်မည်ဖြစ်၍ နိုင်ငံခြားမှ စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်ပြီး နိုင်ငံခြားငွေသုံးစွဲရမှု လျှော့နည်းသက်သာစေမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာ့ဒူးရင်းသီး တရုတ်ဈေးကွက်သို့ GACC နည်းလမ်းဖြင့် တရားဝင်တင်ပို့နိုင်ရေး စီစဉ်

ပြည်တွင်းမှ ထွက်ရှိသည့် ဒူးရင်းသီးများကို တရုတ်ဈေးကွက်သို့ တရားဝင် GACC နည်းလမ်းဖြင့် တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံ ဒူးရင်းသီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒူးရင်းသီးအား တရုတ်ဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် လိုအပ်သည့် အထောက်အထား General Administration of Customs of China(GACC) ရရှိရန် လိုအပ်လျက်ရှိကြောင်း သိရ သည်။

ထို့ပြင် ပြည်တွင်းရှိ ဒူးရင်းသီးမျိုးကွဲပေါင်း ၁၈ မျိုးရှိသည့်အနက် ပြည်ပဈေးကွက် တင်ပို့နိုင်ရေးအတွက် ဒူးရင်းမျိုးများဖြစ်သည့် မွန်ထောင်း၊ မူစံကင်၊ ဆူးမဲ စသည့်မျိုးများကို စိုက်ပျိုးသွားမည်ဖြစ်ပြီး လက်ရှိတွင် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ပြည်ပဈေးကွက်ရရှိရေး ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိသည်။

ပြည်တွင်း၌ မေ၊ ဇွန်၊ ဇူလိုင်လတို့တွင် ဒူးရင်းသီးလှိုင်လှိုင် ထွက်သောအချိန်ဖြစ်ပြီး ယခုနှစ်တွင် ပြည်တွင်းစားသုံးမှု ဖူလုံမှုမရှိသေးသည့် အခြေအနေကြောင့် ပြည်တွင်းစားသုံးမှုဖူလုံမှသာ ပြည်ပသို့ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ပို့သွားမည်ဖြစ်သည်။

ပြည်တွင်းတွင် ထွက်ရှိသည့် ဒူးရင်းသီးသည် ပြည်တွင်းစားသုံးမှု မြင့်မားရုံသာမက တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့က ဝယ်လိုအားမြင့်မားသည့် သီးနှံဖြစ်သည့်အတွက် တရုတ်ဈေးကွက်သို့ တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

# ပေါ်ဆန်းဆန်များကို စားသုံးသူများထံ အိမ်အရောက်ပို့စနစ်ဖြင့် ရောင်းချပေးမည်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆန်ဈေးနှုန်းများ တည်ငြိမ်မှန်ကန်စေရေးအတွက် ပေါ်ဆန်းဆန်များကို စားသုံးသူများထံသို့ အိမ်အရောက်ပို့စနစ်နှင့် လှည့်လည်ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန် စပါးအသင်းချုပ် (MRF) မှ သိရသည်။

အဆိုပါအစီအစဉ်ကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါး ကုန်သည်အသင်းတို့မှ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စားသုံးသူများထံသို့ အိတ်အကြီး ၂၄ ပြည် (၁၀၈ ပေါင်) အား အိမ်အရောက်ပို့ စနစ် (Home Delivery) ဖြင့်လည်းကောင်း၊ ၅ ကီလိုဂရမ်နှင့် ၁၀ ကီလိုဂရမ်အိတ် အသေးများအား ရပ်ကွက်များနှင့် ဈေးများတွင် လှည့်လည်ရောင်းချပေးခြင်းဖြင့် လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပေါ်ဆန်းဆန် များဖြစ်သည့် ရွှေဘိုပေါ်ဆန်းနှင့် ဧရာဝတီပေါ်ဆန်းဆန်တို့ကို သိုလှောင်ဖြန့်ဖြူးရောင်းချ နေသူများနှင့် လက်လီဆိုင်များအနေဖြင့်လည်း မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ဝါးတန်းကုန်စည်ဒိုင်တို့နှင့် ဆက်သွယ်ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း ထုတ်ပြန်ထားသည်။

ထို့ပြင် မိမိတို့ လက်ဝယ်သိုလှောင်ထားသော ပေါ်ဆန်းဆန်များအား ပစ္စည်းမှန်၊ ဈေးနှုန်းမှန်၊ အရည်အသွေးမှန်စွာဖြင့် ဈေးကွက်အတွင်းသို့ စဉ်ဆက်မပြတ် ထုတ်ရောင်းပေးရန်နှင့် သိုလှောင်ပြီး ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းများ လုံးဝမပြုလုပ်ရန် အသိပေးထားကြောင်း သိရသည်။

ကိုတိုး-စုစည်းသည်



# ခုနစ်လတာကာလအတွင်း ပြည်ပသို့ ငါးမက်ထရစ်တန် ၁၆၀၀၀၀ ကျော်တင်ပို့

ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ခုနစ်လတာကာလ အတွင်း ငါးမက်ထရစ်တန် ၁၆၀၀၀၀ ကျော် တင်ပို့ထားပြီးဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း ပုံမှန်ကုန်သွယ်မှု ပင်လယ်ရေကြောင်းမှ ငါးမက်ထရစ်တန် ၈၅၇၅၆ ဒသမ ၉၁ တင်ပို့ခဲ့ပြီး အမေရိကန် ဒေါ်လာ ၁၃၁ ဒသမ ၈၄၆ သန်း၊ နယ်စပ်ကုန်သွယ်ရေးမှ ငါးမက်ထရစ်တန် ၇၉၃၅၂ ဒသမ ၄၇၇ တန်တင်ပို့ခဲ့ကာ အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၂၅၁ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ငါးအပါအဝင် အခြားရေထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ခုနစ်လတာ ကာလအတွင်း ရေထွက်ကုန် စုစုပေါင်း မက်ထရစ်တန် ၂၃၄၁၀၇ဒသမ ၀၈၆ တင်ပို့ထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

လက်ရှိတွင် ပြည်တွင်းမှ ထွက်ရှိသည့် ငါး၊ ပုစွန် စသည့် ရေထွက်ကုန်ပစ္စည်းများကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့် ပြည်ပနိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

# “သူများနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်အောင် ထုပ်ပိုးမှုပုံစံကို ဒီထက်ကောင်းအောင် လုပ်ခဲ့ပါတယ်”

## ပန်းရနံ့ လူသုံးကုန်လုပ်ငန်း တည်ထောင်သူ ဒေါ်အကြည်နှင့် တွေ့ဆုံမေးမြန်းခြင်း

**ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းသည် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ပြီး ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင်လည်း အသေးစား၊ အလတ်စား လုပ်ငန်းများ အများဆုံး ပါဝင်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့်လည်း အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီပေးလျက်ရှိသည်။ သို့ဖြစ်ရာ ပြည်တွင်း ဈေးကွက်ထဲတွင် လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် ပန်းရနံ့ လူသုံးကုန်လုပ်ငန်းတည်ထောင်သူ ဒေါ်အကြည်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြ လိုက်ရပါသည်။**

**ပန်းရနံ့ လူသုံးကုန်လုပ်ငန်းနဲ့ပတ်သက်ပြီး ပြောပြပေးပါဦး။**

ပန်းရနံ့ ထုတ်ကုန်တွေအားလုံးက အိမ်ထောင်ရှင်အမျိုးသမီးတွေ အများဆုံး အသုံးပြုနိုင်ဖို့အတွက် ရည်ရွယ်ပြီး ထုတ်လုပ်ထားပါတယ်။ ဝက်ခြံ၊ တင်းတိတ်၊ ကျောက်ချဉ်၊ ရေချိုးဆပ်ပြာ၊ ခေါင်းလျှော်ရည် စတာတွေကို ထုတ်လုပ်ထားပါတယ်။ ကျွန်မအနေနဲ့ ထုတ်ကုန်တစ်ခုကို စတင်ထုတ်လုပ်ပြီဆိုကတည်းက သုံးစွဲ သူတွေကို အရိုးသားဆုံးချပြတယ်။ ကိုယ်စားလှယ်တွေကိုလည်းပြောထားတယ်။ ဧည့်သည်လိုအပ်မှ ရောင်းပေး မလိုအပ်ရင် မရောင်းပါနဲ့လို့ မှာကြားထားပါတယ်။ ဒီပစ္စည်းလေးကတော့ ဒီနေရာမှာလိုအပ်တယ်။ ဒါကတော့ မလိုအပ်ဘူးဆိုတာကို သေချာပြောပြပေးရမယ်။ တင်းတိပ်ဖြစ်နေတဲ့သူကို ဝက်ခြံဆပ်ပြာပေးလို့မရဘူး။ ကျောက်ချဉ်ဆပ်ပြာဆိုလည်း ဘယ်နေရာမှာသုံးရမယ်ဆိုတာကို ကိုယ်စားလှယ်တွေကို အမြဲပြောပြပါတယ်။



**ကုန်ကြမ်းရရှိမှု အခြေအနေလည်း သိပါရစေ။**

ကုန်ကြမ်းနဲ့ပတ်သက်ပြီး တတ်နိုင်သလောက်ကတော့ ပြည်တွင်းက ကုန်ကြမ်းကိုပဲ အဓိကထားအသုံးပြုပါတယ်။ ကျွန်မကိုယ်တိုင်ကလည်း နိုင်ငံခြားဝင်ငွေရှာတာကိုတော့ အားပေးပါတယ်။ တချို့တွေဆို ကုန်ကြမ်းနဲ့ပတ်သက်ပြီး ထုပ်ပိုးမှုပုံစံကအစ နိုင်ငံခြားမှာလုပ်တယ်။ သူတို့ဆီမှာ FDA တွေတင်တယ်။ ကျွန်မကတော့ မတင်ဘူး။ ကျွန်မတို့က ပြည်တွင်းထုတ်ကုန်ဖြစ်တဲ့အတွက် ကျွန်မတို့နိုင်ငံရဲ့ FDA ၊ အသေးစားအလတ်စား (MSME)ရဲ့ ထောက်ခံချက်တွေရရှိထားတယ်။ ကိုယ့်လိုမျိုး ထုတ်လုပ်ထားတဲ့ ပြည်တွင်းထုတ်ကုန်တွေလည်း ရှိပါတယ်။ ထုတ်ကုန်ပစ္စည်းအသစ်တွေလည်း ဒီထက်ပိုပြီး ထွက်လာဖို့ရှိပါတယ်။

**ဘယ်လိုမျိုးထုတ်ကုန်ပစ္စည်းတွေ ဈေးကွက်ထဲမှာ တွင်ကျယ်လျက်ရှိပါသလဲ။**

အသက်(၁၄)နှစ်အထက်သူတွေ ဆိုရင် ဘာဖြစ်နေလဲဆိုတော့ တာရှည်ခံထုတ်ကုန်တွေ အရမ်းစားတယ်။ အဲဒီလိုစားတဲ့အခါကျတော့ ခန္ဓာကိုယ်ကနေ ဟော်မုန်းကြောင့် အဖုပေါင်းစုံထွက်တယ်။ နောက်ပြီး ဒီ အသက်(၁၄)နှစ်အထက် ကလေးတွေကလည်း စာတွေအရမ်းလုပ်ရတော့ အိပ်ရေးပျက်ပြီး ဝက်ခြံတွေထွက်တယ်။ အဲဒီလို ဝက်ခြံထွက်တဲ့သူတွေအတွက် ဝက်ခြံဆပ်ပြာဆိုပြီးတော့ ထုတ်လုပ်ထားပါတယ်။ နောက် အသက်(၃၀)ကျော်ကနေ အသက်(၄၀)ကျော်ထိ အမျိုးသမီးတွေအနေနဲ့ သနပ်ခါးတွေ လိမ်းကြတယ်။ ဒါပေမယ့် အရင်တုန်းက ရာသီဥတုနဲ့ အခုရာသီဥတုမတူညီလာတဲ့အခါကျတော့ သနပ်ခါးကြောင့်ဖြစ်တဲ့ဟာရယ် ဖုန့်မှုန့်ကြောင့်ရယ်ဆိုတော့ တင်းတိပ်တွေဖြစ်လာတယ်။ အဲဒါနဲ့ တင်းတိပ်လျော့ပါးသွားအောင် ဆပ်ပြာထုတ်လုပ်ထားပါတယ်။ ကျောက်ချဉ်ဆပ်ပြာကျတော့ ချိုင်းကြား၊ ပေါင်ကြားတွေမှာ အသုံးပြုရတယ်။ အမြှုပ်ကိုပဲ အသုံး ပြုရမယ်။ ခန္ဓာကိုယ်ရဲ့ အနံ့ကို ခြောက်နာရီအထိ ထိန်းပေးထားတယ်။ အခုနောက်ပိုင်း ကိုယ့်နိုင်ငံကသူတွေက တာရှည်ခံဆေး တွေ၊ တာရှည်ခံအစားအစာတွေ အရမ်းသုံးလာကြတဲ့အတွက် ခန္ဓာကိုယ်ရဲ့ အနံ့တွေက အရမ်းပြင်းလာတယ်။ ဘယ်လောက်ပဲနိုင်ငံခြားရေမွှေးတွေကို သုံးသုံး အနံ့ပြင်းတွေကို မထိန်းနိုင်ဘူး။ အဲဒါကြောင့် ကျောက်ချဉ်ဆပ်ပြာကို ရေချိုးရင်း သုံးလို့ရအောင် လုပ်ပေးထားတာ။ ပန်းရနံ့ခေါင်းလျှော်ရည်ကကျတော့ ဆံပင်ပျက်စီးနေတဲ့သူတွေအတွက် ရည်ရွယ်ပြီး ထုတ်လုပ်ထားပါတယ်။ ဆံပင်ကောင်းတဲ့သူတွေ အသုံးပြုလို့မရဘူး။ ဆိုင်တွေမှာ ဆံပင်တွေ ဖြောင့်တယ်။ ဆံပင်တွေကောက် ဆေးဆိုးတာတွေလုပ်ပြီး ဆံပင်ဆံသားပျက်စီးတာတွေအတွက် ရည်ရွယ်ပါတယ်။

**ထုပ်ပိုးမှုပုံစံနဲ့ပတ်သက်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် ဘယ်လိုမျိုး လုပ်ဆောင်လျက်ရှိပါသလဲ။**

ထုပ်ပိုးမှုပုံစံနဲ့ ပတ်သက်ပြီးကနဦး ဘူးခွံလေးတွေရဲ့ အထဲက ဇာအိတ်လေးတွေနဲ့ ထုတ်ဖို့လုပ်သေးတာ။ ပြီးရင် စတေကာလေး ကပ်လိုက်မယ်ပေါ့။ နောက်ကျတော့လည်း မြန်မာထုတ်ကုန်တွေကို သူများနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်အောင် ထုပ်ပိုးမှုပုံစံကို ဒီထက်ကောင်းအောင် လုပ်ခဲ့ပါ တယ်။ဒီထုတ်ကုန်တွေကလည်း အရှေ့အာရှမှာ တစ်ဝက်လောက်နီးနီး ပျံ့နှံ့နေတာဖြစ်တဲ့အတွက် နိုင်ငံခြားကသူတွေကလည်း ဒီဘူးလေးကို ကြည့်လိုက်မယ်ဆိုရင် ဒီထုတ်ကုန်လေးက လှပြီး သပ်ရပ်တယ်လို့မြင်မယ်။ အဲဒါကြောင့်မို့ ဒီထုတ်ကုန်တွေရဲ့ နာမည်ကိုတောင်မှ မြန်မာ

**တိပ္ပ**

နာမည်ပဲ အသုံးပြုထားတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာလူမျိုးက ထုတ်လုပ်တဲ့ ပစ္စည်းဖြစ်နေတာကြောင့်ပါ။ ဒီကျောက်ချဉ်၊ တင်းတိပ် ထုတ်ကုန်တွေက နိုင်ငံရပ်ခြားမှာ ဝယ်လိုအားမြင့်မားတယ်။ ကျောက်ချဉ်နဲ့ပတ်သက်ပြီး ပြည်တွင်းမှာ သူများနိုင်ငံကလာပြီးတော့ ရောင်းနေကြတယ်။ ခန္ဓာကိုယ်ထဲထိ ရောက်နိုင်မယ့်ဆေးရည်တွေထိ ပါဝင်တယ်။ဒါပေမယ့် သုံးသင့်၊ မသုံးသင့်ဆိုတာနဲ့ပတ်သက်ပြီး ကျွန်မတို့နိုင်ငံကသူတွေက အသိပညာနည်းသေးတယ်။ အဲဒါကြောင့်မို့ ကျောက်ချဉ်ဆပ်ပြာကို အမြှုပ်နဲ့ သုံးပါဆိုတာကို အမြဲရှင်းပြလျက်ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ ခန္ဓာကိုယ်ထဲကို ဝင်ရင် အရမ်းအန္တရာယ်များလို့ပါ။ ဆိုတော့ကျွန်မအနေနဲ့ ထုတ်ကုန်တွေပစ္စည်းတွေကို ထုတ်လုပ်တဲ့နေရာမှာ အလှအပရေးရာအပြင် ကျန်းမာရေးကိုပါ နှစ်ခုတွဲပြီး လုပ်ဆောင်လျက်ရှိပါတယ်။ ပန်းရနံ့ လူသုံးကုန်တွေကို လူမှုကွန်ရက်ကဖြစ်စေ၊ ဖုန်းကနေဖြစ်စေ၊ ကိုယ်စားလှယ်တွေကနေတစ်ဆင့် မှာယူနိုင်ပါတယ်။

**ဖြည့်စွက်ပြောချင်တာများ ရှိပါသလား။**

ကျွန်မရဲ့ ထုတ်ကုန်ပစ္စည်းတွေအကုန်လုံးက ဈေးအရမ်းသက်သာပါတယ်။ ဆိုတော့ ဈေးအရမ်းသက်သာသလို ကိုယ့်သားသမီးရဲ့ ကျန်းမာရေး၊ ကိုယ့်ရဲ့ အသားအရေ ကြည်လင်မှု၊ ခန္ဓာကိုယ်ရဲ့ အနံ့အသက် ဒါတွေကောင်းမွန်လာစေဖို့ ရည်ရွယ်ပါတယ်။ နောက်မျက်နှာမှာဆိုရင် အမျိုးသမီးတွေရော အမျိုးသားတွေရော ဘယ်လောက်ပဲ Skin Care တွေကောင်းတာ သုံးနေသုံးနေ တင်းတိတ်ကို လုံးဝမထိန်းနိုင်တဲ့အတွက် တင်းတိပ်ဆပ်ပြာကို မဖြစ်မနေရရှိအောင် ကြိုးစားထုတ်လုပ်ခဲ့ တာဖြစ်ပါတယ်။ အရိုးသားဆုံးနည်းနဲ့ပဲ ပြောပြီး အရိုးသားဆုံးနည်းနဲ့ပဲ ဈေးကွက်ထဲကို ထိုးဖောက်လျက်ရှိတယ်လို့ ပြောကြားလိုပါတယ်။




## ကုန်ပစ္စည်းမပါဘဲ ပဲမျိုးစုံ အရောင်းအဝယ် လုံးဝမပြုလုပ်ရန် ထုတ်ပြန်

ပြည်တွင်း၊ ပြည်ပ ပဲဈေးကွက်မှန်ကန်စေရေးနှင့် ပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက် ပဲမျိုးစုံ အရောင်းအဝယ်အား ကုန်ပစ္စည်းမပါဘဲ အရောင်းအဝယ်လုံးဝမပြုလုပ်ရန် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ ထုတ်ပြန်ထားကြောင်း သိရသည်။

ကုန်ပစ္စည်းမပါဘဲ အရောင်းအဝယ် ဆောင်ရွက်နေသူများကိုလည်း အသင်း၏ စည်းမျဉ်း စည်းကမ်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသင်းမှ အသိပေး ကြေညာထားသည်။

လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ပဲမျိုးစုံကို အိန္ဒိယဈေးကွက်သို့ အဓိက တင်ပို့လျက်ရှိပြီး ပြည်ပဈေးကွက်သို့ တင်ပို့မှုအနေဖြင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲယဉ်း၊ ထောပတ်ပဲ စသည့် ပဲအမျိုးအစားပေါင်း ၂၀ ခန့်အား တင်ပို့နေခြင်းဖြစ်သည်။

ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ မြန်မာ့ပဲမျိုးစုံတင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံခန့်ရရှိရန် မျှော်မှန်းထားပြီး အဆိုပါကာလအတွင်း ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၈၃ သန်း တင်ပို့ရေး လျာထားဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင်မူ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ ဘီလီယံတန်ဖိုးရှိ ပဲမျိုးစုံ တန်ချိန် ၂ ဒသမ ၁၄ သန်း တင်ပို့ထားနိုင်ခဲ့ကြောင်း သိရသည်။

**ကိုတိုး**

# တစ်ခေတ်ဆန်းသစ်လာမည့် ရောဝတီ ရေကြည်ပေါ်ဆန်း

မင်းမင်းဦး(ရောဝတီ)

မြန်မာနိုင်ငံတွင် ရောဝတီတိုင်းဒေသကြီးသည် စပါးကို အဓိက စိုက်ပျိုးနေသော ဆန်အိုးကြီးဖြစ်ပြီး ရောဝတီပေါ်ဆန်းဆန်သည် ရှေးယခင်တည်းက အရည်အသွေ ကောင်းမွန်ခြင်း Eating Quality ကောင်းမွန်ပြီး နူးညံ့၍ အရသာကောင်းမွန်သည့်အတွက် ဈေးကွက်ဝင် လူကြိုက်များခဲ့သည်။ ယခုအခါ ရွှေဘိုပေါ်ဆန်းဆန်မှာ ဈေးကွက် အတွင်း နာမည်ရရှိကာ ဈေးကောင်းရရှိလာပြီး ရောဝတီပေါ်ဆန်း ဆန်ဈေးနှုန်းရရှိမှု လျော့ကျလာခြင်းကြောင့် အမှန်တကယ်အရည် အသွေးကောင်းမွန်သော ပေါ်ဆန်းစပါးမျိုးကို စိုက်ပျိုး၍ ဈေးကွက်အတွင်း Branded တစ်ခု ဖော်ဆောင်၍ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ထိုးဖောက်နိုင်ရန် စပါးစိုက်ကွင်းကောင်းပြီး နုန်းမြေကျဆင်းသည့် နေရာတွင် ပိုမိုအောင်မြင်ဖြစ်ထွန်းသည့် ပေါ်ဆန်းစပါးများကို ရေကြည်မြို့နယ်အတွင်းရှိ နွားရေတိုက် ကျေးရွာအုပ်စုတွင် စမ်းသပ်စိုက်ပျိုးခဲ့သည်။

အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ရရှိရန် ပေါ်ဆန်းစပါးကို ရောဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးလျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း စိုက်ပျိုးကြသည်။ ပေါ်ဆန်းစပါးစိုက်ပျိုးရာတွင် စပါးအထွက်နှုန်းကောင်းစေရန် ဓာတ်မြေဩဇာများ အလွန်အကျွံထည့်သွင်းခြင်းကိုလည်း ရှောင်ကြဉ်သင့်သည်။

စိုက်ပျိုးမည့်ဒေသတွင် သွင်းရေရရှိမှု၊ ပန်းပွင့်မည့်အချိန်သည် မိုးလွတ်ချိန်ဖြစ်ပြီး ရရှိမည့်အပူချိန်နှင့် ချိန်ညှိပြီး ပျိုးထောင်စိုက်ပျိုးချိန်ကို မှန်ကန်စွာ ရွေးချယ်စိုက်ပျိုးနိုင်မှသာ အထွက်နှုန်း မြင့်မားပြီး အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ရရှိနိုင်မည်ဖြစ်သည်။ ပေါ်ဆန်းစပါးမျိုးသည် အပင်မြင့်ပြီး ပင်စည်ပျော့သဖြင့် အခြားအထွက်ကောင်းမျိုးများကဲ့သို့ ကောက်ကွက်စိပ်စိပ် စိုက်ပါက အပင်ဟုန်ပြီး ယိုင်လဲတတ်သည်။

အကောင်းဆုံး ပင်ကြား၊ တန်းကြား အကွာအဝေးမှာ မြေဆီထက် သန်မှုအလိုက် ၈ × ၈ လက်မ ၉ × ၉ လက်မ ၁၀ × ၁၀ လက်မ စိုက်ပျိုးသင့်သည်။ ပေါ်ဆန်းစပါးမျိုး စိုက်ပျိုးရာတွင် သွင်းအားစုအချိုးအစား မှန်ကန်မှသာ အပင်သန်မည် ဖြစ်သည်။

ရောဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အရည်အသွေးကောင်းပြီး တူညီသောပေါ်ဆန်းမျိုးများ စိုက်ပျိုးကြသော်လည်း ပေါ်ဆန်းစပါး၏ အထွက်နှုန်းနှင့် စားသုံးမှု အရည်အသွေးမှာ အနည်းငယ် ကွာခြားလျက်ရှိကြောင်း သိရသည်။

ထိုသို့ကွာခြားရခြင်းမှာ စိုက်ပျိုးရာဒေသအလိုက် ရေမြေရာသီဥတု သဘာဝပေါ် မူတည်၍သော်လည်းကောင်း၊ မိုးရေချိန်ကွာခြားမှု၊ အပူချိန်ကွာခြားမှု၊ မြေဆီလွှာ ကွာခြားမှု၊ စသည့် အကြောင်းအရင်းများကြောင့် ဖြစ်နိုင်သည့်အပြင် မြေဆီလွှာ အာဟာရဓာတ်ညီမျှမှုသည်လည်း အရေးကြီးသော အချက်တစ်ချက်ဖြစ်သည်။

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ပေါ်ဆန်းစပါးမျိုးများ၏ အရည်အသွေးမြှင့်တင်ရန်နှင့် မြေဆီလွှာပျက်စီးမှုကိုလျှော့ချရန် သာမက ၎င်းအပြင် မြေကြီးကျန်းမာရေးသည် လူသားတို့၏ ကျန်းမာရေးနှင့် တိုက်ရိုက်အချိုးကျသဖြင့် စားသုံးသူများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရန် အရေးကြီးသော ကဏ္ဍတစ်ရပ်ပင်ဖြစ်သည်။

## ajrqDTxefod&eESft &nft oG$witef

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့်အတူ ရေကြည်ပေါ်ဆန်း အရည်အသွေးမြှင့်တင်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေး သုတေသနဆောင်ရွက်ရန် ၂၀၂၂ခုနှစ် မိုးစပါးရာသီတွင် ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာရှိ တောင်သူ တစ်ဦး၏ လယ်မြေ၌ သုတေသနဆောင်ရွက်ချက်နှစ်မျိုးဖြင့် သုတေသနပြု ဆောင်ရွက်ခဲ့သည်။ ထိုအပြင် ၂၀၂၃ ခုနှစ် မိုးရာသီတွင်လည်း ဖော်ပြပါ သုတေသနပြုဆောင် ရွက်ချက်နှစ်မျိုးအား ၎င်းတောင်သူ၏ လယ်မြေတွင်ပင် ဒုတိယအကြိမ် ထပ်မံ၍ သုတေသနပြုဆောင်ရွက်ရာ ဟူးမစ်အခြေခံ သဘာဝဓာတ်မြေဩဇာကို သုံးစွဲလျက်ရှိပြီး သစ်ရွက်များ၊ ကျိုးပဲ့သော အရွက်အကြွေများ၊ သက်ရှိသဘာဝပိုးကောင်ငယ်များ၊ မီးရှို့ပြီးကျန်သော အမှိုက်များ၊ အပင်နှင့် သတ္တဝါများ၏ သဘာဝအတိုင်း ကြေပျက်ဆွေးမြည့်ပြီး နောက်ဆုံးကျန်သော အရာများ၊ ပျက်စီးမှုပမာဏလုံးဝပြည့်စုံသွားသောအခါ သဘာဝအော်ဂဲနစ် အကြွင်းအကျန်များကို ဟူးမစ်ဟု ခေါ်ဆိုသည်။

သဘာဝမြေဩဇာ ဟူးမစ်ကို စပါးမျိုးပျိုးထောင်ရာတွင်၊ မြေပြင်ဆင်ရာတွင် အများဆုံးအသုံးပြု၍ သီးနှံများစိုက်ပျိုးရာတွင်လည်း အထူးကောင်းမွန်သည်။ သီးနှံစိုက်ပျိုးရာတွင် မြေကြီးအတွက် လိုအပ်သော မြေချဉ်ငန်ကိန်းကို ပြောင်းလဲပေးနိုင်ပြီး အပင်ကြီးထွားစေကာ မြေသားဖွဲ့စည်းပုံကို တိုးတက်ကောင်းမွန်စေသည်။ မြေဆီလွှာကို နူးညံ့စေပြီး အပင်စိုက်ပျိုးရာတွင်လည်း လွယ်ကူစေ၍ မြေကြီး၏ ရေဓာတ်ကို ထိန်းသိမ်းပေးကာ မြေဆီလွှာကို မြှင့်တင်ပေးသည့် အပင်အတွက်လိုအပ်သော အာဟာရဓာတ်များစွာ ရရှိလာအောင် ကူညီပေးသည်။

ဟူးမစ် စမ်းသပ်ချက်များနှင့်အတူ (တစ်ဧကလျှင်) စပါးပင်များ ထွက်ရှိချိန်တွင် နွားချေးမြေဆွေး ၆၅ ကီလိုဂရမ်၊ ဖွဲနု ၁၇ ကီလိုဂရမ်နှင့် သဘာဝဟူးမစ်မြေဩဇာ နှစ်ကီလိုဂရမ်ရော၍ ကျွေးခဲ့သည်။ မှိုကပ်စအချိန်တွင်လည်း နွားချေးမြေဆွေး ၆၅ ကီလိုဂရမ်၊ ဖွဲနု ၁၇ ကီလိုဂရမ်နှင့် သဘာဝဟူးမစ် မြေဩဇာ ၃ ခဲ့သည်။ နှံစုပ်ကြမ်း ပိုးကျရောက်ချိန်တွင် ကွန်ကွာဗီဝပိုးသတ်ဆေး တစ်မျိုးသာ အသုံးပြုခဲ့ပြီး စပါးကုတ်ကျိုးရောဂါ ကျရောက်ချိန်တွင် ထရိုင်ဂိုးဒါးမား မှိုးသတ်ဆေးအား တစ်ဧကလျှင် ငါးထုပ်နှုန်းဖြင့် ငါးကြိမ် အသုံးပြုခဲ့သည်။

## okwoeaqmif&Gcsufsm;ESft xGEef;

၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ခုနှစ် မိုးရာသီ သုတေသနဆောင်ရွက်ချက်များအရ ၂၀၂၄ ခုနှစ်တွင် ပေါ်ဆန်းစပါးခြောက်မျိုးဖြစ်သည့် မြောင်းမြပေါ်ဆန်းရင်၊ ရွှေဘိုပေါ်ဆန်းရင်၊ ဖျာပုံပေါ်ဆန်းရင်၊ ရွှေဝါရင်၊ ရောဝတီပေါ်ဆန်းကြီးနှင့် ဖျာပုံပေါ်ဆန်းကြီးတို့ကို စမ်းသပ်စိုက်ပျိုးခဲ့ရာတွင် စပါးမျိုးများအလိုက် အထွက်နှုန်းများ သိသာစွာ ကွာခြားသည်ကို တွေ့ရှိရသည်။ ရွှေဘိုပေါ်ဆန်းရင်သည် အသက်ရက် ၁၂၅ ရက်ဖြင့် သက်တမ်းအတိုဆုံးမျိုးဖြစ်ပြီး ရောဝတီ ပေါ်ဆန်းကြီးသည် ၁၆၁ ရက်ဖြင့် အသက်ရက်အကြီးဆုံးမျိုးဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။ မြောင်းမြ ပေါ်ဆန်းရင်နှင့် ရွှေဝါရင် သည် အနှံ့ပင်ပွား အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပြီး အောင်စေ့ ရာခိုင်နှုန်းအနေဖြင့် ဖျာပုံပေါ်ဆန်း ရင် ၉၃ ရာခိုင်နှုန်း၊ ဖျာပုံပေါ်ဆန်းကြီးနှင့် ရောဝတီပေါ်ဆန်းကြီးတို့သည် ၉၂ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

အထွက်နှုန်းအနေဖြင့်လည်း ဖျာပုံပေါ်ဆန်းရင် ၁၂၃ တင်း၊ ဖျာပုံပေါ်ဆန်းကြီးနှင့် ရောဝတီပေါ်ဆန်းကြီးသည် ၁၁၇တင်း ထွက်ရှိ၍ ကျန်မျိုးသုံးမျိုး၏ ပျမ်းမျှနှုန်းထက်သိသာစွာ များပြားသည်ကို တွေ့ရှိရသည့်အတွက် ရောဝတီပေါ်ဆန်းကြီး၊ ဖျာပုံပေါ်ဆန်းရင်၊ ဖျာပုံပေါ်ဆန်းကြီးမျိုးများသည် စီးပွားရေးအရတွက်ခြေကိုက်သည် မျိုးများဖြစ်သည်။ တောင်သူတစ်ဦး၏ လယ်မြေတွင် ပေါ်ဆန်းကြီး ဧက ၃၀ ကိုဟူးမစ်အခြေခံသဘာဝမြေဩဇာ စမ်းသပ်ချက်အတိုင်း စိုက်ပျိုးခဲ့ရာ စုစုပေါင်းပျမ်းမျှ အထွက်နှုန်းတင်း ၁၀၀ ထွက်ရှိပြီး ၂၀၂၄ ခုနှစ် မိုးရာသီတွင်လည်းအထက်ပါ တောင်သူ၏ လယ်မြေ၌ ၆၆ ဧက စိုက်ပျိုးခဲ့ရာ စုစုပေါင်းပျမ်းမျှ အထွက်နှုန်း ၁၀၃ တင်း ထွက်ရှိခဲ့သည်။

## qeft&nftaoG$rifhwufvmjcif;

စမ်းသပ်စိုက်ပျိုးခြင်းမှ ရရှိလာသော ဆန်အား ဓာတ်မြေဩဇာ အသုံးပြု၍ စိုက်ပျိုးထားသော ပေါ်ဆန်းဆန်နှင့်အတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဇီဝနည်းပညာသုတေသနဦးစီးဌာန ဓာတ်ခွဲခန်းသို့ ပေးပို့စမ်းသပ်ခဲ့ရာ ဟူးမစ်အခြေခံ သဘာဝမြေဩဇာ အသုံးပြု ၍ စိုက်ပျိုးထားသော ပေါ်ဆန်းဆန်မှာ စူးရှသော မွှေးရနံ့ရှိခြင်း၊ ဆန်သားအနည်းငယ် ပျော့ပျောင်းမှုရှိခြင်း၊ ဆန်သားအနည်းငယ် စေးကပ်ခြင်းဟူ၍ ဆန်အရည်အသွေး မြင့်တက်လာသော ဂုဏ်သတ္တိများရရှိလာသည်ကို တွေ့ရှိရသည်။ မြေနမူနာဓာတ်ခွဲစမ်းသပ်မှု အဖြေများတွင် အပင်မှ စုပ်ယူစားသုံးနိုင်သော တီစူပါဓာတ် (K)၊ ပိုတက်ဆီယမ် (P) ဓာတ်နှင့် သစ်ဆွေးဓာတ်မြေများသည် မစိုက်ပျိုး မီအချိန်ထက် စိုက်ပျိုးပြီးချိန် ပိုမိုတိုးတက်လာကြောင်း တွေ့ရှိရသည်။

ဓာတ်ခွဲစမ်းသပ်မှုအဖြေများအရ ဓာတုကင်းလွတ်ရေကြည်ပေါ်ဆန်းဟူ၍ အမည်တွင်ကာ ဟူးမစ်အခြေခံသဘာဝမြေဩဇာ အသုံးပြုပြီး ဓာတုကင်းလွတ်ရေကြည်ပေါ်ဆန်း စိုက်ပျိုးထုတ်လုပ်ခြင်းအား မြဝတီရုပ်သံလွှင့်အစီအစဉ်တွင်လည်း ရိုက်ကူးထုတ်လွှင့်ခဲ့ပြီး ၂၀၂၅ မိုးရာသီ ရေကြည်မြို့နယ်တွင် ဓာတုကင်းလွတ် ပေါ်ဆန်းစပါး စိုက်ပျိုးလိုသော တောင်သူများ ရှိလာခဲ့မှု အပေါ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွားရေတိုက်ကျေးရွာ၊ ကွင်းကြီးကျေးရွာ၊ မကျည်းလဟာကျေးရွာ၊ ပန်းဖဲကွင်းကျေးရွာ၊ ကွမ်းသီး ချောင်းကျေးရွာများတွင် ဧက ၂၀၀ ကျော် တိုးချဲ့စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်းမှာ ၉၂ တင်းဖြစ်ကြောင်း သိရသည်။

ရောဝတီတိုင်းဒေသကြီး၏ ပေါ်ဆန်းစပါးအရည်အသွေးမြှင့်တင်ရေးနှင့် မြေဆီလွှာ ထိန်းသိမ်းရေး သုတေသနဆောင်ရွက်ရာတွင် ဟူးမစ်အခြေခံသဘာဝမြေဩဇာ ထည့်သွင်းစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးခဲ့ရာတွင် မြေဆီလွှာ၏ ဂုဏ်သတ္တိများ တိုးတက်စေခြင်း၊ သွင်းအားစုကုန်ကျစရိတ်သက်သာခြင်း၊ ဈေးကွက်ဝင်၍ မြင်သာသော အကျိုးအမြတ်ရရှိသည့်အတွက် ဖော်ပြပါ ဟူးမစ်အခြေခံ သဘာဝမြေဩဇာအသုံးပြု၍ ပေါ်ဆန်းစပါးစိုက်ပျိုးခြင်းအား ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြေဒေသကွာခြားမှုရှိသော ဒေသများတွင်လည်း ဆက်လက်၍ သုတေသနပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## aps;uGufwif&efurf;vSrf;qef

ရေကြည်ပေါ်ဆန်းကို ရောဝတီတိုင်းဒေသကြီးအတွင်း စက်မှုထုတ်ကုန်ပြပွဲများ လွှတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့၊ အထိမ်းအမှတ်ပြခန်းများတွင် သုံးကီလိုဂရမ် ဆန်အိတ်များထုပ်ပိုး၍ ရောင်းချခဲ့ရာတွင် စားသုံးသူများကြိုက်နှစ်သက်မှုရှိကြောင်း သိရသည်။ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှလည်း ၂၀၂၅ ခုနှစ် မတ်လက ပုသိမ်မြို့ မြို့တော်ခန်းမတွင် ပေါ်ဆန်းစပါးစိုက်ပျိုးသော မြို့နယ်များမှ စပါး၊ ဆန်နမူနာများအား ခင်းကျင်းပြသ၍ မြေမှန်၊ မျိုးမှန်၊ စိုက်နည်းစနစ်မှန်ကန်စေရေး အရည်အသွေးမြင့်ဆန်များ ထုတ်လုပ်နိုင်ရေး ပေါ်ဆန်းဖိုရမ် ကျင်းပခဲ့သည်။

## jynfyydkYukefjrifhwif&ESifh aps;uGuf vm;tvm


ရောဝတီတိုင်းဒေသကြီးသည် ရှေးယခင်တည်းက အရည်အသွေးကောင်းမွန်သော ပေါ်ဆန်းဆန်များ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့်အတူ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်၊ စားသုံးသူရေးရာဦးစီးဌာန တို့ ပူးပေါင်း၍ ပြည်ပပို့ကုန်မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရောဝတီပေါ်ဆန်း၊ ဖျာပုံပေါ်ဆန်း၊ ရေကြည်ပေါ်ဆန်းတို့ကို တရုတ်နိုင်ငံ နန်နင်းမြို့တွင် ကျင်းပသော ကုန်စည်ပြပွဲတွင် ပါဝင်ပြသခဲ့သည်။

ပြည်ပနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်၊စစ်သုံးမျိုးများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ရောဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့် အရည်အသွေးမြင့် ပေါ်ဆန်းဆန်များ ပြည်ပတင်ပို့နိုင်ခြင်းဖြင့် စီးပွားရေး အခွင့်အလမ်းများရရှိလာမည်ဖြစ်သလို မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်များတွင် အလားအလာကောင်းများ ရရှိနေသော ရောဝတီတိုင်းဒေသကြီး ထွက်ကုန်ပေါ်ဆန်းအကြောင်း ရေးသားလိုက်ရပါသည်။

> ပြည်ပပို့ကုန်မြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရောဝတီပေါ်ဆန်း၊ ဖျာပုံပေါ်ဆန်း၊ ရေကြည်ပေါ်ဆန်းတို့ကို တရုတ်နိုင်ငံ နန်နင်းမြို့တွင် ကျင်းပသော ကုန်စည်ပြပွဲတွင် ပါဝင်ပြသခဲ့သည်။

# ရေသန့်သောက်သုံးခြင်းနှင့် သတိပြုရမည့် အချက်များ

ဖြိုးသော်ဆက် (DOCA, NPT)



ရေဓာတ်သည် လူသားတို့၏ ခန္ဓာကိုယ်တွင် ၇၀ ရာခိုင်နှုန်း ပါဝင်ဖွဲ့စည်းထားပြီး အခြေခံဆဲလ်များအတွက် မရှိမဖြစ်သော အရာဖြစ်သည်။ တစ်နေ့လျှင် ရေရှစ်ခွက်ခန့် သောက်သုံးခြင်းဖြင့် ရေဓာတ်လျော့နည်းခြင်းကို ကာကွယ်နိုင်သည်။ ရေသောက်ခြင်းကြောင့် အသားအရေ ကြည်လင်၍ ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်မြှင့်တင်နိုင်ပြီး ဦးနှောက်လုပ်ငန်းများ ကောင်းမွန်စေသည့်အပြင် ဝမ်းချုပ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အရက်အမူးလွန်ခြင်းများကို သက်သာစေခြင်း၊ ဆီးကျောက်တည်ခြင်းကို ကာကွယ်ပေးနိုင်ခြင်း၊ ကိုယ်အလေးချိန်လျှော့ချရာတွင် အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။

'ထမင်းအသက် ခုနစ်ရက် ရေအသက် တစ်မနက်'ဟု ဆိုရိုးစကားရှိသည့်အတိုင်း နေ့စဉ်ရှင်သန်လှုပ်ရှားနိုင်စေရန် ရေသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပြီး ယခုခေတ်တွင် ရေသန့်ဘူးများဖြင့်ထည့်သွင်းပြီး PH7 ရေသန့်စစ်စစ်များ ထုတ်လုပ်ရောင်းချလာကြသည်ကိုတွေ့ရှိရသည်။

### ရေသန့်သည် အဓိကထုတ်ကုန်ဖြစ်လာခြင်း

မြန်မာနိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ် ရေသန့်သောက်သုံးသည့် ဓလေ့မှာ ပိုမိုတွင်ကျယ်လာသည်။ စီးပွားရေးဖွံ့ဖြိုးလာမှုနှင့် တစ်ဦးချင်းဝင်ငွေ တိုးတက်ခြင်းကြောင့် ရေသန့်ဝယ်ယူသောက်သုံးမှုနှုန်းလည်း တိုးတက်လာခဲ့သည်။ မြို့ပြဖြစ်ထွန်းမှု တိုးတက်လာခြင်းနှင့် စားသုံးသူများက ရေသန့်သောက်သုံးခြင်းကြောင့် ရရှိမည့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသတိပြုမိလာခြင်းတို့ကြောင့် ရေသန့်ဈေးကွက်များ ပိုမိုတိုးတက်လာသည်နှင့်အမျှ ဈေးကွက်လိုအပ်ချက်အရ အဆင့်မြင့်ဈေးဝယ်စင်တာများ၊ စတိုးဆိုင်များနှင့် လက်လီအရောင်းဆိုင်များတွင် ပြည်တွင်းထုတ်ရေသန့် အမှတ်တံဆိပ်အမျိုးမျိုးကို ဖြန့်ဖြူးရောင်းချလာသည့်အတွက် ရေသန့်သည် အဓိကထုတ်ကုန်အမျိုးအစားထဲတွင် အကျုံးဝင်လာခဲ့သည်။

ရေသန့်သည် အဓိကထုတ်ကုန်ဖြစ်လာသည့်အလျောက် ရေသန့်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းများ များပြားလာကာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေသန့်လုပ်ငန်းရှင်များ အသင်းများကို ဖွဲ့စည်းလာကြပြီး လုပ်ငန်းလုပ်ကိုင်သူ ၇၅ ရာခိုင်နှုန်းခန့်က အသင်းဝင်ထားကြသည်ကို လေ့လာတွေ့ရှိရသည်။

ရေသန့်ထုတ်လုပ်ရောင်းချသူများသည် ရေသန့်ထုတ်လုပ်ခြင်းကို တစ်ပိုင်တစ်နိုင်လုပ်ငန်းများအဖြစ် ထုတ်လုပ်ရောင်းချလာမှုများလာကာ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရာတွင် အရည်အသွေးပြည့်မီခြင်းထက် ဈေးနှုန်းလျှော့ချယှဉ်ပြိုင်မှုများကြောင့် စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ရောင်းချစေရန် ကျန်းမာရေးဝန်ကြီးဌာန၊ ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP) စနစ်ဖြင့် ရေသန့်ထုတ်လုပ်ရန် ရေသန့်စက်ရုံ၏ လိုအပ်ချက်များကို ထုတ်ပြန်ထားသည်။

### ရေသန့်ထုတ်လုပ်မည့် ရေ၏လိုအပ်ချက်

ရေသန့်ထုတ်လုပ်မည့် ရေအမျိုးအစားသည် မြစ်ရေ၊ ကန်ရေ၊ ချောင်းရေ၊ အညစ်အကြေး ရောနှောနေသော ရေမျိုးမဟုတ်ဘဲ သောက်ရေသန့်ထုတ်လုပ်ရန် သင့်လျော်သည့် ရေအမျိုးအစား ဖြစ်ရမည်။ ရေသန့်ထုတ်လုပ်မည့်ရေအား မူလအရင်းအမြစ်မှ ထပ်ဆင့်သိုလှောင်ခြင်း၊ ပိုက်ဆက်သွယ်ယူခြင်းတို့ကို သီးသန့်ဖြစ်ရမည်။ ရေသန့်ထုတ်လုပ်မည့် ရေအား သိုလှောင်သည့်နည်းစနစ်သည် သံချေးမတက်နိုင်သည့် စတီးသံဖြင့် ပြုလုပ်ထားသော ကန်ဖြစ်ပြီး ဆေးကြောရန် လွယ်ကူခြင်း၊ အညစ်အကြေးဝင်ရောက်မှုမှ ကာကွယ်ထားခြင်း စသည်တို့နှင့် ပြည့်စုံသော နည်းစနစ်ဖြစ်ရမည်။

### အဆောက်အအုံ ဖွဲ့စည်းပုံ၏ လိုအပ်ချက်

ရေသန့်ထုတ်လုပ်မည့် စက်ရုံသည် သီးသန့်စက်ရုံဖြစ်ပြီး သန့်ရှင်းသော ပတ်ဝန်းကျင်၌ ရှိရမည်။ လူနေအိမ်နှင့်သီးခြားထားနိုင်သောနေရာဖြစ်ပြီး အခြားအစားအသောက် ထုတ်လုပ်ခြင်းနှင့် သီးခြားစီ ဖြစ်ရမည်။ စက်ရုံသည် လုပ်ငန်းပမာဏနှင့်သင့်လျော်သည့် အကျယ်အဝန်းရှိရမည်ဖြစ်ပြီး တဲတန်းလျား၊ ဂိုဒေါင်ပောင်း၊ အဆောက်အအုံပောင်း မဖြစ်ရန် လိုအပ်သည်။

စက်ရုံ၏အခန်းများ ဖွဲ့စည်းထားရှိမှုတွင် ရေသန့်စက်အခန်း၊ ပဏာမ ဘူးခွံဆေးခန်း၊ ရေသန့်ဖြင့်ဘူးခွံဆေးသည့်အခန်း၊ ရေသန့်ဖြည့်ခြင်းနှင့် အဖုံးပိတ်ခြင်းအခန်း၊ ဖြည့်ပြီးရေသန့်ဘူးတွင် ချွတ်ယွင်းချက်ရှိ/မရှိစစ်ဆေးခြင်း၊ တံဆိပ်ကပ်ခြင်း၊ ယာယီသိုလှောင်ခြင်းအခန်း၊ လုပ်သားနားနေ ခန်းစသဖြင့် ထုတ်လုပ်ခြင်းအဆင့်အလိုက် ဖွဲ့စည်းထားရမည်ဖြစ်သည်။

### ရေသန့်ထုတ်လုပ်မည့်စက်၏ လိုအပ်ချက်

ရေသန့်ထုတ်လုပ်မည့်စက်သည် စက်မှုလုပ်ငန်းသုံးအဆင့် (Commercial Type)ရှိ ရေသန့်စက်ဖြစ်ရန်လိုအပ်ပြီး အိမ်သုံးအဆင့် မဖြစ်စေရပါ။ စက်၏ဝန်ဆောင်နိုင်မှုသည် ထုတ်လုပ်မှုပမာဏနှင့် လိုက်လျောညီထွေ ရှိရမည်ဖြစ်သည်။

### ထုတ်လုပ်မှုကို ထိန်းသိမ်းခြင်း

ရေသန့်ထုတ်လုပ်မည့်ရေ၏ အရည်အသွေးကို စက်ရုံမလည်ပတ်မီ/လည်ပတ်စဉ်၊ တစ်နှစ်တစ်ကြိမ်၊ လိုအပ်သောအချိန်၊ သက်ဆိုင်ရာမှ ညွှန်ကြားလာသောအချိန်များတွင် ရေ၏ဓာတုနှင့် အဏုဇီဝအသေးစိတ်အချက်အလက်များကို ဓာတ်ခွဲစစ်ဆေးရမည် ဖြစ်ပြီး ဓာတ်ခွဲစစ်ဆေးချက်များကို သက်ဆိုင်ရာဌာနခွင့်ပြုချက်မရှိဘဲ (၂) နှစ်အတွင်း ဖျက်ဆီးခြင်းမပြုရပါ။ သက်ဆိုင်ရာမှ တောင်းဆိုလာပါက စစ်ဆေးခွင့်ပြုရမည်။ ရေသန့်စက်သုံးဓာတုပစ္စည်းများ၊ ရေစင် (Resin)များ၊ ရေစစ်(Filter) များ လဲလှယ်ခြင်း၊ ဓာတုဂုဏ်သတ္တိ ပြန်လည်ရရှိအောင်ဆောင်ရွက်ခြင်း (Reactivation) ကို ဆောင်ရွက်ရာတွင်လည်း သတ်မှတ်ထားသော သတ်မှတ်ချက်များ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်မှုကို မှတ်တမ်းပြုစု ထိန်းသိမ်းထားရမည်ဖြစ်သည်။

ထုတ်လုပ်သည့် နည်းစနစ်သည် ရေသန့်၏ ရူပ၊ ဓာတုနှင့် အဏုဇီဝဆိုင်ရာ အဆင့်သတ်မှတ်ချက်များအား ထိခိုက်ပျက်ပြားစေမှုမဖြစ်စေရန် ထုတ်လုပ်မှုအဆင့်ဆင့်ကို အစဉ်လိုက်ဆောင်ရွက်ရန်လည်း လိုအပ်သည်။ ဥပမာ ဘူးဆေးကြောခြင်းကို ပဏာမ ဆေးကြောခြင်း၊ အချောဆေးခြင်းနှင့် ရေသန့်နှင့် ဘူးဆေးခြင်းဟူ၍ သုံးပိုင်းခွဲ ဆောင်ရွက်ရမည်ဖြစ်ပြီး ဘူးဆေးကြောရာတွင်လည်း သင့်လျော်သည့် စက်မောင်းရေပန်းကိုသော် လည်းကောင်း၊ Brush ကိုသော်လည်းကောင်း သုံးစွဲဆေးကြောရမည်ဖြစ်သည်။ Resin များ၊ ရေစစ်(Filter)များ၊ ပိုးသတ်ကိရိယာများ၊ သတ်မှတ်စွမ်းဆောင်ရည်ပြည့်ဝမှု ရှိ/မရှိစစ်ဆေးကွပ်ကဲရမည်ဖြစ်ပြီး ဝန်ထမ်းများ လက်ဆေးခြင်း၊ ခြေဆေးခြင်း၊ လုပ်ငန်းခွင်ဝတ်စုံ လဲလှယ်ခြင်းတို့ကို ထုတ်လုပ်ရာနေရာဖြစ်သော (ရေသန့်ဖြင့် ဘူးဆေး ခြင်း၊ ရေသန့်ဖြည့်ခြင်း၊ အဖုံးပိတ်ခြင်း)အခန်းသို့ မဝင်မီအချိန်များတွင် လုပ်ဆောင်ရမည်။

(ဆက်လက်ဖော်ပြပါမည်။)

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၂ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး

ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။

ဖုန်း - ၀၆၇(၃)၄၀၈၅၁၅

အီးမေးလ် - mmcc.office@commerce.gov.mm

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# အရေးကြီးကုန်စည် (သို့ ) အရေးကြီးဝန်ဆောင်မှုအကြောင်း တစေ့တစောင်း

ဒေါက်တာသရဖီထွန်း(ရောဝတီ)

လူသားများ နေ့စဉ် အသုံးပြုနေကြရသည့် ကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများမှာ အခြေအနေအမျိုးမျိုးကြောင့် ဈေးနှုန်းများမြင့်တက်လာခြင်း၊ ပစ္စည်းပြတ်လပ်ခြင်း၊ သယ်ယူပို့ဆောင်ရေး အတားအဆီးများ ဖြစ်ပေါ်လာခြင်းကြောင့် လူထုအသုံးပြုမှု ထိခိုက်လာနိုင်ခြင်း၊ လူထု၏ သက်သာချောင်ချိရေးအား ထိခိုက်လာစေခြင်းနှင့် စားသုံးသူ အခွင့်အရေးများအား ထိခိုက်လာစေခြင်း စသည့် အခြေအနေများ ဖြစ်ပေါ်လာခဲ့မည်ဆိုပါက ယင်းကုန်စည်နှင့် ဝန်ဆောင်မှုများမှာ အရေးကြီး အခြေအနေသို့ ရောက်ရှိလာပြီဟု သတ်မှတ်နိုင်သည်။

ထိုကဲ့သို့ အခြေအနေမျိုးကို ကြုံတွေ့လာပြီဆိုလျှင် အစိုးရက ယင်းကုန်စည်များကို 'အရေးကြီးကုန်စည် (သို့) အရေးကြီးဝန်ဆောင်မှု'ဟု သတ်မှတ်ပြီး ထိန်းကျောင်းမှုများ ပြုလုပ်တတ်သည်။ အချိန်မီ ထိန်းကျောင်းဆောင်ရွက်မှုများ မပြုလုပ်ပါက နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် တိုးတက်မှုတို့အပေါ် များစွာ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာနိုင်သည်။

ယင်းသို့ဆိုလျှင် မည်သည့်ကုန်စည်ကဖြင့် အရေးကြီးသည်၊ မည်သည့်ဝန်ဆောင်မှုကဖြင့် အရေးကြီးသည် ဆိုခြင်းကို ကြုံရာလူက ကြုံသလို အလွယ်တကူ သတ်မှတ်၍ရခြင်း မဟုတ်ပေ။ ဥပဒေအရသာ သတ်မှတ်ပေးရမည်ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃ ဖြင့် ပြဋ္ဌာန်းထားသည့် 'အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ(The Essential Supplies and Services law)'အရ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုများကို သတ်မှတ်ရခြင်းပင် ဖြစ်သည်။

အဆိုပါဥပဒေတွင် ပုဒ်မ ၁၂ ခုနှင့် အခန်း(၅)ခန်းသာ ပါသော်လည်း ပြည်သူလူထုအတွက် များစွာ အကာအကွယ်ပေးထားသည့် ဥပဒေတစ်ခုပင်ဖြစ်သည်။ ဥပဒေ၏ ရည်ရွယ်ချက်မှာ နိုင်ငံသားများ၏ အကျိုးစီးပွားကို အထောက်အကူပြုနေသည့် ကုန်စည်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ကာကွယ်နိုင်ရန်ဖြစ်သည်။ ထို့ပြင် ဘေးအန္တရာယ်၊ ကူးစက်ရောဂါနှင့် အခြားမလိုလားအပ်သောကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်နိုင်သည့် ကုန်စည်နှင့် တိရစ္ဆာန်များအား ပြည်တွင်းသယ်ဆောင်မှု၊ ပြည်တွင်းသို့ တင်သွင်းမှုနှင့် ပြည်ပသို့ တင်ပို့မှုတို့ကို တားဆီးနိုင်ရန်လည်းဖြစ်သည်။

အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပြဋ္ဌာန်းချက်များအရဆိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲရန် တာဝန်ပေးအပ်ခြင်းခံရသည့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုများကို သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။ လိုအပ်လာလျှင် ဝန်ကြီးဌာနတိုင်းက အရေးကြီးကုန်စည်(သို့မဟုတ်) ဝန်ဆောင်မှုအဖြစ် သတ်မှတ်ပြဋ္ဌာန်းပိုင်ခွင့် ရှိသည်။ သို့သော် သတ်မှတ် ပြဋ္ဌာန်းလိုက်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုတို့၏ အရေးကြီးသည့် အကြောင်းအချင်းအရာများကမူ တူညီနိုင်မည် မဟုတ်ပေ။

ဥပမာအားဖြင့် ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှလည်းကောင်း၊ ကျွဲ/နွားများကို အရေးကြီးကုန်စည်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လည်းကောင်း၊ တိရစ္ဆာန်တစ်မျိုးမျိုးကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ကြေညာခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လည်းကောင်း၊ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများ၊ ကိုဗစ်(၁၉)ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြု ပစ္စည်းများကို အရေးကြီးကုန်စည်အဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လည်းကောင်း၊ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနမှ လည်းကောင်း၊ အသီးသီး သတ်မှတ်ကြေညာ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။

ယင်းအချက်များကို ကြည့်ခြင်းအားဖြင့် နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေအနေနှင့် လိုအပ်ချက်များအပေါ် မူတည်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက အရေးကြီးကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုများအဖြစ် သတ်မှတ်ကြေညာပိုင်ခွင့်ရှိသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်သည်။

သို့သော် သတ်မှတ်ထားသည့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုများစာရင်းကို အတိအကျ ရနိုင်မည်လားဟု မေးမည်ဆိုပါက မရနိုင်ဟုပင် ဖြေရမည်ဖြစ်သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း အမိန့်ကြော်ငြာစာအမှတ်(၂၁။၂၀၂၀)ဖြင့် ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများ၊ ကိုဗစ်(၁၉)ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို အရေးကြီး ကုန်စည်များအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားသည်။ အမိန့်ကြေညာချက်အရဆိုပါက အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ထားသည့် စားသုံးကုန်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းစာရင်းများကို အတိအကျ ဖော်ပြထားခြင်းမရှိဘဲ ခြုံငုံ၍သာ သတ်မှတ်ထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။

အဆိုပါ သတ်မှတ်ထားသည့် ကုန်ပစ္စည်းများအားလုံးသည် အချိန်တိုင်း အရေးကြီးကုန်စည်ဖြစ်နေခြင်းမျိုး မဟုတ်ပေ။ ပြည်သူ၏ လိုအပ်ချက်၊ ပစ္စည်းပြတ်လပ်မှု၊ ကုန်ဈေးနှုန်းကြီးမြင့်လာမှု၊ ထိန်းချုပ်ရန် လိုအပ်လာမှု စသည့် အချက်များ ဖြစ်ပေါ်လာသည့် ကုန်ပစ္စည်းကိုသာ အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ပြီး ဥပဒေအရ အရေးယူဆောင်ရွက်ရခြင်းဖြစ်သည်။

ကုန်စည်တစ်မျိုးမျိုး သို့မဟုတ် ဝန်ဆောင်မှုတစ်ခုခုကို အရေးကြီးကုန်စည်(သို့မဟုတ်) အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်လိုက်ပြီဆိုသည်နှင့် အဆိုပါ ကုန်ပစ္စည်းများကို တင်သွင်းမှု၊ တင်ပို့မှု၊ ရောင်းဝယ်မှု၊ လက်ဝယ်ထားမှု၊ သိုလှောင်မှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှု၊ အသုံးပြုမှု၊ စားသုံးမှုနှင့် လုပ်ငန်းလုပ်ကိုင်မှုများကို ဆောင်ရွက်ရန်အတွက် လိုအပ်သည့်အပိုင်းကို လိုအပ်သလို အမိန့်ကြော်ငြာစာထုတ်ပြီး ကန့်သတ်လိုက်ခြင်း ဖြစ်သည်။

သတ်မှတ်ကြေညာချက်များကို မလိုက်နာပါက အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ခံရမည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်ခြင်း ခံရမည်ဖြစ်သည်။ အခြားတစ်ဖက်တွင် အရေးကြီးကုန်စည်(သို့)ဝန်ဆောင်မှုဟု ကြေညာထားပြီးသား ကုန်စည်နှင့် ဝန်ဆောင်မှုများကို ကြေညာထားသည့် ဝန်ကြီးဌာနက ပယ်ဖျက်ကြောင်း ပြန်လည်ကြေညာနိုင်သည်။ ယင်းကုန်စည်နှင့် ဝန်ဆောင်မှုလုပ်ငန်းများသည် ထိန်းချုပ်ဆောင်ရွက်ရန် မလိုအပ်တော့သည့် အခြေအနေမျိုးသို့ ရောက်ရှိလာခဲ့လျှင် ပယ်ဖျက်ကြောင်း ကြေညာနိုင်သည်။

ပယ်ဖျက်ကြောင်း ကြေညာလိုက်ပြီဆိုသည်နှင့် အရေးကြီးကုန်စည်(သို့) ဝန်ဆောင်မှုအခြေအနေက ပယ်ဖျက်သွားပြီဟု ဆိုနိုင်သည်။ 'အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ'သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး တည်ငြိမ်မှုနှင့် လူထုအကျိုးစီးပွားကို အထူးကာကွယ်ပေးသည့် ဥပဒေတစ်ရပ်ဖြစ်သည်။ ပြည်သူများ၏ အကျိုးစီးပွားကို မထိခိုက်စေရေးအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ယင်းဥပဒေနှင့်အညီ အချိန်မီ ထိန်းကျောင်း ဆောင်ရွက်နိုင်ရန်အတွက် အစိုးရဌာနများအနေဖြင့်လည်း အရေးကြီးကုန်စည်နှင့် အရေးကြီး ဝန်ဆောင်မှုများအကြောင်းကို သိရှိထားရန် လိုအပ်သလို လုပ်ငန်းရှင်များအနေဖြင့်လည်း ဥပဒေအရ သတ်မှတ်ထားသည့် အရေးကြီးကုန်စည်နှင့် အရေးကြီးဝန်ဆောင်မှုလုပ်ငန်းများအကြောင်းကို သိရှိထားရန် လိုအပ်မည်လည်း ဖြစ်သည်။

သို့မှသာ ဥပဒေနှင့်ညီသော တရားဝင် ရောင်းဝယ်ဖောက်ကားမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ပြင် စားသုံးသူများဘက်ကလည်း အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုများအကြောင်းကို သိရှိနေမှသာ ဈေးကွက်အခြေအနေကို နားလည်ကာ စားသုံးသူအခွင့်အရေးကို အပြည့်အဝ တောင်းဆိုနိုင်မည်လည်း ဖြစ်သည်။ ထိုသို့ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုများအကြောင်းကို အစိုးရဌာနများ၊ လုပ်ငန်းရှင်နှင့် စားသုံးသူများ စသည့် သုံးဦးသုံးဖက်လုံး သိမြင်နားလည်မှုရှိမှသာ လူထုအတွက် လိုအပ်သော ကုန်စည်များ ပြတ်လပ်မှုမရှိခြင်းနှင့် ဈေးကွက်တည်ငြိမ်မှုများ ရရှိလာမည်ဖြစ်သည်။

## ဖျာပုံခရိုင်တွင် တိုးချဲ့မွေးမြူလာသည့် အဖိုးတန် ငှက်သိုက်ဈေးကွက်



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ချောင်းသာ၊ ငွေဆောင်၊ ပင်လယ်ကမ်းခြေဒေသများတွင် သဘာဝအလျောက် နေထိုင်ပြီး အများဆုံးတွေ့ရှိရသည့် ဇီဝစိုးငှက်လေးများကို ယခုအခါ လူနေရပ်ကွက်နှင့် ဝေးသောနေရာများတွင် လူနေထိုင်ခြင်းမရှိဘဲ ငှက်ကလေးများအတွက် သီးသန့်အဆောက်အအုံ ဆောက်လုပ်ပြီး ငှက်တန်းများပြုလုပ်၍ မလေးရှားနည်းပညာ အသုံးပြုကာ ဇီဝစိုးငှက် အိမ်ပြုလုပ်၍ ငှက်သိုက်ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

ချောင်းသာ၊ ငွေဆောင်ကမ်းခြေဒေသတွင် ယခင်ကတည်းက အိမ်မွေးဇီဝစိုးငှက်များ မွေးမြူရေး လုပ်ငန်းရှင် ၁၄ ဦးခန့်ရှိပြီး ဖျာပုံမြို့နယ် သလိပ်ကြီးလေးကျေးရွာအုပ်စု၊ သလိပ်ကလေးကျေးရွာတွင် ၂၀၂၃ ခုနှစ်မှ အိမ်မွေးငှက်သိုက်လုပ်ငန်းစတင်၍ လုပ်ကိုင်ခဲ့ရာ ယခုအချိန် လုပ်ငန်းရှင် ၂၀ ဦးခန့်အထိ တိုးချဲ့မွေးမြူလာကြောင်း သိရသည်။

ဇီဝစိုးငှက်များမွေးမြူရာတွင် တစ်နှစ်အတွင်း အသိုက်မရရှိဘဲ တစ်နှစ်ကျော်မှသာ အသိုက်ခွာ၍ရပြီး အသိုက်ခွာယူပြီးပါက ရေစိမ်၍ ငှက်ချေး၊ ဥအကွဲ၊ ဥအကြေ၊ ငှက်အမွေးများကို ရှင်းလင်းရသည်။ ငှက်သိုက်ကုန်ကြမ်းကို ထိုင်းနိုင်ငံထုတ် သကြား၊ ရေသန့်နှင့် တစ်နာရီခန့် ပေါင်းပြီး အအေးခံပါက ငှက်သိုက်ကုန်ချောရရှိသည်။ ငှက်သိုက်ကုန်ချောများကို ပိုးသတ်ထားသော ၄၅ မီလီမီတာ ဖန်ပုလင်းများတွင် ထည့်သွင်း၍ တစ်ပုလင်းလျှင် ကျပ် ၁၀၀၀၀ ဝန်း ကျင်ဖြင့် ဈေးကွက်တွင် ရောင်းချလျက်ရှိကြောင်း သိရသည်။

ငှက်သိုက်သည် ပရိုတင်းဓာတ်ကြွယ်ဝ၍ အာဟာရဓာတ်များစွာ ပါဝင်ပြီး လူမမာများ၊ နာတာရှည်ရောဂါရှိသူများ၊ အားကစားသမားများအပြင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါရှိသူများအတွက် ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေသည်။

လူကြိုက်များ၍ ပြည်တွင်းသုံးစွဲမှု ပိုများသကဲ့သို့ ပြည်ပနိုင်ငံများသို့ လည်းတင်ပို့ရောင်းချလျက် ရှိသည့်အတွက် ဒေသတွင်း စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်လျက်ရှိကြောင်း သိရသည်။ DOCA(ဖျာပုံ)




# ရင်းနှီးမြှုပ်နှံသူများ အကာအကွယ်ပေးရေး ရန်ပုံငွေအဖွဲ့

အချို့သော စတော့အိပ်ချိန်းများတွင် စတော့အိပ်ချိန်း ရောင်းဝယ်ရေးအဖွဲ့ဝင် (Securities Companies) များ စတော့ ရောင်းဝယ်ခြင်းများပြုလုပ်ရာတွင် ပေးချေရန်ရှိသည့် ငွေ/စတော့ များအချိန်မီ ပေးချေရန် ပျက်ကွက်ခြင်း၊ စာရင်းရှင်းလင်းဖျက် သိမ်းရမည့် အခြေအနေရောက်ရှိနေခြင်း စသည့်အခြေအနေများ တွင် ရင်းနှီးမြှုပ်နှံသူများ နစ်နာမှုမရှိစေရေးနှင့် အကာအကွယ်ပေး ရေးအတွက် "ရင်းနှီးမြှုပ်နှံသူများ အကာအကွယ်ပေးရေးရန်ပုံ ငွေ"' (Investor Protection Fund)ကို ဥပဒေများရေးဆွဲကာ ထူထောင်လေ့ရှိကြသည်။

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ တစ်ခုသည် ဖောက် သည်တစ်ဦးက စတော့များ ဝယ်ယူရန် ငွေပေးချေထားသော်လည်း ဝယ်ယူပြီးသည့် စတော့များကို မပေးချေနိုင်ခြင်း၊ ဖောက်သည် ရောင်းချထားသည့် စတော့များအတွက် ရရှိမည့်ငွေကို မပေး ချေနိုင်ခြင်း စသည့်အခြေအနေများပေါ် ပေါက်ခဲ့လျှင် (သို့မဟုတ်) အဆိုပါ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအား စတော့အိပ် ချိန်းမှ ဖျက်သိမ်းတော့မည့် အခြေအနေ ပေါ်ပေါက်နေသည့်အခါ တွင် နစ်နာမှုရှိသည့် ဖောက်သည်များကို ပေးလျော်လေ့ရှိသည်။

### b@m&efyfaGzUwnfaxmifjcif;

စတော့အိပ်ချိန်း၏ ရောင်းဝယ်ရေးအဖွဲ့ဝင် (ငွေချေးသက် သေခံ လက်မှတ်ကုမ္ပဏီ) များသည် သက်ဆိုင်ရာ စတော့ဈေး ကွက်ထိန်း ကျောင်းသည့် အာဏာပိုင်အဖွဲ့မှ သတ်မှတ်ထားသည့် ငွေကြေး ပမာဏကို အဆိုပါ ရန်ပုံငွေထဲသို့ အချိုးကျထည့်ဝင်ကြရ သည်။ အာဏာပိုင်အဖွဲ့သည် အခါအားလျော်စွာ ရန်ပုံငွေ ထပ်မံထည့်ဝင် ရန်လိုအပ်လာပါက ရောင်းဝယ်ရေးအဖွဲ့ဝင်များသို့ ငွေကြေးများ ထပ်မံထည့်ဝင်ရန် ညွှန်ကြားခွင့် ရှိသည်။ စတော့ အိပ်ချိန်းသည်လည်း အဆိုပါရန်ပုံငွေအဖွဲ့သို့ တစ်နှစ်တာအတွင်း ကုမ္ပဏီများ စာရင်းဝင်ခြင်းမှ ရရှိသည့် စာရင်းဝင်ကြေးထဲမှ ရာခိုင်နှုန်းတစ်ခုကို ထည့်ဝင်ရသည်။ စတော့အိပ်ချိန်းသည် အဆိုပါထည့်ဝင်ထားသည့် ရန်ပုံငွေများကို တိုးပွားစေရန် နည်း လမ်းမျိုးစုံသုံး၍ ဆောင်ရွက်နိုင်သည်။ ရန်ပုံငွေထိန်းကျောင်းသည့် အဖွဲ့သည် အဆိုပါ ရန်ပုံငွေများကို လျှော့ချခြင်း၊ ညှိနှိုင်းခြင်း၊ တိုးမြှင့်ခြင်းများကို စတော့ဈေးကွက် ထိန်းကျောင်းရေး အာဏာ ပိုင်အဖွဲ့၏အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ထို့အတူ အဆိုပါ ရန်ပုံငွေများအတွက် စိတ်ချမှုရှိစေရန် အာမခံအဖွဲ့များ နှင့်ချိတ်ဆက်ကာ အာမခံထားရှိနိုင်သည်။

ရင်းနှီးမြှုပ်နှံသူများအကာအကွယ်ပေးရေး ရန်ပုံငွေများကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့၏ ပြဋ္ဌာန်းချက်အရ စတော့အိပ် ချိန်း သို့မဟုတ် အခြားသောအဖွဲ့အစည်းတစ်ခုခုထံတွင် ယုံကြည် အပ်နှံ မှုစာချုပ် (Trust Deed) များချုပ်ဆိုကာ အပ်နှံ ထားရှိရ သည်။ အဆိုပါရန်ပုံငွေများကို သတ်မှတ်ထားသည့် စည်းမျဉ်းများ နှင့်အညီ ရန်ပုံ ငွေစီမံခန့်ခွဲရေးအဖွဲ့ (Trustee)များ ဖွဲ့စည်းကာ ထိန်းသိမ်းစောင့်ရှောက်ရသည်။

အဆိုပါ ရန်ပုံငွေအုပ်ချုပ်ရေးအဖွဲ့သည် စာရင်းရှင်းလင်း ရေးနှင့် ပေးလျော်ရေးကော်မတီ ၏လမ်းညွှန်မှုနှင့်အညီ နစ်နာသူ များမှာ ငွေကြေးပေးလျော်ရန် တင်ပြလာသည့် ကိစ္စများကို စနစ် တကျ စိစစ်ကာ ယင်းမှတစ်ဆင့် စတော့အိပ်ချိန်းမှတာဝန်ရှိသူများ နှင့် လွတ်လပ်သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များထံသို့ ထပ်ဆင့်စစ်ဆေးရန် ပေးပို့သည်။ ဆက်လက်၍ နစ်နာသည့် ရင်းနှီးမြှုပ်နှံသူများသို့ အဆိုပါရန်ပုံငွေမှတစ်ဆင့် ပေးလျော်ရပါ သည်။

နစ်နာမှုများကို ပေးလျော်ရာတွင် အောက်ဖော်ပြပါစည်း မျဉ်းများကို လိုက်နာကြရပါသည်။

- စစ်မှန်သည့်တောင်းခံမှု ဖြစ်စေရေးအတွက် ဖောက်သည် များ၏ အရောင်း/အော်ဒါများ ငွေချေးသက်သေခံလက် မှတ်ကုမ္ပဏီများမှတစ်ဆင့် စတော့အိပ်ချိန်းသို့ တင်သည့် မှတ်တမ်းများကို စစ်ဆေးခြင်း၊ အမှန်အရောင်းအဝယ် ဖြစ်သွားသည့် မှတ်တမ်းများကို စစ်ဆေးခြင်း၊ ငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီများမှ ဖောက်သည်များသို့ ပေးပို့သည့် အရောင်းအဝယ်ဖြစ်ပြီးမှတ်တမ်း (Contract Note)များကို စစ်ဆေးခြင်း စသည်တို့ကို ဆောင်ရွက်ရ သည်။
- ခိုင်မာသည့် အထောက်အထား မတင်ပြနိုင်သော တောင်းခံမှုများ၊ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ (သို့မဟုတ်)ယင်း၏လက်အောက်ခံကုမ္ပဏီ(sub-broker) တစ်ခုအနေနှင့် တရားဝင်ဖျက်သိမ်းကြောင်း၊ ပယ်ဖျက်ခံ ရကြောင်း အထောက်အထား တင်ပြနိုင်ခြင်းမရှိဘဲ တင်ပြတောင်းခံမှုများကို ပေးလျော်မည်မဟုတ်ပါ။
- ဖောက်သည်များမှ တင်ပြလာသည့် နစ်နာမှုများသည် ဥပဒေပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိခြင်း၊ အစဉ် အလာမရှိခဲ့ခြင်းများ ဖြစ်ပေါ်နေသော်လည်း ကော်မတီ သည် ကိစ္စရပ်တစ်ခုချင်းအလိုက် စနစ်တကျ ပြန်လည် သုံးသပ်ပြီး နစ်နာသူအကျိုးအတွက် စဉ်းစားဆောင်ရွက် သွားမည်ဖြစ်သည်။
- အကယ်၍ နစ်နာသူက တောင်းခံလာသည့် ကိစ္စရပ် တစ်ခုသည် စတော့အိပ်ချိန်း၏ အလိုအလျောက် ရောင်း ဝယ်ရေးစနစ် (Automatic Trading system) ၏ချို့ယွင်း ချက်ကြောင့်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိပါက ယင်းနစ်နာ မှုကို စတော့အိပ်ချိန်းမှ တိုက်ရိုက်ပေးလျော်ရမည်ဖြစ် သည်။
- ပေးလျော်မှုပမာဏသည် နစ်နာသူက အမှန်တကယ် ဆုံး

> **ရင်းနှီးမြှုပ်နှံသူများ အကာအကွယ်ပေးရေး ရန်ပုံငွေများကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့၏ ပြဋ္ဌာန်းချက်အရ စတော့အိပ်ချိန်း သို့မဟုတ် အခြားသော အဖွဲ့အစည်းတစ်ခုခုထံတွင် ယုံကြည်အပ်နှံမှုစာချုပ် (Trust Deed) များ ချုပ်ဆိုကာ အပ်နှံထားရှိရသည်။**

### ထွန်းသက်ထွန်း

ရှုံးခဲ့သည့် ပမာဏသာဖြစ်ပြီး အခြားသော အတိုးနှင့် သက်ဆိုင်သည့် တွက်ချက်မှုများ၊ အခြားတွေးဆတွက် ချက်မှုများကြောင့် ဖြစ်ပေါ်လာသည့် ခြားနားချက်များကို ပေးလျော်မည်မဟုတ်ပါ။
- ကော်မတီသည် လိုအပ်ပါက နစ်နာသူတင်ပြလာသည့် အချက်များနှင့် ဆက်စပ်ချက်ရှိသည့် မည်သည့်စာရွက် စာတမ်းကိုမဆို တောင်းဆိုနိုင်ပါသည်။

### aumfwDESy;avsmf&efrvbnfupbyfsm;

ကော်မတီသည် စတော့အိပ်ချိန်း၏ ရောင်းဝယ်ရေးအဖွဲ့ဝင် အဖြစ်မှ ဖယ်ရှားထားခြင်းခံရသည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ၏ ဖောက်သည်တစ်ဦးဦးမှ တင်ပြတောင်းခံလာသည့် မည်သည့်ပေးလျော်မှုကိုမှ ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ထို့အပြင် အောက်ပါအချက်များ ဖြစ်ပေါ်လာပါကလည်း အလျော်ပေးရေးအတွက် စဉ်းစားမည်မဟုတ်ပါ။

- စတော့ရှယ်ယာများရောင်းဝယ်ရေးနှင့် ပတ်သက်သည့် သဘောတူညီချက်စာချုပ်များတွင် မပါဝင်သည့် အချက် များ၊ ဥပဒေအရ ခွင့်ပြုမထားသည့်အချက်များ၊ စတော့ ရောင်းဝယ်ရေး စည်းမျဉ်းများနှင့် မသက်ဆိုင်သည့် အချက်များဖြစ်ပေါ်ခြင်း၊ ဖောက်သည်အနေနှင့် မိမိ ဘက်မှ ပေးချေရန်ရှိသည်များကို ပျက်ကွက်ခြင်း၊
- ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းရှင်းလင်းပေးချေ ရန်ရှိသည့်ရက်တွင် ပေးချေရန် ပျက်ကွက်ခြင်း၊ စတော့ များပေးချေရန် ရှိသည်များကို ပျက်ကွက်ခြင်း၊
- ပေးချေရန်ရှိသည့်အချိန်တွင် ပေးရမည့်ငွေကြေးပမာဏ အပြည့်ပေးချေမှုမပြုဘဲ ယင်းကိုယ်စား အစားထိုးတစ်ခုခု ဖြင့် ပေးချေခြင်း၊
- တစ်ပိုင်းတစ်စပေးချေရန် ကျန်သည့်ငွေကြေးများကို အချိန်မီ ပေးချေရန်ပျက်ကွက်ခြင်း၊

### azmufonftm;ay;avsmfjcif;ESifh wm;jrpfcsufqdkif;mefpepfrsm;

- သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များအနေနှင့် ဖောက်သည် တစ်ဦးမှ၏ နစ်နာမှုများနှင့် သက်ဆိုင်သည့် အချက်များ ကို နိုင်ငံအတွင်း ထုတ်ဝေနေသည့် သတင်းစာများမှာတစ် ဆင့် သုံးလအတွင်း ကြေငြာပေးသွားရမည်။
- ဖောက်သည်တစ်ဦးသည်နစ်နာမှုများရှိလာပါက အထက် ပါထုတ်ပြန်ကြေညာချက်များတွင်ပါရှိသည့် ပုံစံများတွင် ဖြည့်စွက်ကာ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များထံသို့ လျှောက်ထားရမည်ဖြစ်ပြီး အာဏာပိုင်အဖွဲ့အနေနှင့် လျှောက်ထားသူတင်ပြလာသည့် အချက် များကို စနစ် တကျ စိစစ်ကာ အလျော်ရထိုက်သည်၊ မရထိုက်သည်ကို ထုတ်ပြန်ကြေညာသွားရမည်ဖြစ်ပါသည်။

**Reference: Investment Guide Book**

# ဖိလစ်ပိုင်နိုင်ငံက ဆန်တင်သွင်းမှုအပေါ် အခွန်နှုန်းထားအား သတ်မှတ်

ဖိလစ်ပိုင်နိုင်ငံသည် ဆန်တင်သွင်းမည့်အပေါ် ကောက်ခံသည့် အခွန်နှုန်းထား ၁၅ ရာခိုင်နှုန်း သတ်မှတ်ထားရှိခြင်းကို ယခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ သက်တမ်းတိုးခြင်းကို သမ္မတ မားကို့စ်က အတည်ပြုခဲ့ကြောင်း နိုဝင်ဘာ ၉ ရက်တွင် ဖိလစ်ပိုင်သမ္မတနန်းတော်မှ ထုတ်ပြန်ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် ဇွန်လက ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ ၆၂ အရ Most Favored Nation – MFN နှုန်းထား in-quota နှင့် out-quota အတွက် ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချပေးခဲ့ခြင်းသည် ၂၀၂၅ ခုနှစ် နှစ်ကုန်အထိ ဆက်လက်ထားရှိထားပေးမည်ဖြစ်သည်။

သို့ရာတွင် ယခု ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၁၀၅ အရ ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် အခွန်နှုန်းထားကို ၁-၁-၂၀၂၆ ရက်နေ့မှစတင်၍ ကမ္ဘာ့ဆန်ဈေးနှုန်းအခြေအနေပေါ် မူတည်ပြီး ၁၅ ရာခိုင်နှုန်း မှ ၃၅ ရာခိုင်နှုန်းအတွင်း (Adjustable rate) ထားရှိသွားမည်ဖြစ်သည်။ အမိန့်ကြော်ငြာစာ ၆၂ ထုတ်ပြန်ခဲ့စဉ်ကတည်းက အခွန်နှုန်းထားအား ဈေးကွက်အခြေအနေပေါ် မူတည်ပြီး ပြန်လည်ညှိနှိုင်းသွားမည်ဖြစ်ကြောင်း ဖော်ပြထားရှိခဲ့သည်။

အမိန့်ကြော်ငြာစာ ၁၀၅ အရ ကမ္ဘာ့ဆန်ဈေးနှုန်းမြင့်တက်လျှင် သွင်းကုန်ခွန်အား လက်ရှိနှုန်းထားထက် ၅ ရာခိုင်နှုန်း ချပေးသွားမည်ဖြစ်ပြီး ကမ္ဘာ့ဆန်ဈေးနှုန်းကျဆင်းပါက သွင်းကုန်ခွန်အား လက်ရှိနှုန်းထားထက် ၅ ရာခိုင်နှုန်း မြင့်တက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ သို့သော် ဆန်တင်သွင်းမှုအတွက် MFN Rate မှာမူ in-quota နှင့် out-quota တို့အတွက် ၁၅ ရာခိုင်နှုန်းထက်မနိမ့် ၃၅ ရာခိုင်နှုန်းထက်မမြင့်စေရေး ၁၅ ရာခိုင်နှုန်း ၃၅ ရာခိုင်နှုန်းကြားသာ ထားရှိသတ်မှတ်သွားမည်ဖြစ်သည်။

၂၀-၆-၂၀၂၄ ရက်နေ့က ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၆၂ အရ ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့် သွင်းကုန်ခွန်အား ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ချပေးခဲ့ပြီး ၂၀၂၈ ခုနှစ်အထိ ထားရှိပေးမည်ဖြစ်သည်။ လေးလတစ်ကြိမ် သက်ဆိုင်ရာကြီးကြပ်နေသည့် အဖွဲ့အစည်းများမှ ဈေးကွက်အခြေအပေါ် မူတည်၍ ပြန်လည်သုံးသပ်ကာ သွင်းကုန်ခွန်နှုန်းထားအား ပြန်လည် သတ်မှတ်သွားရန် ညွှန်ကြားခဲ့သည်။

အဓိကအကြောင်းရင်းမှာ ပြည်တွင်းဆန်ဈေးနှုန်း တည်ငြိမ်/ ကျဆင်းမှုရှိစေရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ လတ်တလောတွင်လည်း ဖိလစ်ပိုင်နိုင်ငံသည် ဆန်တင်သွင်းမှုအား ယာယီရပ်ဆိုင်းထားရှိပြီး ၁-၉-၂၀၂၅ မှ ၃၁-၁၂-၂၀၂၅ ရက်နေ့အထိဖြစ်ကြောင်း၊ ထို့ပြင် အစိုးရမှ ဝယ်ယူမည့် စပါးဈေးနှုန်း (ကြမ်းခင်းဈေး) ကိုလည်း တိုးမြှင့်သတ်မှတ်ပေးခဲ့ပြီး ပြည်တွင်း တောင်သူများ၏ အရှုံးမဖြစ်ပေါ် စေရန်နှင့် ဝင်ငွေမြင့်မားစေရန် ရည်ရွယ်သည်။

သို့သော် ပြည်တွင်းဆန်စပါး တောင်သူများအုပ်စုမှ ပြောကြားချက်အရ ယခုကဲ့သို့ ဆန်အပေါ် ကောက်ခံသည့် သွင်းကုန်နှုန်းထားအား ကမ္ဘာ့ဆန်ဈေးကွက်အပေါ် မူတည်ကောက်ခံခြင်းသည် မျှတမှုရှိနိုင်မည်မဟုတ်ကြောင်းနှင့် လက်ရှိ ကမ္ဘာ့ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိနေ၍ ဖြစ်သည်။ ပြည်တွင်း ဆန်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပိုမိုသင့်တော်သည့်မူဝါဒမှာ မူလအတိုင်း သွင်းကုန်ခွန်နှုန်းထားအား ၃၅ ရာခိုင်နှုန်းသို့ ပြန်လည်ထားရှိသွား ခြင်းသာဖြစ်ကြောင်း Farmers' Group ဘက်မှလည်း အကြံပြုထောက်ပြထားမှုများ ရှိနေသည်ကို တွေ့ရှိရသည်။

**ကေသွယ်ခိုင် (စီးပွားရေးသံမှူး၊ မနီလာမြို့)**

# ဖိလစ်ပိုင်နိုင်ငံမှ အော်ဂဲနစ်စားသောက်ကုန်များအား အိန္ဒိယဈေးကွက်သို့ တင်ပို့ရန် ရည်မှန်းထား

ဖိလစ်ပိုင်နိုင်ငံသည် အော်ဂဲနစ်စားသောက်ကုန်ပစ္စည်းများကို အိန္ဒိယဈေးကွက်သို့ ချဲ့ထွင်သွားရန် ရည်မှန်းထားကြောင်းနှင့် ၂၀၂၈ ခုနှစ်တွင် အာရှနိုင်ငံများကြား တတိယအကြီးဆုံးဈေးကွက် နေရာရရှိပြီး စိုက်ပျိုးရေးကဏ္ဍကုန်သွယ်မှုအား ပိုမိုတိုးမြှင့်သွားရန်ဖြစ်သည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလက ကျင်းပခဲ့သည့် World Food India 2025 ကာလအတွင်း သီးခြားဆွေးနွေးခဲ့ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့သည်။ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များသည် ဖိလစ်ပိုင်နိုင်ငံမှ ကုန်ထုတ်လုပ်သူများနှင့် ချိတ်ဆက် နိုင်ရေး လေ့လာခဲ့ပြီး အထူးသဖြင့် အမျိုးသမီးများ ဦးဆောင်သည့် အော်ဂဲနစ် စားသောက်ကုန်လုပ်ငန်းများအတွက် ရည်ရွယ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ကိုယ်စားလှယ်အဖွဲ့သည် အိမ်မွေးတိရစ္ဆာန် စားသောက်ကုန်များ၊ အသီးအရွက်ကို အခြေခံသည့် စားသောက်ကုန်များ၊ အဖျော်ယမကာများနှင့် အထူးစီမံပြုလုပ်သည့် စားသောက်ကုန်လုပ်ငန်းများဆိုင်ရာ ဆွေးနွေးပွဲများတွင်လည်း ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည်။

ထို့ပြင်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယစားသောက်ကုန်ထုတ်လုပ်ရေးဝန်ကြီးဌာနနှင့်လည်း ဈေးကွက်ချိတ်ဆက်နိုင်ရေး၊ ကုန်သွယ်ရေးဆိုင်ရာ အဆင်ပြေလွယ်ကူချောမွေ့စေရေး၊ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ ထပ်မံ၍ စားသောက်ကုန်ထုတ်လုပ်မှုဆိုင်ရာစံသတ်မှတ်ချက် နှုန်းထားများ၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက် စီမံဆောင်ရွက်ထားမည့် အစီအစဉ်တို့နှင့် စပ်လျဉ်း၍လည်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ကျန်းမာရေးကို အခြေခံသည့် စားသောက်ကုန်များကို ရွေးချယ်စားသုံးလာကြခြင်း၊ ငှက်ပျောသီး၊ နာနတ်သီးနှင့် အုန်းသီးကဲ့သို့ ဖိလစ်ပိုင်နိုင်ငံမှ ထွက်ရှိသည့် အော်ဂဲနစ်အသီးအနှံများကို အခြေခံသည့် စားသောက်ကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်လာခြင်းတို့ကြောင့် အော်ဂဲနစ်စားသောက်ကုန်တင်ပို့မှုသည် တဖြည်းဖြည်း မြင့်တက်လာကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ အော်ဂဲနစ်စားသောက် ကုန်များတင်ပို့လျက်ရှိသည့် လက်ရှိဈေးကွက်များမှာ အီးယူ၊ အမေရိကန်နှင့် ဂျပန်တို့ဖြစ်ပြီး ထပ်မံ၍ အိန္ဒိယနိုင်ငံသို့ ဈေးကွက်ချဲ့ထွင်သွားရန် စီစဉ်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း သိရှိရသည်။

**ကေသွယ်ခိုင် (စီးပွားရေးသံမှူး-နီလာမြို့)**

# ကမ္ဘောဒီးယား ပို့ကုန် ၂၀၂၅ ခုနှစ် အောက်တိုဘာလအထိ တိုးမြင့်လာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ နိုဝင်ဘာ ၁၈ ရက်နေ့ အစီရင်ခံစာအရ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် အောက်တိုဘာလအထိ အီးယူနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သို့ ပို့ကုန်များ တိုးတက်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဇန်နဝါရီလမှ အောက်တိုဘာလ ကာလအတွင်း EU ဈေးကွက်သို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၁ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများတင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် ၁၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၈ ဘီလီဘံ တန်ဖိုးရှိ ကုန်ပစ္စည်းများ တင်ပို့ခဲ့ရာ ယခင်နှစ် အလားတူကာလထက် ၁၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

EU ဈေးကွက်သည် ၂၀၂၅ ခုနှစ် ပထမ ၁၀ လ အတွင်း ၂၅ ဒသမ ၉ ဘီလီယံတန်ဖိုးရှိသော ကမ္ဘောဒီးယားနိုင်ငံ၏ စုစုပေါင်း ပို့ကုန်ပမာဏ ၁၆ ဒသမ ၂ ရာခိုင်နှုန်း ရှိပြီး အာဆီယံဈေးကွက်တွင် ၁၈ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

ကမ္ဘောဒီးယားမှ EU သို့ အဓိကတင်ပို့သည့် ပစ္စည်းများမှာ အဝတ်အထည်၊ အထည်အလိပ်၊ ဖိနပ်၊ ခရီးဆောင်ပစ္စည်း၊ အိတ်၊ စက်ဘီး၊ ကားတာယာနှင့် အီလက်ထရွန်နစ် ပစ္စည်းအချို့အပြင် ဆန်၊ သီဟိုဠ်စေ့၊ ငှက်ပျောသီးစသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်ကြောင်း စီးပွားရေးဝန်ကြီးဌာန၏ အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ Penn Sovicheat က ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားမှ အာဆီယံသို့ အဓိကတင်ပို့သည့်ပစ္စည်းများမှာ အဝတ်အထည်၊ ဖိနပ်၊ ခရီးဆောင်ပစ္စည်း၊ အိတ်၊ ကားတာယာနှင့် အီလက်ထရွန်နစ်ပစ္စည်းနှင့် စိုက်ပျိုးရေးထွက်ကုန်များ ပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရှိရသည်။

**Source : Khmer Times**

**DOCA (ရန်ကုန်)။ ကျော်မြင့်ဦး**

# ဘင်္ဂလားဒေ့ရှ်က ကမ္ဘာ့ဒုတိယအကြီးဆုံး LNG တင်သွင်းသည့် နိုင်ငံဖြစ်လာနိုင်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သဘာဝဓာတ်ငွေ့ရည် (LNG) တင်သွင်းမှုသည် ၂၀၃၅ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံထက် သာလွန်နိုင်မည်ဖြစ်ကြောင်းနှင့် အရှေ့တောင်အာရှတွင် အိန္ဒိယနိုင်ငံပြီးနောက် ဒုတိယ အကြီးဆုံး LNG တင်သွင်းသည့်နိုင်ငံ ဖြစ်လာနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ (IEA) ၏ အကဲဖြတ်မှုများအရ သိရသည်။



ပါကစ္စတန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ၂၀၃၅ ခုနှစ်တွင် LNG 75 ဘီလီယံကုဗစ်မီတာ (bcm) ခန့်တင်သွင်းမည်ဖြစ်ပြီး ၎င်းပမာဏသည် ၂၀၂၄ ခုနှစ်တင်သွင်းမှုထက် ၆၀ ရာခိုင်နှုန်း မြင့်မားလျက်ရှိကြောင်း စည်းမျဉ်းများ၊ လမ်းညွှန်ချက်များ၊ လေ့လာမှုများနှင့်အချက်အလက်များ ထောက်ပံ့ပေးလျက်ရှိသော အစိုးရကြားအဖွဲ့အစည်း၏ အကဲဖြတ်မှုအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၃၅ ခုနှစ်တွင် LNG 42 မှ 44 bcm ခန့်တင်သွင်းမည်ဖြစ်ကြောင်းနှင့် ပါကစ္စတန်နိုင်ငံသည် ၂၀၃၅ ခုနှစ်တွင် LNG 33 မှ 36 bcm ခန့်တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံထက် LNG တင်သွင်းမှုများ မြင့်မားခဲ့သော်လည်း ၂၀၃၀ ခုနှစ်အကုန်ခန့်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်းနိုင်ငံ၏ ပြည်တွင်းဓာတ်ငွေ့သုံးစွဲမှုမြင့်မားလာခြင်းနှင့် ဓာတ်ငွေ့ပြန်လည်ဖြည့်တင်းနိုင်စွမ်းကြီးမားလာခြင်းတို့ကြောင့် LNG တင်သွင်းမှုများသည် ပါကစ္စတန်နိုင်ငံထက် ကျော်လွန်နိုင်ကြောင်း IEA ၏ အကဲဖြတ်မှုများအရ သိရပါသည်။

ယခုနှစ်များအတွင်း အိန္ဒိယနိုင်ငံတွင် LNG တင်သွင်းမှုများသည် စက်မှုလုပ်ငန်းများအတွင်း ဝယ်လိုအားများမြင့်တက်လာခြင်းနှင့် ဝယ်ယူမှုအဆင်ပြေမှုများကြောင့် မြင့်တက်လျက်ရှိကြောင်း သိရသည်။ ၂၀၃၅ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် LNG တင်သွင်းမှုကို 35 bcm မှ 50 bcm ခန့် တိုးချဲ့တင်သွင်းမည်ဖြစ်ကြောင်း IEA ၏ အကဲဖြတ်မှုများအရ သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် စွမ်းအင်ထုတ်လုပ်ရေးနှင့် စက်မှုလုပ်ငန်းများအတွက် LNG ကို မှီခိုသုံးစွဲလျက်ရှိသည်။

ပြည်တွင်းဓာတ်ငွေ့ ထုတ်လုပ်လျက်ရှိသော ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အတွက် LNG သည် ပြည်တွင်းဓာတ်ငွေ့ ထုတ်လုပ်မှု ကျဆင်းခြင်းအတွက် ပြည်လည်ဖြည့်တင်းသုံးစွဲရန် အရေးပါကြောင်း သိရသည်။

သတင်းထောက်များ၏ ပြောကြားချက်များရ အာရှသည် ပြည်တွင်းဓာတ်ငွေ့ထုတ်လုပ်မှု လျော့နည်းလာမှုများအကြားတွင် ကမ္ဘာ့ LNG ဝယ်လိုအား ကြီးထွားလာမှုအတွက် အဓိက မောင်းနှင်တံအဖြစ် ရှိလာနိုင်ပြီး ၂၀၃၅ ခုနှစ်တွင် LNG တင်သွင်းမှုများ ၇၅ ရာခိုင်နှုန်းခန့် ရှိလာနိုင်ကြောင်း သိရသည်။

**Source: The Daily Star, DOCA (ရန်ကုန်)၊ ညီမင်းထက်**

# အိန္ဒိယနှင့် အာဖဂန်နစ္စတန်တို့ လေကြောင်းကုန်စည်ဝန်ဆောင်မှု ပြုလုပ်မည်

အိန္ဒိယနိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့အကြား လေကြောင်းကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုများကို မကြာမီ စတင်တော့မည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်ဘက်မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားသည်ကို ကိုးကားပြီး India Today သတင်းဌာနက နိုဝင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြထားခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီနှင့် အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်၊ ကဘူးလ်-အမ်ရစ်ဆာ လမ်းကြောင်းများရှိကုန်စည်ပို့ဆောင်ရေးစကြီကို စတင်ဆောင်ရွက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါကဏ္ဍများတွင် ကုန်တင်လေယာဉ်ခရီးစဉ်များကို မကြာမီ စတင်တော့မည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံဘက်က စတင်ကြေညာခဲ့ခြင်းဖြစ်သည်ဟု သတင်းတွင် ဆက်လက်ဖော်ပြထားသည်။



အိန္ဒိယနိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့အကြား လေကြောင်းကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုများက နှစ်နိုင်ငံ ပို့ဆောင်ရေးကဏ္ဍကို သိသိသာသာ မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး မိမိတို့၏ ကုန်သွယ်ရေးနှင့် စီးပွားရေး ဆက်ဆံမှုများကို ပိုမိုအားကောင်းစေလိမ့်မည်ဟု အာဖဂန်နစ္စတန်နိုင်ငံအစိုးရပိုင်းမှ တာဝန်ရှိသူများက ယုံကြည်ထားကြသည်။

ကဘူးလ်နှင့် အစ္စလာမ္မာဘတ်အကြား တင်းမာမှုများ ဆက်လက်ဖြစ်ပွားနေချိန်တွင် အာဖဂန်နစ္စတန် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မှုမြှင့်တင်ရေး အပါအဝင် ကုန်သွယ်ရေး ဆက်ဆံမှုကိုပါတိုးချဲ့ရန် ရည်ရွယ်ချက်ဖြင့် အာဖဂန်နစ္စတန်နိုင်ငံမှ အစိုးရ ထိပ်တန်းတာဝန်ရှိသူများ အိန္ဒိယနိုင်ငံသို့ ငါးရက်ကြာခရီးစဉ် သွားရောက်ခဲ့သည်။

အစိုးရချင်း ဆွေးနွေးမှုများတွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ တိုးချဲ့ခြင်း၊ အိန္ဒိယနိုင်ငံသို့ စိုက်ပျိုးရေးပို့ကုန်များ တင်ပို့ခြင်း၊ အိန္ဒိယနိုင်ငံမှ ဆေးဝါးများ၊ စက်ယန္တရားများနှင့် အထည်အလိပ်များတင်ပို့မှု တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source; India Today**




## BYD က အစ္စရေးနိုင်ငံတွင် Hybrid ကားသစ် မိတ်ဆက်ပြသ

တရုတ်နိုင်ငံမှ ကမ္ဘာကျော် လျှပ်စစ်မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီတစ်ခု ဖြစ်သည့် BYD က pl ugin hybrid လျှပ်စစ်ကားသစ် (PHEV) ကို နိုဝင်ဘာ ၂၆ ရက်က အစ္စရေးနိုင်ငံတွင် စတင် မိတ်ဆက်ပြသလိုက်ကြောင်း သိရသည်။

နိုဝင်ဘာ ၂၆ ရက်က အစ္စရေးနိုင်ငံ အလယ်ပိုင်းရှိ Rishon LeZion မြို့၌ မော်တော်ကား မိတ်ဆက်ပွဲတစ်ခု ပြုလုပ်ခဲ့ရာ ယင်းပြပွဲတွင် plug-in hybrid လျှပ်စစ်ကားသစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း BYD ကုမ္ပဏီ၏ အစ္စရေး အရောင်းကိုယ်စားလှယ် Shlomo Motors က ထုတ်ပြန်ကြေညာခဲ့သည်။

အစ္စရေးနိုင်ငံတွင် မိတ်ဆက်ပြသခဲ့သည့် BYD Atto 2 DM-I မော်ဒယ်ကို တရုတ်နိုင်ငံတွင် Yuan Up DM-I အဖြစ် လူသိများပြီး ယင်းမှာ subcompact crossover SUV ကားအမျိုးအစား ဖြစ်ကြောင်း သိရသည်။ BYD Atto 2 DM-I မော်ဒယ်ကို လျှပ်စစ်မော်တာတစ်ခု၊ ၁၈ ကီလိုဝပ်နာရီ ဘက်ထရီတစ်ခုတို့နှင့်အတူ ပေါင်းစပ်ထားသော ၁ ဒသမ ၅ လီတာ ဓာတ်ဆီအင်ဂျင်တစ်ခုဖြင့် လည်ပတ်မောင်းနှင်ခြင်းဖြစ်ပြီး လျှပ်စစ်စွမ်းအင် သီးသန့်သုံးမည်ဆိုပါက အကွာအဝေး ကီလိုမီတာ ၉၀ အထိ မောင်းနှင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ပေါင်းစပ်စွမ်းအင်သုံးမည်ဆိုပါက အကွာအဝေး ကီလိုမီတာ ၁၀၀၀ ခန့်အထိ မောင်းနှင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

BYD Atto 2 DM-I မော်ဒယ်သည် အစ္စရေးနိုင်ငံတွင် BYD မှ မိတ်ဆက်ရောင်းချခဲ့သော စတုတ္ထမြောက် plug-in hybrid ကားအမျိုးအစားဖြစ်သည်။ BYD မော်တော်ကားကုမ္ပဏီသည် ယခု ၂၀၂၅ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း အစ္စရေးနိုင်ငံတွင် ကားအစီးရေ ၁၂၁၆၀ စီး ရောင်းချနိုင်ခဲ့ပြီး ဓာတ်ဆီ၊ hybrid နှင့် လျှပ်စစ်ကားများပါဝင်ကာ ၎င်း၏ ရောင်းအားမှာ အဆင့်(၆) နေရာတွင်ရှိနေသည်ဟုဆိုသည်။

**Source; Xinhua**

## ဆန်းသစ်တီထွင်မှုများဖြင့် အာဆီယံဒေသ အနာဂတ်အား ဦးဆောင်ရန် မလေးရှား တိုက်တွန်း

အာဆီယံဒေသတွင်း နိုင်ငံများသည် သိပ္ပံနည်းပညာ ဆန်းသစ်တီထွင်မှုများဖြင့် အနာဂတ်ကို ဦးဆောင်ကြရန် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ စွမ်းအင်ကူးပြောင်းမှုနှင့် ရေအသွင်ပြောင်းမှု ဝန်ကြီး Fadillah Yusof က နိုဝင်ဘာ ၂၅ ရက်တွင် ပြောဆိုလိုက်ကြောင်း နိုဝင်ဘာ ၂၇ ရက် ဆင်ဟွာသတင်းဌာန၏ ရေးသားဖော်ပြချက်အရ သိရသည်။

အာဆီယံသည် အနာဂတ်ကို အဆုံးအဖြတ်ပေးနိုင်သည့် အချက်အချာကျသော ၁၀ နှစ်အတွင်းသို့ ဝင်ရောက်လျက်ရှိကြောင်း၊ ဒေသတွင်းနိုင်ငံများအနေဖြင့် သိပ္ပံနည်းပညာ ဆန်းသစ်တီထွင်မှုဖြင့် ကြံ့ကြံ့ခံနိုင်ရည်ရှိမှုကို မြှင့်တင်ကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးရန်မှာ များစွာလိုအပ်မည်ဖြစ်ကြောင်း ၎င်းက ပြောဆိုခဲ့သည်ဟု သတင်းတွင် ဖော်ပြထားသည်။



မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ စွမ်းအင်ကူးပြောင်းမှုနှင့် ရေအသွင်ပြောင်းမှု ဝန်ကြီး Fadillah Yusof သည် နိုဝင်ဘာ ၂၅ ရက်က ကျင်းပပြီးစီးခဲ့သည့် အာဆီယံ သိပ္ပံနည်းပညာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်း သိပ္ပံနည်းပညာများ လျင်မြန်စွာ ထိုးဖောက်မှု၊ စီးပွားရေးဖွဲ့စည်းပုံ နက်ရှိုင်းစွာ ပြင်ဆင်ထိန်းညှိမှုများ လက်ရှိအချိန်တွင် ဖြစ်ပေါ်လျက်ရှိရာ စည်းလုံးညီညွတ်စွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆန်းသစ်တီထွင်မှုရလဒ်များအား အတူတကွမျှဝေခြင်းသည် အာဆီယံဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးသည့် မဖြစ်မနေ လိုအပ်ချက်ဖြစ်ကြောင်း Fadillah Yusof က ပြောသည်။

အာဆီယံ ဒေသတွင်း နိုင်ငံများအနေဖြင့် မဟာဗျူဟာမြောက် သိပ္ပံသုတေသနလုပ်ငန်း၌ ရင်းနှီးထည့်ဝင်မှုကို တစ်ဆင့်တိုးမြှင့်တင်ကာ အချက်အချာနည်းပညာ၏ သုတေသနဖော်ဆောင်မှုနှင့် စီးပွားဖြစ် အသုံးပြုမှုအား အရှိန်မြှင့်တွန်းအားပေးပြီး ကမ္ဘာတစ်ဝန်းရှိ သိပ္ပံသုတေသနအဖွဲ့အစည်းများနှင့် အဆင့်မြင့်လူရည်ချွန်များ အာဆီယံသို့ လာရောက်ခြင်းအား ဆွဲဆောင်ရန်လည်း ၎င်းက တိုက်တွန်းထားသည်။

၂၀၂၅ ခုနှစ် အာဆီယံ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ထိပ်သီးအစည်းအဝေးသည် ရှေ့ပြေးသိပ္ပံနည်းပညာ၊ ကုန်ထုတ်လုပ်ငန်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုနှင့် နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများကို အာရုံစိုက်ထားပြီး အာရှနှင့် တစ်ကမ္ဘာလုံး သိပ္ပံနည်းပညာဂေဟ ဖလှယ်မှု ပလက်ဖောင်းအား တည်ဆောက်ပေးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။ ယင်း ၂၀၂၅ ခုနှစ် အာဆီယံ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ထိပ်သီးအစည်းအဝေးသို့ တရုတ်၊ ကနေဒါ၊ ဩစတြေးလျနှင့် အာဆီယံနိုင်ငံ နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**Source; Xinhua**

စိုင်းဗညား - စုစည်းသည်

GEO CHEM

# Geochem South East Asia Ltd



Add : No.59/61, 5th Floors, 44th Street, Botahtaung Township, Yangon.

Ph : 09 5003759

AMP

**Aung Myat Phyo Int'l Co., Ltd.**
**Main Business Lines**
**Since 1999**






- Fish Meal Powder 500-Ton Processing and Production Factory
- Shrimp and Crab Shell Powder Production

Located at Pahtaw Pahtet Island, Kyun Su, Myeik

Proud fishmeal brand named "Fish Brand" has been a well recognized brand internationally

**Block Ice 300-Ton Processing Plant**
Located at Pahtaw Pahtet Island, Kyun Su, Myeik







- **Marine Dry and Slipway Dockyard Services**

Repair and Maintenance services of Marine Vessels

Located at Pahtaw Pahtet Island, Kyun Su, Myeik, Tanintharyi





- Commerical Fishing
- Fishing Vessels / Trawlers
- Reefer Vessels

**Address : No 15, 11 St, Lanmadaw Tsp,Yangon, Myanmar**
**Phone : 95-1-2300460, 476**
**Email: enquiry@ppt.com.mm**

Sein

မြန်မာကြိုက် မြန်မာ့အရသာ

မြန်မာ့ရိုးရာ ငရုတ်ဆီ




Manufactured By DELOUS

No. 1101, 1102 , 1103, Shwe Taung Kyar Street. 63 Quarter, Industrial Zone -2
Dagon Myothit (South ) Township, Yangon Region. Myanmar . 11431 .
( Hot line ) : 09 883493884 , (YGN) Ph : 09 977899668 , 09 977899669




**Dlac** - lactulose 3.35 g / 5ml Oral Solution (100ml)

**Varogel** - Antacid Suspension (10ml)

**OMG-3** - Omega-3 Soft Gelatin Capsule

**Micoderm Gel** - Miconazole 5% Gel (15g)



## HEYDAY ENERGY TRADING CO.,LTD.


**Address** : 32-D Yeik Thar Street, 6 ½ Mile, Pyay Road, Hlaing Township, Yangon, Myanmar.
**Phone No.** : 09 777004226, 09 777004228, 09 77704249
**Gmail** : heydayenergy@gmail.com




## HEYDAY AGRICULTURAL TRADING CO.,LTD.

**Address** : 32-D Yeik Thar Street, 6 ½ Mile, Pyay Road, Hlaing Township, Yangon, Myanmar.
**Phone No.** : 09 798696969, 09 777004226, 09 77704249
**Gmail** : heydayagricultural@gmail.com

**To be integrated player in trading sector offering world class products and services in myanmar.**



AION



A Smarter Companion

GO GREEN GO
AION ES

SHOWROOM

No. 108 / 110, Dhammazedi Road,
West Shwegonedaing Ward, Bahan Tsp, Yangon.

CONTACT

09-409 792 288,
09-409 792 299

SERVICE CENTER

No.39, Shwe Than Lwin Industry Zone,
Hlaing Thar Yar Tsp, Yangon.

8 YEARS
200,000 km | WARRANTY

AI ON THE ROAD

# GT Green Tech

Green Tech

Green Tech ထုတ်ကုန်များ ဝယ်ယူပြီး သက်ဆိုင်ရာထုတ်ကုန်များ၏ သတ်မှတ်ထားသော Parts Warranty ကာလများအတွင်း
ဘယ်လိုပဲပျက်ပျက်၊ ဘာကြောင့်ပဲပျက်ပျက်၊ ခြွင်းချက်မရှိ ချက်ချင်း လဲလှယ်ပေးပါမည်။

## Keyboard, Mouse, Laptop Backpack and Bag

### *Mechanical Gaming Keyboard, Gaming Keyboard, & Mouse*



### *Laptop Backpack and Laptop Bag*



## Mobile Accessories, UPS And Surge Protector

### *Mobile Accessories*



### *UPS*

*(Uninterruptible Power Supply)*



### *Surge Protector*

